# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**အကျိုးစီးပွားဖြစ်ထွန်းနိုင်**

မိမိရရှိထားသော ဥစ္စာပစ္စည်းတို့သည် လည်းကောင်း၊ သဒ္ဓါတရားတို့သည် လည်းကောင်း ပိုင်ဆိုင်ထားရုံ၊ မိမိနှင့် အတူရှိရုံမျှနှင့် အကျိုးမရှိချေ။ ယင်းတို့ကို အသုံးပြု၍ ကုသိုလ်ကောင်းမှု အမျိုးမျိုးကို ပြုလုပ်နိုင်ခြင်းသည်သာလျှင် အကျိုးစီးပွားဖြစ်ထွန်းနိုင်၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၃)


၁၃၈၀ ပြည့်နှစ်၊ တပို့တွဲလဆန်း ၁၃ ရက် | ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီ ၁၇ ရက်၊ တနင်္ဂနွေနေ့ | အတွဲ (၅၈)၊ အမှတ် (၁၄၀)


# မြန်မာနိုင်ငံ ကုန်သွယ်ရေကြောင်းကောလိပ် အရာရှိလောင်း ဒီပလိုမာသင်တန်းဆင်းပွဲ အခမ်းအနားကျင်းပ

## ရေကြောင်းအရာရှိလောင်း ၅၆ ဦးနှင့် ရေကြောင်းအင်ဂျင်နီယာအရာရှိလောင်း ၅၀ တို့ သင်တန်းတက်ရောက်အောင်မြင်



**နေပြည်တော် ဖေဖော်ဝါရီ ၁၆**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာနိုင်ငံ ကုန်သွယ်ရေကြောင်းကောလိပ် ကုန်သွယ်ရေကြောင်း အရာရှိလောင်း ဒီပလိုမာသင်တန်းအမှတ်စဉ်(၁၁) သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့နံနက် ၇ နာရီခွဲက ရန်ကုန်မြို့ရှိ အဆိုပါကောလိပ်စစ်ရေးပြကွင်း၌ ကျင်းပသည်။

သင်တန်းဆင်းပွဲ၌ ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်က စံပြအရာရှိလောင်း(ရေကြောင်း)နှင့် စာပေထူးချွန်(ရေကြောင်း) ဆုရအရာရှိလောင်း အောင်ချစ်ကို၊ စံပြအရာရှိလောင်း (အင်ဂျင်နီယာ)ဆုနှင့် စာပေထူးချွန်(အင်ဂျင်နီယာ)ဆုရ အရာရှိလောင်း မင်းခန့်ထွန်းနှင့် အကောင်းဆုံးစစ်ရေးပြဆုရ မိဂသီတပ်ခွဲ တို့အား ဆုများပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက သင်တန်းဆင်းမိန့်ခွန်း ပြောကြားပြီး အရာရှိလောင်း တပ်ခွဲများက စစ်ကြောင်းပုံပြ ချီတက်အလေးပြုကြသည်။

ကုန်သွယ်ရေကြောင်း ဒီပလိုမာသင်တန်းအမှတ်စဉ်(၁၁) ၌ ဒီပလိုမာလက်မှတ်ရ ရေကြောင်းအရာရှိလောင်း ၅၆ ဦးနှင့် ရေကြောင်းအင်ဂျင်နီယာအရာရှိလောင်း ၅၀ တို့ သင်တန်း တက်ရောက်အောင်မြင်ပြီး သင်တန်းများ စတင်ဖွင့်လှစ်ခဲ့သည့် ၁၉၆၃ ခုနှစ်မှ ယနေ့အချိန်အထိ ရေကြောင်းအရာရှိလောင်း ၂၇၁၆ ဦးနှင့် ရေကြောင်းအင်ဂျင်နီယာအရာရှိလောင်း ၂၆၆၅ ဦးအား လေ့ကျင့်သင်ကြားပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

**ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင် မြန်မာနိုင်ငံ ကုန်သွယ်ရေကြောင်းကောလိပ် ကုန်သွယ်ရေကြောင်း အရာရှိလောင်း ဒီပလိုမာသင်တန်းအမှတ်စဉ်(၁၁) သင်တန်းဆင်းပွဲတွင် ဆုရရှိသူတစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။** သတင်းစဉ်

**စုပေါင်းနွဲပျော် တပို့တွဲလရာသီ ထမနဲပွဲတော်** စာ ၁ » ၆

**ကုန်သွယ်ရေးညှိနှိုင်းမှု တိုးတက်ကောင်းမွန်လာသည့်အတွက် အမေရိကန်သမ္မတ ချီးကျူး** စာ ၁ » ၁၄

# ချောင်းသာကမ်းခြေ၌ ပွင့်လင်းရာသီတွင် လာရောက်အပန်းဖြေသူများဖြင့် စည်ကားလျက်ရှိ

**ချောင်းသာ ဖေဖော်ဝါရီ ၁၆**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင်အတွင်းရှိ ချောင်းသာကမ်းခြေတွင် ပွင့်လင်းရာသီကာလအတွင်း ပြည်တွင်းပြည်ပ ခရီးသွားဧည့်သည် လာရောက်အပန်းဖြေသူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

ဧရာဝတီတိုင်းဒေသကြီးအတွင်း ချောင်းသာကမ်းခြေသည် ထူးခြားသော ကမ်းခြေတစ်ခုဖြစ်ပြီး ပြည်သူများ အနေဖြင့် ဆောင်းရာသီ၊ နွေရာသီ ကာလတွင် လာရောက်အပန်းဖြေမှုများဖြင့် စည်ကားသောနေရာတစ်ခုဖြစ်ကာ

*စာမျက်နှာ ၃ ကော်လံ ၁* ✤



ချောင်းသာကမ်းခြေတွင် လာရောက်အပန်းဖြေသူများဖြင့် စည်ကားလျက်ရှိစဉ်။




မြန်မာ့အလင်း

# စုပေါင်းအင်အားဖြင့် နိုင်ငံအောင်မြင်ရေးကြိုးပမ်း

နိုင်ငံတစ်နိုင်ငံရှိ ပြည်သူများ၏အရေးကိစ္စများအတွက် အားလုံးတွင် တာဝန်ရှိပါသည်ဟု ဆိုသော်လည်း ဒီမိုကရေစီစနစ်တွင် ပြည်သူလူထုက ရွေးချယ်တင်မြှောက်ထားသော အစိုးရတွင်မူ အဓိကတာဝန်ရှိပေသည်။ ပြည်သူ့အစိုးရသည် ပြည်သူလူထု၏အကျိုးစီးပွားကို အလေးထားဖော်ဆောင်ပေးရန် တာဝန်ရှိသည်နှင့်အညီ တာဝန်ယူသည့်ကာလအတွင်း အားကြိုးမာန်တက် ဆောင်ရွက်ပေးနေသည်ကို တွေ့ရသည်။

ပြည်သူ့အစိုးရအနေဖြင့် သုံးနှစ်တာကာလအတွင်း နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူ့အကျိုးစီးပွားများ မှန်မှန်ကန်ကန်၊ ထိထိရောက်ရောက် ဆောင်ရွက်ပေးနိုင်ရေးအတွက် နိုင်ငံတော်သမ္မတနှင့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်တို့သည် တိုင်းဒေသကြီး၊ ပြည်နယ်များသို့ မကြာခဏသွားရောက်ပြီး အစိုးရတာဝန်ရှိသူများနှင့် ပြည်သူလူထုတို့ကို တွေ့ဆုံကာ ဆွေးနွေးညှိနှိုင်း တည့်မတ်ဖြည့်ဆည်း ဆောင်ရွက်ပေးလျက်ရှိသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ဖေဖော်ဝါရီလ ၁၅ ရက်နေ့က ကော့သောင်းခရိုင်နှင့် ထားဝယ်ခရိုင်အတွင်းရှိ ဒေသခံပြည်သူများနှင့်တွေ့ဆုံစဉ် "ပြင်ပစိန်ခေါ်မှုတွေကို ကျော်လွှားဖို့ ကျွန်မတို့ရဲ့ ညီညွတ်ရေးကိုလည်း ပိုမိုပြီးတော့ ခိုင်ခိုင်မာမာတည်ဆောက်စေချင်တယ်။ ပြည်တွင်းစိန်ခေါ်မှုတွေနဲ့ပတ်သက်လို့ တိုင်း၊ ပြည်နယ်အစိုးရတွေက ပိုမိုပြီးတော့ လုပ်ဖို့လိုတယ်။ ကြိုးစားဖို့လိုတယ်။ ပြည်သူလူထုနဲ့ ထိတွေ့ဖို့လိုတယ်ဆိုတာကို ကျွန်မ ကော့သောင်းကနေပြီး တစ်တိုင်းပြည်လုံးကို သတင်းစကားပါးလိုက်ချင်ပါတယ်"ဟု အသိပေးခဲ့သည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ယခုရက်ပိုင်းများအတွင်း မြန်မာနိုင်ငံ၏ မြောက်ဖျား၊ အရှေ့ဖျား၊ တောင်ဖျား တိုင်အောင် ဒေသအနှံ့အပြားသို့ မမောနိုင် မပန်းနိုင် သွားရောက်ခဲ့ပြီး နိုင်ငံအကျိုး၊ ပြည်သူအကျိုးများအား အလေးထားဆွေးနွေး ဆောင်ရွက်ပေးနေသည်ကို တွေ့ရသည်။ ထိုသို့တွေ့ဆုံရာတွင် ဒေသဆိုင်ရာအစိုးရတာဝန်ရှိသူများ၊ လုပ်ငန်းရှင်များ၊ ပြည်သူများအားတွေ့ဆုံခဲ့ပြီး ဒေသဆိုင်ရာ အစိုးရအဖွဲ့ဝင်များ လုပ်ဆောင်ရမည့်တာဝန်၊ ဒေသခံပြည်သူများ ခံယူရမည့်သဘောထားများကို ပွင့်ပွင့်လင်းလင်း ရှင်းလင်းပြောကြားခဲ့သည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် သွားရောက်ခဲ့သည့် ခရီးစဉ်အတွင်း ပြည်သူများသိလိုသည်တို့ကို ရှင်းလင်းစွာ အသိပေးပြောကြားခဲ့သည်။ မြန်မာနိုင်ငံမြောက်ဖျား၊ အရှေ့ဖျားဒေသများမှာ သုံးနှစ်အတွင်း သိသိသာသာ တိုးတက်ခဲ့ပြီး ပြည်သူလူထု ကျေနပ်မှုအနည်းဆုံးဒေသမှာ တနင်္သာရီတိုင်းဒေသကြီးဖြစ်ကြောင်း မှတ်ချက်ပြု သတိပေးပြောကြားခဲ့သည်။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်အနေဖြင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရများကိုရော၊ ပြည်သူများကိုပါ အပြုသဘောဆောင်ပြီး အကောင်းမြင်စိတ်ထားဖြင့် ထိတွေ့ဆက်ဆံဆွေးနွေးပြောကြားခဲ့သည်။

ပြည်သူများအနေဖြင့် မိမိတို့ရွေးချယ်တင်မြှောက်ထားသော အစိုးရဖြစ်၍ အရေးကိစ္စများတွင် အစိုးရ၌ တာဝန်ရှိသလို မိမိတို့သည်လည်း တာဝန်မကင်းသည်ဖြစ်ရာ ထိန်းသိမ်းသင့်သည်တို့ကို ထိန်းသိမ်း၊ တည့်မတ်သင့်သည်တို့ကို တည့်မတ်၊ ပြုပြင်သင့်သည်တို့ကို ပြုပြင်၊ တောင်းဆိုသင့်သည်တို့ကို တောင်းဆိုကြရမည်ဖြစ်သည်။ သို့သော် တစ်ဖက်သတ်အမြင်ဖြင့် မဆောင်ရွက်သင့်ဘဲ မျှမျှတတ ဆောင်ရွက်ရမည်ဖြစ်ရာ ပြည်သူတိုင်းအနေဖြင့် အမြင်ကျယ်ကျယ်ဖြင့် ရှုမြင်သုံးသပ်ကြရမည်ဖြစ်သည်။ သို့မှသာ ဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံ ဖြစ်လာပေလိမ့်မည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များကိုရော၊ ပြည်သူများကိုပါ နိုင်ငံတိုးတက်ရေးအတွက် ထားရှိရမည့်သဘောထားများနှင့် ကျင့်ကြံလုပ်ဆောင်ရမည်တို့ကို ကျယ်ကျယ်ပြန့်ပြန့် အသိပေးပြောကြားခဲ့ပြီးဖြစ်ရာ ဒေသဆိုင်ရာအစိုးရအဖွဲ့ဝင်များ၊ တာဝန်ရှိသူများက ပြည်သူများနှင့် နီးနီးကပ်ကပ် ထိတွေ့ဆက်ဆံကာ ပွင့်လင်းမြင်သာစွာ ဆောင်ရွက်ကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ ရှေ့အဖို့တွင် ပြည်သူလူထုက ရွေးချယ်တင်မြှောက်ပေးထားသော တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရများအနေဖြင့် နိုင်ငံတော်သမ္မတနှင့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်တို့၏ လမ်းညွှန်မှာကြားထားချက်များအတိုင်း ပိုမိုတိုးတက်ကောင်းမွန်အောင် ကြိုးပမ်းဆောင်ရွက်ကြပြီး ပြည်သူများအနေဖြင့် အပြုသဘောဆောင်၊ အကောင်းမြင်စိတ်ထားများဖြင့် မိမိတို့ဒေသ ကောင်းရာကောင်းကြောင်းများကို ပိုမိုလက်တွဲဆောင်ရွက်နိုင်လိမ့်မည်ဟု ယုံကြည်ပါကြောင်း။ ။

## (၇၁)နှစ်မြောက် ချင်းအမျိုးသားနေ့ ဟားခါးမြို့၌ စည်ကားသိုက်မြိုက်စွာကျင်းပမည်

**ဟားခါး ဖေဖော်ဝါရီ ၁၆**

ယခုနှစ် ဖေဖော်ဝါရီ ၂၀ ရက်တွင် ကျရောက်မည့် (၇၁)နှစ်မြောက် ချင်းအမျိုးသားနေ့ကို ချင်းပြည်နယ်အစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် ချင်းပြည်နယ်မြို့တော် ဟားခါးမြို့ ဦးဝမ္မသူးမောင် အားကစားကွင်း၌ စည်ကားသိုက်မြိုက်စွာကျင်းပမည် ဖြစ်သည်။

အဆိုပါပွဲတော်အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေး ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ပြည်နယ်အစိုးရအဖွဲ့ အစည်းအဝေးခန်းမ၌ ဇန်နဝါရီလဆန်းပိုင်းက ကျင်းပခဲ့ပြီး ယခုနှစ် ပြည်နယ်အဆင့်ကျင်းပမည့် ချင်းအမျိုးသားနေ့ကို ဟားခါးမြို့တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပရန် ရွေးချယ်ခဲ့ကြောင်း ချင်းအမျိုးသားနေ့ကျင်းပရေးကော်မတီထံမှ သိရသည်။

ချင်းတိုင်းရင်းသားတို့၏ အမျိုးသားလက္ခဏာတစ်ရပ်အဖြစ်ကျင်းပမည့် ချင်းအမျိုးသားနေ့တွင် ရှေးအစဉ်အဆက်နေထိုင်လာခဲ့ကြသော ချင်းလူမျိုးတို့၏ အဆင့်ဆင့်ပြောင်းလဲလာခဲ့သည့် လူနေမှုဘဝ၊ ရိုးရာဝတ်စားဆင်ယင်မှုများကို ပြည်နယ်ဝန်ကြီးဌာနဆိုင်ရာအသီးသီးက ပြခန်းများပြုလုပ်၍ ခင်းကျင်းပြသခြင်း၊ ရိုးရာအသုံးအဆောင်ပစ္စည်းများပြသခြင်း၊ ရိုးရာဓလေ့ဖြစ်သော ခွမ်ကြွပွဲနှင့် အထွတ်အမြတ် ဘွေ့တိုင်စိုက်ထူပွဲအပါအဝင် ချင်းတိုင်းရင်းသားမျိုးနွယ်စုများ၏ မတူညီသော ရိုးရာယဉ်ကျေးမှုအကပဒေသာများ၊ ရိုးရာတေးသရုပ်ဖော်အကနှင့် ညပိုင်းတွင် စင်တင်တေးဂီတအဖွဲ့နှင့်အတူ ချင်းတိုင်းရင်းသား အဆိုတော် နီလဲန်ပါရ်မွေး၊ အာထန်းနှင့် ဟားခါးမြို့မှ တေးသံရှင်များမှ ခေတ်ပေါ်တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေတင်ဆက်မှုများ၊ ရိုးရာစားသောက်ဆိုင်များ၊ ရိုးရာအဝတ်အထည်နှင့် ဈေးအရောင်းဆိုင်များ၊ ရိုးရာနပန်းပြိုင်ပွဲနှင့် အခြားအားကစားပြိုင်ပွဲစသည့် ပျော်ပွဲရွှင်ပွဲများ ထည့်သွင်းစီစဉ်ထားကြောင်း သိရသည်။

ချင်းအမျိုးသားနေ့ကို ၁၉၄၈ ခုနှစ်တွင် ဖလမ်းမြို့၌ ပထမဆုံးစတင်ပြုလုပ်ခဲ့သော ချင်း အမျိုးသားညီလာခံကိုအစွဲပြု၍ ချင်းအမျိုးသားနေ့ဖြစ်ပေါ်လာခြင်းဖြစ်ပြီး ၂၀၁၃ ခုနှစ် (၆၅) နှစ်မြောက်မှစတင်ကာ ပြည်နယ်အစိုးရအဖွဲ့ ကိုယ်တိုင်ဦးစီး၍ ဖလမ်း၊ ဟားခါးနှင့် မင်းတပ်မြို့တို့၌ ကျင်းပခဲ့ရာ လာမည့် ၂၀၂၀ ပြည့်နှစ်တွင် ပလက်ဝမြို့၌ ပြည်နယ်အဆင့် ချင်းအမျိုးသားနေ့ကို ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**နေစု(ချင်းရိုးမ)**

## ဆောင်းခိုငှက်များသတ်ဖြတ်မှုပပျောက်စေရန် တောင်သမန်အင်းအနီးရှိ ကျေးရွာများတွင် အသိပညာပေး

**မန္တလေး ဖေဖော်ဝါရီ ၁၆**

ဆောင်းခိုငှက်များအား ဓာတုအဆိပ်သုံးကာ သတ်ဖြတ်မှုပပျောက်စေရန် တောင်သမန်အင်းအနီးရှိ ကျေးရွာများတွင် အသိပညာပေးမှုများကို လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သားငှက်တိရစ္ဆာန်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ (WCS) မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

လက်ရှိအချိန်တွင် မြန်မာနိုင်ငံအတွင်းသို့ ပြည်ပနိုင်ငံများမှ ဆောင်းခိုငှက်များ လာရောက်ကျက်စားလျက်ရှိရာ ငှက်မုဆိုးများက ငှက်များ၏ စားသောက်မှုပုံစံအပေါ်မူတည်၍ ဆေးချဖမ်းဆီးမှုများကို ပြုလုပ်ကြသည့်အတွက် အသိပညာပေးမှုများကို လုပ်ဆောင်သွားမည်ဖြစ်ပြီး နောက်ပိုင်းတွင် အရေးယူမှုများကို လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

"ပလိပ်အင်းအတွင်းမှာ အကောင်ရေအနည်းငယ်သာရှိတော့တဲ့ ရှားပါးငှက်မျိုးစိတ်တွေကို ငှက်မုဆိုးတွေက potassium cyanide သုံးပြီး သတ်ဖြတ်တာတွေရှိလို့ သက်ဆိုင်ရာပူးပေါင်းအဖွဲ့တွေနဲ့ အသိပညာပေးလုပ်ငန်းတွေကို ဖေဖော်ဝါရီလ ပထမပတ်အတွင်း စတင်လုပ်ဆောင်နေပါတယ်။ အလားတူ တောင်သမန်အင်း အနီးဝန်းကျင်က ကျေးရွာတွေမှာလည်း သက်ဆိုင်ရာသစ်တောဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နဲ့ ငှက်ချစ်သူများ အသင်း၊ သားငှက်တိရစ္ဆာန် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့တွေ ပါဝင်တဲ့ ပူးပေါင်းအဖွဲ့နဲ့ အသိပညာပေးလုပ်ငန်းတွေ လုပ်ဆောင်သွားဖို့ အစီအစဉ်ရှိပါတယ်" ဟု ၎င်းက ပြောသည်။

ပြည်ပနိုင်ငံများမှ ဆောင်းခိုငှက်များသည် မြန်မာနိုင်ငံအတွင်းသို့ နှစ်စဉ်လာရောက်ဆောင်းခိုကြပြီး မန္တလေးမြို့ရှိ အင်းများအတွင်းသို့ပါ လာရောက်ကျက်စားနေထိုင်လျက်ရှိကာ အကောင်ရေအများဆုံးလာရောက် နေထိုင်ကျက်စားသည့်အင်းမှာ ပလိပ်အင်းဖြစ်ကြောင်းနှင့် ဒုတိယအကောင်ရေ အများဆုံးလာရောက်နေထိုင်ကျက်စားသည့် အင်းမှာ တောင်သမန်အင်းဖြစ်ကြောင်း သိရသည်။

ယခုလက်ရှိအချိန်တွင် သားငှက်တိရစ္ဆာန်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့၊ မန္တလေးတက္ကသိုလ်ရှိ သတ္တဗေဒဌာန၊ ငှက်ချစ်သူများအသင်းနှင့် ငှက်ဝါသနာရှင်များ စသည့်ပူးပေါင်းအဖွဲ့များဖြင့် မန္တလေးမြို့ရှိ ပလိပ်အင်း၊ တောင်သမန်အင်း၊ ပနောအင်းနှင့် ပျူကန်တို့တွင် ဇန်နဝါရီ ၆ ရက်မှစ၍ စစ်တမ်းကောက်ယူမှုများကို လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**



တောင်သမန်အင်းအတွင်း လာရောက်နားခိုကြသည့် ဆောင်းခိုငှက်များကို တွေ့ရစဉ်။

## မြောက်ဥက္ကလာပ၌ မှုခင်းကျဆင်းရေး ဟောပြော

**ရန်ကုန် ဖေဖော်ဝါရီ ၁၆**

မြောက်ဥက္ကလာပမြို့နယ် ဝေဘာဂီနယ်မြေရဲစခန်းမှူး ရဲအုပ်နန်းအောင်၊ နယ်ထိန်းအရာရှိ ဒုရဲအုပ် ဆန်းကျော်လင်းတို့က ဝေဘာဂီနယ်မြေရဲစခန်း ဓမ္မာရုံတွင် ဖေဖော်ဝါရီ ၁၃ ရက်က မှုခင်းကျဆင်းရေး အသိပညာပေး ဟောပြောပွဲပြုလုပ်ခဲ့ရာ သက်ငယ်မုဒိမ်းမှုများ လျော့နည်းကျဆင်းရေး၊ ပြည်ပနိုင်ငံများသို့ အလုပ်သွားရောက်လုပ်ကိုင်ပါက ပြည်ပအလုပ်အကိုင်လိုင်စင်ရှိသော ကုမ္ပဏီများနှင့် တရားဝင်ဆက်သွယ် သွားရောက်လုပ်ကိုင်ရန် နယ်ကိုယ်စားလှယ် လိုင်စင်၊ ပြည်ပအလုပ်အကိုင်ဆိုင်ရာ လိုင်စင်များ မရှိဘဲ ပြည်ပနိုင်ငံများသို့ အလုပ်သမားများ ပို့ဆောင်မှုမပြုလုပ်စေရန်၊ ဥပဒေပုဒ်မများ၊ ပြစ်ဒဏ်များနှင့်တကွ ဟောပြောဆွေးနွေးခဲ့သည်။ အဆိုပါဟောပြောပွဲသို့ ရပ်ကွက်နေပြည်သူ ၅၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

**မြန်မာ့အလင်း**

## ၂၀၁၉ ခုနှစ်အတွက် အာဆီယံဆု (ASEAN Prize 2019) လျှောက်ထားနိုင်ကြောင်း ကြေညာ

အာဆီယံအတွင်းရေးမှူးချုပ်ရုံးအနေဖြင့် အာဆီယံ၏ ဂုဏ်ပုဒ်၊ အာဆီယံစိတ်ဓာတ်နှင့် အောက်ဖော်ပြပါ သတ်မှတ်ထားသည့် နယ်ပယ်များတွင် အာဆီယံလမ်းစဉ်တို့ကို မြှင့်တင်ပေးနိုင်သည့် လူပုဂ္ဂိုလ်/အဖွဲ့အစည်းတို့၏ ဆောင်ရွက်မှုများနှင့် အောင်မြင်မှုများကို အသိအမှတ်ပြုသည့်အနေဖြင့် ၂၀၁၉ ခုနှစ် အာဆီယံဆုကို ပေးအပ်ချီးမြှင့်ရန်အတွက် အဆိုပြုလွှာများ ခေါ်ယူလျက်ရှိသည်-

(က) အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှုများ
(ခ) အာဆီယံနှင့် ကမ္ဘာတစ်ဝန်းအကြား ပူးပေါင်းဆောင်ရွက်မှုများ
(ဂ) အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား ပြည်သူအချင်းချင်း ထိတွေ့ဆက်ဆံမှုများ
(ဃ) အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား စံနှုန်းများမြှင့်တင်ရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများ
(င) အာဆီယံအသိုက်အဝန်းတည်ထောင်ရေးအတွက် သိသာထင်ရှားသည့်ဆောင်ရွက်မှုများ

အာဆီယံဆုအား အပြီးသတ်ရွေးချယ်မည့်ဒိုင်အဖွဲ့ကို လက်ရှိအာဆီယံအတွင်းရေးမှူးချုပ်နှင့် အာဆီယံအတွင်းရေးမှူးချုပ်ဟောင်းများအပါအဝင် ထင်ရှားသော အဆင့်မြင့်ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းထားပြီး ဆုရရှိသူအား အာဆီယံဆုဖလားနှင့် အမေရိကန်ဒေါ်လာ ၂၀၀၀၀ ချီးမြှင့်သွားမည်ဖြစ်သည်။ ယင်းဆုကို ၂၀၁၉ ခုနှစ် ဇွန်လတွင် ကျင်းပမည့် (၃၄)ကြိမ်မြောက် အာဆီယံခေါင်းဆောင်များ ထိပ်သီးအစည်းအဝေးတွင် ပေးအပ်ချီးမြှင့်သွားမည် ဖြစ်သည်။

၂၀၁၈ ခုနှစ်အတွက် အာဆီယံဆုကို ဖိလစ်ပိုင်နိုင်ငံမှ မစ္စစ် အာလင်ဒါယူကိုးက အားလုံးပါဝင်သည့် အာဆီယံအသိုက်အဝန်းဖော်ဆောင်ရာတွင် ၎င်း၏ ပါဝင်ဆောင်ရွက်ခဲ့မှုများကြောင့် ရရှိသွားခဲ့ပါသည်။ ၂၀၁၈ ခုနှစ် နိုဝင်ဘာလတွင် ကျင်းပခဲ့သည့် အာဆီယံထိပ်သီးအစည်းအဝေး ဖွင့်ပွဲအခမ်းအနားတွင် စင်ကာပူနိုင်ငံဝန်ကြီးချုပ် လီရှန်လုံးနှင့် အာဆီယံအတွင်းရေးမှူးချုပ် ဒါတိုလင်ကျောက်ဟွိုင်တို့က အာဆီယံဆုဖလားနှင့် ဆုတော်ငွေတို့ကို မစ္စစ် အာလင်ဒါယူကိုးအား ပေးအပ်ချီးမြှင့်ခဲ့သည်။ အာဆီယံဆုအတွက် ထောက်ပံ့သော အဖွဲ့အစည်းများမှာ စင်ကာပူနိုင်ငံမှ တမားဆက်ဖောင်ဒေးရှင်း (Temasek Foundation)၊ ဖိလစ်ပိုင်နိုင်ငံမှ အရာလာကော်ပိုရေးရှင်း(the Ayala Corporation) နှင့် မလေးရှားနိုင်ငံမှ ယာယာစံဟဆနာ (Yayasan Hasanah) အဖွဲ့အစည်းတို့ဖြစ်သည်။

အဆိုပါဆုအား လျှောက်ထားရန် အဆိုပြုသူများသည် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံသား (သို့မဟုတ်) အဖွဲ့အစည်းဖြစ်ရမည်ဖြစ်ပြီး စည်းမျဉ်းစည်းကမ်းကို အခြေခံပြီး ပြည်သူကို ဦးတည်၍ ပြည်သူကိုဗဟိုပြုသည့် အာဆီယံအသိုက်အဝန်း ထူထောင်ခြင်းနှင့် အာဆီယံဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုများတွင် လျှောက်ထားမည့် လူပုဂ္ဂိုလ်/အဖွဲ့အစည်းမှ ၂၀၁၈ ခုနှစ် ဇန်နဝါရီလမှ ၂၀၁၉ ခုနှစ် ဇန်နဝါရီလအတွင်း ပါဝင်ဆောင်ရွက်ခဲ့သည့် ဆောင်ရွက်ချက်များ၊ အောင်မြင်မှုများနှင့် ရှေ့ဆက်၍ အာဆီယံနှင့်ပတ်သက်၍ ဆောင်ရွက်သွားမည့်အစီအစဉ်များကို စာမျက်နှာ ၃ မျက်နှာမှ ၅ မျက်နှာအကြား(အင်္ဂလိပ်ဘာသာဖြင့်) အကျဉ်းချုပ်ရေးသားဖော်ပြရမည်ဖြစ်သည်။

အကျဉ်းချုပ်တွင်ပါရှိရမည့် အချက်အလက်များကို လျှောက်လွှာပုံစံတွင် ဖော်ပြပါရှိပါကြောင်းနှင့် လျှောက်လွှာပုံစံကို အာဆီယံအတွင်းရေးမှူးချုပ်ရုံး၏ အင်တာနက်စာမျက်နှာ https://asean.org/ call-nominations-asean-prize-2019/. တွင် ရယူ၍ အာဆီယံရေးရာဦးစီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၉)၊ နေပြည်တော် (သို့မဟုတ်) dgasean@gmail.com နှင့် psaseanmmr@gmail.com ကို **၈-၃-၂၀၁၉ ရက်နေ့ နောက်ဆုံးထား၍** လိပ်မူလျှောက်ထားနိုင်ကြောင်း၊ အသေးစိတ်အချက်အလက်များကိုလည်း ဖော်ပြပါ အာဆီယံအတွင်းရေးမှူးချုပ်ရုံး၏ အင်တာနက်စာမျက်နှာတွင် လေ့လာကြည့်ရှုနိုင်ပါကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

**သတင်းစဉ်**

# တောင်သူ့အကျိုးအမြတ် ဝင်ငွေနှင့် ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ရေးဆိုင်ရာများကို လေ့လာဖော်ထုတ်ပေးနိုင်ရေး ကြိုးပမ်းရန်လိုအပ်

**နေပြည်တော်  ဖေဖော်ဝါရီ ၁၆**

ကောက်စိုက်စက်များဖြင့် စိုက်နည်းစနစ် စမ်းသပ်ခြင်း၊ ကောက်စိုက်စက်နှင့် မျိုးစေ့သန့်စင်စက် လှူဒါန်းပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ရေဆင်းရှိ စိုက်ပျိုးရေးသုတေသန ဦးစီးဌာန သုတေသနစိုက်ကွင်း၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက လယ်ယာလုပ်သားရှားပါးလာမှုပြဿနာကို ထိထိရောက်ရောက် ဖြေရှင်းနိုင်မည့် လယ်ယာသုံးစက်ကိရိယာများ တွင်တွင်ကျယ်ကျယ် အသုံးပြုနိုင်ရေးကို ဌာနဆိုင်ရာများ၊ ပုဂ္ဂလိကလယ်ယာဝန်ဆောင်သူများ၊ လယ်ယာသမဝါယမ အသင်းအဖွဲ့များ၊ လယ်ယာကဏ္ဍနှင့် ပါဝင်ပတ်သက်သူများက ဝိုင်းဝန်းကြိုးပမ်းကြရမည်ဖြစ်ကြောင်း၊ သီးနှံအထွက်နှုန်းတိုးတက်ရေး၊ အရည်အသွေးကောင်းမွန်ရေး၊ စားသုံးသူဘေးကင်းလုံခြုံရေး စသည့်လုပ်ငန်းစဉ်များ ဆောင်ရွက်ပေးလျက်ရှိသည့်နည်းတူ တောင်သူ့အကျိုးအမြတ် ဝင်ငွေနှင့် ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ရေးဆိုင်ရာများကိုလည်း လေ့လာဖော်ထုတ်ပေးနိုင်ရေး ကြိုးပမ်းကြရန် လိုအပ်ကြောင်း၊

စိုက်ပျိုးထုတ်လုပ်မှု လုပ်ငန်းစဉ်တစ်လျှောက်တွင် ခေတ်မီနည်းပညာနှင့် စက်ကိရိယာများ အပြည့်အဝအသုံးပြုရန် တောင်သူတစ်ဦးချင်းအတွက် ခက်ခဲနိုင်သော်လည်း သမဝါယမစနစ်ဖြင့် စုပေါင်းဆောင်ရွက်ပါက ယင်းအခက်အခဲများကို ကျော်လွှားနိုင်မည်ဖြစ်သည့်အတွက် စိုက်ပျိုးရေးဆိုင်ရာများ ကူညီဆောင်ရွက်ပေးသကဲ့သို့ တောင်သူအစုအဖွဲ့သမဝါယမလုပ်ငန်းများ ဥပဒေနှင့်အညီထူထောင်လုပ်ကိုင်နိုင်ရေးကိုလည်း အားပေးကူညီကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် Keiwa Innovation Co.,Ltd နှင့် Minoru-Keiwa Myanmar Co.,Ltd တို့မှ တာဝန်ရှိသူများက ကောက်စိုက်စက်နှင့် မျိုးစေ့သန့်စင်စက် လှူဒါန်းရခြင်းကို ရှင်းလင်းပြောကြားကြပြီး စိုက်ပျိုးရေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးနိုင်ကြည်ဝင်းက ကျေးဇူးတင်စကား ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် တစ်နာရီလျှင် ကီလိုဂရမ် ၆၀၀ ကျ မျိုးစေ့သန့်စင်စက်၊ စက်ကိရိယာအသုံးပြု၍ လယ်မြေမျက်နှာပြင်ညှိခြင်း လုပ်ငန်းဆောင်ရွက်နေမှု၊ Minoru RX61 ဂျပန်ကောက်စိုက်စက်အသုံးပြု၍ SRI စိုက်နည်းစနစ်ဖြင့် ကောက်စိုက်နေမှုတို့ကို ကြည့်ရှုအားပေးသည်။

Minoru-Keiwa Myanmar ကုမ္ပဏီမှ စိုက်ပျိုးရေးသုတေသနဦးစီးဌာနသို့ ယနေ့ ပေးအပ်လှူဒါန်းသည့် Minoru RX61 ဂျပန်ကောက်စိုက်စက်သည် ခြောက်တန်းပါ ကောက်စိုက်စက်ဖြစ်ပြီး စိုက်တန်းအကွာအဝေး တစ်ပေတွင် ပင်ကြားခြောက်လက်မမှ ၁၂ လက်မ အထိ လိုသလို ချိန်ညှိအသုံးပြုနိုင်ကာ ပျိုးပင် ၄၄၈ ပင်ပါသော ပျိုးဗန်း ၂၃ ချပ် တင်ဆောင်အသုံးပြုနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင် လာအိုနိုင်ငံတွင်ကျင်းပသည့် ဒုတိယအကြိမ် မြန်မာ-လာအို နှစ်နိုင်ငံအကြား လျှပ်စစ်ကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းကော်မတီ ဝန်ကြီးအဆင့်အစည်းအဝေးသို့ တက်ရောက်

**နေပြည်တော်  ဖေဖော်ဝါရီ ၁၆**

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်သည် လာအိုနိုင်ငံ စွမ်းအင်နှင့် သတ္တုတွင်းဝန်ကြီး H.E. Dr. Khammany Inthirath နှင့် လာအိုနိုင်ငံ Luang Prabang မြို့ရှိ Luang Prabang View Hotel ၌ နှစ်နိုင်ငံ လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ခြင်းဆိုင်ရာ ကိစ္စများအား ဆွေးနွေးသည်။



မြန်မာ - လာအို နှစ်နိုင်ငံ လျှပ်စစ်ကဏ္ဍဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးကော်မတီနှင့် လုပ်ငန်းကော်မတီအစည်းအဝေး ကျင်းပစဉ်။

မြန်မာ-လာအို နှစ်နိုင်ငံ လျှပ်စစ်ကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာအား ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၁၅ ရက်က လက်မှတ်ရေးထိုးခဲ့ပြီး အဆိုပါ နားလည်မှုဆိုင်ရာ စာချွန်လွှာအရ နှစ်ဖက်ကိုယ်စားလှယ်များပါဝင်သည့် ပူးပေါင်းဆောင်ရွက်ရေးကော်မတီနှင့် လုပ်ငန်းကော်မတီများ ဖွဲ့စည်းကာ နယ်စပ်ဖြတ်ကျော် ဓာတ်အားဝယ်ယူ/ရောင်းချရေး၊ နည်းပညာဖလှယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခွင့်အလမ်းများအား အပြန်အလှန် ဆွေးနွေးလျက်ရှိသည်။ အဆိုပါ နှစ်နိုင်ငံ ဝန်ကြီးအဆင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ဆွေးနွေးပွဲမတိုင်မီ နှစ်နိုင်ငံ အဆင့်မြင့်အရာရှိများ ဦးဆောင်ကျင်းပသည့် မြန်မာ - လာအို နှစ်နိုင်ငံ လျှပ်စစ်ကဏ္ဍဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးကော်မတီနှင့် လုပ်ငန်းကော်မတီ အစည်းအဝေးများအား ကျင်းပသည်။

နှစ်နိုင်ငံ ဝန်ကြီးအဆင့်အစည်းအဝေးတွင် နှစ်နိုင်ငံ လျှပ်စစ်ကဏ္ဍဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးကော်မတီနှင့် လုပ်ငန်းကော်မတီတို့မှ ဆွေးနွေးခဲ့သောအချက်များ၊ နယ်စပ်ဖြတ်ကျော် ဓာတ်အားလိုင်းသွယ်တန်း၍ ဓာတ်အား အပြန်အလှန် ရောင်း/ဝယ်ရေး၊ ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်မှု လုပ်ငန်းဆိုင်ရာ အတွေ့အကြုံများဖလှယ်ရေး၊ စီမံကိန်းအကောင်အထည်ဖော်ရာတွင် သဘာဝပတ်ဝန်းကျင်နှင့် ရေသယံဇာတများ ထိခိုက်ပျက်စီးမှု လျော့ချဆောင်ရွက်နိုင်ရေး၊ နည်းပညာဖလှယ်ရေးနှင့် နှစ်နိုင်ငံပညာရှင်များ ပူးပေါင်း၍ အကြိုလေ့လာခြင်းလုပ်ငန်းများ ဆောင်ရွက်ရေး၊ လျှပ်စစ်ကဏ္ဍဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အချက်အလက်များ ဖလှယ်ရေးနှင့် တိုးမြှင့်ဆောင်ရွက်ရေးတို့အား ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးသည်။

အဆိုပါ ခရီးစဉ်ကာလအတွင်း ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် လာအိုနိုင်ငံ စွမ်းအင်နှင့် သတ္တုတွင်းဝန်ကြီး H.E. Dr. Khammany Inthirath နှင့်အတူ လာအိုနိုင်ငံ Xayaburi ပြည်နယ်ရှိ Xayaburi ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ တည်ဆောက်ရေးလုပ်ငန်းခွင်သို့ သွားရောက်လေ့လာကြည့်ရှုခဲ့သည်။

အဆိုပါ ရေအားလျှပ်စစ်စီမံကိန်းသည် မဲခေါင်မြစ်ပေါ်တွင် တည်ဆောက်လျက်ရှိပြီး လျှပ်စစ်ဓာတ်အား ၁၂၈၅ မဂ္ဂါဝပ် ထုတ်လုပ်နိုင်မည့် စီမံကိန်းဖြစ်သည်။ Run of river type ၊ Low Head Turbine အမျိုးအစား တပ်ဆင်ထားသည့် ရေအားလျှပ်စစ်စီမံကိန်းဖြစ်ပြီး Xayaburi Power Company မှ ၂၀၁၀ ပြည့်နှစ်တွင် အကောင်အထည်ဖော် တည်ဆောက်ခဲ့ပြီး ၂၀၁၉ ခုနှစ်တွင် ဓာတ်အား စတင်ထုတ်လုပ် လည်ပတ်နိုင်ရန် လျာထားဆောင်ရွက်လျက်ရှိသည်။ အဆိုပါ စီမံကိန်းဆောင်ရွက်ရာတွင် သဘာဝပတ်ဝန်းကျင်နှင့် ရေသယံဇာတများ ထိခိုက်ပျက်စီးမှုလျော့ချဆောင်ရွက်နိုင်ရေး၊ စီမံကိန်းပတ်ဝန်းကျင်ရှိ ဒေသနေပြည်သူများအား စနစ်တကျပြန်လည်နေရာချထားရေး၊ ၎င်းတို့၏ လူမှုစီးပွားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ အလုပ်အကိုင်ရရှိရေး၊ ရေကြောင်းသယ်ယူပို့ဆောင်ကဏ္ဍဖွံ့ဖြိုးရေး၊ ရေသတ္တဝါထိန်းသိမ်းရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် Mekong River Commission (MRC) ၏ Guidline များနှင့်အညီ တည်ဆောက်သဖြင့် မဲခေါင်မြစ်ဝှမ်းဒေသ၏ စံနမူနာပြ Landmark ရေအားလျှပ်စစ်စီမံကိန်းတစ်ခုဖြစ်သည်။

ဆွေးနွေးပွဲအပြီးတွင် ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်နှင့် အဖွဲ့သည် လာအိုနိုင်ငံ Luang Prabang မြို့မှ ပြန်လည်ထွက်ခွာရာ မြန်မာနိုင်ငံသို့ ညနေပိုင်းတွင် ပြန်လည်ရောက်ရှိခဲ့သည်။ **သတင်းစဉ်**

✤ *ရှေ့ဖုံးမှ*

မိုးတွင်းကာလတွင် လာရောက်အပန်းဖြေမှုနည်းပါးကြောင်း၊ လွန်ခဲ့သော နှစ်ကာလအတွင်း လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်မှုမရှိသောကြောင့် ချောင်းသာကမ်းခြေသို့ လာရောက်မှုနည်းပါးခဲ့ကာ နောက်ပိုင်းတွင် တာဝန်ရှိသူများက သွားလာမှုအဆင်ပြေစေရန် လမ်းများ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့၍ ခရီးသွားဧည့်သည်များ တစ်နှစ်ထက်တစ်နှစ် ပိုမိုများလာကြောင်း ချောင်းသာဒေသခံများထံမှ သိရသည်။

"ကျွန်တော်တို့ ဧရာဝတီတိုင်းဒေသကြီးအတွင်းမှာ ပြည်တွင်းပြည်ပ ခရီးသွားတွေ ပိုမိုလာရောက်လည်ပတ်နိုင်ဖို့အတွက် ဖွံ့ဖြိုးဆဲခရီးစဉ်နှစ်ခုရှိတယ်။ ငွေဆောင်နဲ့ ချောင်းသာကမ်းခြေ အပန်းဖြေစခန်းရှိတယ်။ အဲဒီနေရာကို ခရီးသွားတွေဟာ တစ်နှစ်ထက်တစ်နှစ် ပိုမိုဝင်ရောက်လာတဲ့အတွက်ကြောင့် ကမ်းခြေသာယာလှပရေး၊ သန့်ရှင်းရေး၊ လျှပ်စစ်မီးရရှိရေး၊ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်စေဖို့အတွက် လုပ်ဆောင်နေသလို ခရီးသွားဝန်ဆောင်မှုလုပ်ငန်း၊ ဟိုတယ်ဝန်ဆောင်မှုလုပ်ငန်း၊ အဆင့်မြင့်ဟိုတယ်တွေ အသစ်တည်ဆောက်ရေးလုပ်ငန်းနဲ့ လာရောက်အပန်းဖြေမယ့် ခရီးသွားတွေအတွက် ဖျော်ဖြေရေးဝန်ဆောင်မှုလုပ်ငန်းတွေ ပေးနိုင်ဖို့အတွက် ဆောင်ရွက်နေတယ်" ဟု ဧရာဝတီတိုင်းဒေသကြီး ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာနရုံး တိုင်းတာဝန်ခံ ဒုတိယညွှန်ကြားရေးမှူး ဦးဇော်လင်းထွန်းက ပြောသည်။

ချောင်းသာကမ်းခြေသို့ သွားရောက်အပန်းဖြေပါက ပုသိမ်မြို့မှ ယာဉ်ဖြင့်သွားရောက်လည်ပတ်လျှင် တစ်နာရီခွဲခန့်ကြာကာ ညအိပ်ညနေ အပန်းဖြေနိုင်ရန်အတွက် ဟိုတယ်၊ တည်းခိုခန်းတစ်ခန်းလျှင် အနိမ့်ဆုံး ငွေကျပ် ၃၀၀၀၀ မှ အမြင့်ဆုံးငွေကျပ် ၁၀၀၀၀၀ ဝန်းကျင်အထိရှိကြောင်း၊ ချောင်းသာကမ်းခြေသို့ သင်္ကြန်ကာလတွင် အများဆုံးလာရောက်အပန်းဖြေလျက်ရှိကြောင်း၊ လာရောက်အပန်းဖြေသူများ အဆင်ပြေစေရန် မော်တော်ဘုတ်များဖြင့် သဲဖြူကျွန်း၊ ကျောက်မောင်နှမ၊ နဂါးကိုးကောင်ဘုရား၊ ဆင်စခန်း၊ ငါးအလှမွေးကန်များသို့ သွားရောက်ကြည့်ရှု အပန်းဖြေနိုင်ကြောင်း သိရသည်။

ဧရာဝတီတိုင်းဒေသကြီးအတွင်း ၂၀၁၈ ခုနှစ် နိုဝင်ဘာလအထိ ပုသိမ်မြို့နယ်၌ ပြည်တွင်း ၅၀၁၄၃ ဦး၊ ပြည်ပ ၇၅၃ ဦး၊ ချောင်းသာ၌ ပြည်တွင်း ၉၆၂၃၆၅ ဦး၊ ပြည်ပ ၇၂၂ ဦး၊ ငွေဆောင်ကမ်းခြေ၌ ပြည်တွင်း ၁၁၈၇၆၈ ဦး၊ ပြည်ပ ၃၃၄၇၁ ဦးတို့ ဝင်ရောက်ခဲ့ရာမှ ယခင်နှစ်ထက် ပိုမိုဝင်ရောက်လာကြောင်း ဧရာဝတီတိုင်းဒေသကြီး ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာနရုံးမှ သိရသည်။

တိုင်းဒေသကြီးအတွင်း ပုသိမ်၊ ချောင်းသာ၊ ငွေဆောင်၊ ရွှေသောင်ယံ၊ မော်တင်၊ ဟင်္သာတ၊ ဘိုကလေးနှင့် မအူပင်ဒေသများသို့ လာရောက်လည်ပတ်လျက်ရှိရာ ဟိုတယ် ၈၆ လုံး အခန်းပေါင်း ၃၄၅၅ ခန်းတို့ရှိရာ ၂၀၁၉ ခုနှစ်တွင် ဟိုတယ်တည်းခိုရိပ်သာ ကိုးခု၊ အခန်းပေါင်း ၃၈၅ ခန်းတို့ကို အသစ်ထပ်မံဆောက်လုပ်ခွင့်ပေးနိုင်ရန် စီမံဆောင်ရွက်လျက်ရှိကြောင်း ဧရာဝတီတိုင်းဒေသကြီး ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာနရုံးမှ သိရသည်။ **မင်းထွန်းဇော်**

# တောင်ငူ၌ ကျောက်ကပ်သွေးသန့်စင်ကုသစက်နှင့် ကျောက်ကပ်သန့်စင်ကုသဆောင်ဖွင့်

**တောင်ငူ  ဖေဖော်ဝါရီ ၁၆**

ပဲခူးတိုင်းဒေသကြီး တောင်ငူပြည်သူ့ဆေးရုံကြီး၌ တောင်ငူမြို့သူ မြို့သားများနှင့် ရပ်နီးရပ်ဝေးတို့မှ စေတနာရှင်၊ အလှူရှင်များ စုပေါင်းလှူဒါန်းခဲ့ရာ ငွေကျပ်သိန်းပေါင်း ၁၆၀၀ ကျော် ရရှိပြီး တောင်ငူပြည်သူ့ဆေးရုံကြီး၌ ကျောက်ကပ်သွေးသန့်စင် ကုသစက် လေးလုံးနှင့် ကျောက်ကပ်သန့်စင်ကုသဆောင် ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီက အဆိုပါ ကျောက်ကပ်သန့်စင် ကုသဆောင်ရှေ့မှာဦး၌ကျင်းပရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်သန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းဝင်း၊ CB ဘဏ်ဥက္ကဋ္ဌ ဦးခင်မောင်အေး၊ တောင်ငူပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာ စောဘိုဇော်ဝင်း၊ မြို့မိမြို့ဖ ဦးမြင့်ညို(အမေ့အိမ်)နှင့် ဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်လင်း(ကြယ်နီ) တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်သန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းဝင်း၊ CB ဘဏ်ဥက္ကဋ္ဌ ဦးခင်မောင်အေး၊ တောင်ငူပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာ စောဘိုဇော်ဝင်းနှင့် ဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်လင်း(ကြယ်နီ) တို့က မှာတာစကားများ ပြောကြားကြပြီး အလှူရှင် CB ဘဏ်ဥက္ကဋ္ဌ ဦးခင်မောင်အေးက အလှူငွေကျပ် သိန်း ၃၅၀ ကို ပေးအပ်လှူဒါန်းရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းဝင်းက လက်ခံရယူပြီး ကျန်အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **ဝ၄၈**


တောင်ငူပြည်သူ့ဆေးရုံ၌ ကျောက်ကပ်သွေးသန့်စင်ကုသစက်နှင့် ကျောက်ကပ်သန့်စင်ကုသဆောင် ဖွင့်ပွဲကျင်းပစဉ်။

# (၂၁)ကြိမ်မြောက် သက်ကြီး၊ ဝါကြီး စာကြည့်တိုက်ပညာရှင်ကြီးများအား ပူဇော်ပွဲအခမ်းအနားကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၆

**မြန်မာနိုင်ငံစာကြည့်တိုက်အသင်းက ကြီးမှူး၍ (၂၁)ကြိမ်မြောက် သက်ကြီး၊ ဝါကြီး စာကြည့်တိုက်ပညာရှင်ကြီးများအား ပူဇော်ပွဲအခမ်းအနားကို ရန်ကုန်မြို့ပြည်လမ်းရှိ တက္ကသိုလ်များဓမ္မာရုံ၌ ယနေ့နံနက်ပိုင်းက ကျင်းပသည်။**

အခမ်းအနားတွင် မြန်မာနိုင်ငံ စာကြည့်တိုက်အသင်းဥက္ကဋ္ဌ ဆရာမကြီး ဒေါ်အဝင်းက အမှာစကားပြောကြားပြီး ဒေါက်တာထွန်းအောင်ကျော်နှင့် ဦးဇော်အောင်ထွန်းတို့က ပူဇော်ခံ သက်ကြီး ဆရာကြီး၊ ဆရာမကြီးများအား တစ်ဦးချင်း မိတ်ဆက်ပေးသည်။

ထို့နောက် ကွယ်လွန်သွားကြပြီဖြစ်သည့် စာကြည့်တိုက်ဆရာကြီး၊ ဆရာမကြီးများကို ဝမ်းနည်းခြင်းအထိမ်းအမှတ်ဖြင့် တစ်မိနစ်ခန့် ငြိမ်သက်၍ ဂါရဝပြုပြီးနောက် ရတုပိုဒ်စုံ မြန်မာ့စောင်းဖြင့် ပူဇော်ကာ ကန်တော့ချီးဖြင့် ကန်တော့ကြသည်။

ယင်းနောက် ကန်တော့ခံ သက်ကြီး၊ ဝါကြီး စာကြည့်တိုက်ဆရာကြီး၊ ဆရာမကြီးများအား ပူဇော်ပစ္စည်းများဖြင့် ပူဇော်ကန်တော့ပြီး ကန်တော့ခံဆရာကြီး၊ ဆရာမကြီးများထံမှ ဆုံးမဩဝါဒ ခံယူကြသည်။

၂၀၁၇-၂၀၁၈ ခုနှစ် ပညာသင်နှစ်အတွင်း ထူးချွန်ဆုရ ကျောင်းသား ကျောင်းသူများအား ဦးသော်ကောင်းဆု၊ ဒေါ်ခင်ခင်အုန်းဆု၊ ဦးမောင်မောင်ဆု၊ မောင်ဆုရှင်ဆု၊ သိပ္ပံမောင်ဝ(စာပေဆု)၊ ဝိသုဇ္ဇက(ပဲခူး) ဒေါက်တာဦးဖြေစာတမ်းဆု၊ ဆရာဇော်ဂျီဆု၊ ဆရာဇော်ဂျီပညာသင်ဆု၊ ဆရာဇော်ဂျီ ဂန္ထလောကသင်္ဂဟဆု၊ တိုက်စိုးဆု၊ စာပေဆုများ ပေးအပ်ချီးမြှင့်သည်။

ကံစမ်းမဲအနေဖြင့် စာကြည့်တိုက်မှူးတပည့်များက ပူဇော်ချီးမြှင့်သည့် ပူဇော်ပစ္စည်းနှင့် ငွေများကို မဲဖောက်၍ ပူဇော်ခံ သက်ကြီး ဆရာကြီး၊ ဆရာမကြီးများအား ထပ်မံပေးအပ်သည်။

ယနေ့အခမ်းအနားသို့ ရန်ကုန်တက္ကသိုလ် ဗဟိုစာကြည့်တိုက်၊ တပ်မတော် စစ်သမိုင်းပြတိုက်၊ အမျိုးသားမော်ကွန်းတိုက်၊ မြန်မာနိုင်ငံတိုင်းရင်းသား ဘာသာစကားဦးစီးဌာန စာကြည့်တိုက်များအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ သက်ဆိုင်ရာဌာနများ၊ တက္ကသိုလ်များ၊ ကောလိပ်များမှ စာကြည့်တိုက်မှူးများ၊ ပုဂ္ဂလိကစာသင်ကျောင်းများမှ စာကြည့်တိုက်မှူးများ၊ မြန်မာစာဌာန၊ စာကြည့်တိုက်နှင့် သုတပညာဌာန၊ ရန်ကုန်အမျိုးသားစာကြည့်တိုက်၏ စာကြည့်တိုက်ဘွဲ့လွန် စာကြည့်တိုက်စီမံခန့်ခွဲမှုပညာ ဒီပလိုမာသင်တန်းမှ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**



(၂၁)ကြိမ်မြောက် သက်ကြီး၊ ဝါကြီး စာကြည့်တိုက် ပညာရှင်ကြီးများအား ပူဇော်ပွဲအခမ်းအနား ကျင်းပစဉ်။



တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်း/အဖွဲ့ကိုယ်စားလှယ်များ နေပြည်တော် အမျိုးသားအထိမ်းအမှတ်ဥယျာဉ်တွင် ကြည့်ရှုလေ့လာကြစဉ်။

# တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်း/အဖွဲ့ကိုယ်စားလှယ်များ MRTV ၊ အမျိုးသားအထိမ်းအမှတ်ဥယျာဉ်နှင့် နေပြည်တော်တိရစ္ဆာန်ဥယျာဉ်တို့သို့ ဆက်လက်လေ့လာ

နေပြည်တော် ဖေဖော်ဝါရီ ၁၆

**တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၏ ဖိတ်ကြားချက်အရ နေပြည်တော်သို့ ရောက်ရှိနေသော တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်း/ အဖွဲ့ကိုယ်စားလှယ်များ၏ ပထမအကြိမ် လေ့လာရေးခရီးစဉ် တတိယနေ့အဖြစ် ယနေ့နံနက်ပိုင်းတွင် တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာနမှ တာဝန်ရှိသူများလိုက်ပါလျက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား(MRTV)သို့ သွားရောက်ကြည့်ရှုလေ့လာကြသည်။**

ထိုသို့ရောက်ရှိစဉ် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ အင်ဂျင်နီယာမှူး ဦးနေမျိုးဝင်းက ခေတ်အဆက်ဆက် အသုံးပြုခဲ့သော ရေဒီယိုများ၊ ဗီဒီယိုကင်မရာများနှင့် ဓာတ်ပြားစက်များ ခင်းကျင်းပြသထားမှုကို ရှင်းပြပြီး သတင်းရိုက်ကူးတည်းဖြတ်ထုတ်လွှင့်ပုံအဆင့်ဆင့်၊ မှတ်တမ်းများ သိမ်းဆည်းထားသိုပုံအဆင့်ဆင့်နှင့် တိုင်းရင်းသားရုပ်သံလိုင်း(NRC) ထုတ်လွှင့်နေမှုများ၊ ရေဒီယိုထုတ်လွှင့်ရေး အစီအစဉ်များကို လိုက်လံရှင်းလင်းပြသရာ လေ့လာရေးအဖွဲ့ဝင်များက သိရှိလိုသည်များ မေးမြန်းကြသည်။

ယင်းနောက် မွန်းလွဲပိုင်းတွင် လေ့လာရေးအဖွဲ့များသည် နေပြည်တော် အမျိုးသားအထိမ်းအမှတ်ဥယျာဉ်သို့ ရောက်ရှိကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ အထင်ကရနေရာနှင့် အဆောက်အအုံ ပုံစံတူများကို လှည့်ပတ်ကြည့်ရှုကြသည်။

ဆက်လက်၍ လေ့လာရေးအဖွဲ့များသည် နေပြည်တော် တိရစ္ဆာန်ဥယျာဉ်သို့ သွားရောက်လေ့လာကြကြောင်း သိရသည်။

**မောင်လူမော်၊ ဓာတ်ပုံ-ထန်းဖုန်**

# ရန်ကုန်စာအုပ်လမ်းသို့ စာပေချစ်မြတ်နိုးသူများ လာရောက်လေ့လာ ဝယ်ယူစေချင်

**ရန်ကုန် ဖေဖော်ဝါရီ ၁၆**

ယနေ့သည် စနေနေ့ရုံးပိတ်ရက် အားလပ်ရက်ဖြစ်သည့် အားလျော်စွာ ရန်ကုန်မြို့ သိမ်ဖြူလမ်း ဝန်ကြီးများရုံးရှေ့၌ ဖွင့်လှစ်ရောင်းချလျက်ရှိသည့် Yangon Book Street စနေ -တနင်္ဂနွေ စာအုပ်လမ်းသည် စာပေချစ်သူ၊ မြတ်နိုးသူများ၊ လေ့လာသူများနှင့်အတူ စည်ကားလျက်ရှိသည်။

ရန်ကုန်စာအုပ်လမ်းတွင် စာပေချစ်မြတ်နိုးသူများအတွက် ဘာသာရပ်မျိုးစုံစာအုပ်များ၊ သုတရသအဟောင်း/အသစ်၊ လုံးချင်းဝတ္ထုတို/ ဝတ္ထုရှည်စာအုပ်များ၊ ဘာသာရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ ယဉ်ကျေးမှုဆိုင်ရာ သုတရသစာအုပ်များ၊ ဆေးပညာဆိုင်ရာ စာအုပ်များ၊ အဘိဓာန်စာအုပ်များ၊ ပုံပြင်စာအုပ်မျိုးစုံ၊ ဗေဒင်စာအုပ်မျိုးစုံ၊ ဗုဒ္ဓဝင်ကာတွန်းစာအုပ်များကို စာအုပ်ဆိုင်များက ဈေးနှုန်းချိုသာစွာဖြင့် ရာခိုင်နှုန်းလျှော့ ရောင်းချပေးလျက်ရှိသည်။

ထို့ပြင် စာရေးဆရာရဲမှိုင်း၏ ဒုတိယမြောက် ကဗျာလုံးချင်းဖြစ်သည့် **"ပန်းလှေပေါ်က ဆည်းဆာအလှ"** စာအုပ်ကို စာပေမြတ်နိုးသူများကို မိတ်ဆက်ခြင်းနှင့် ဆရာဦးကျော်ဇေယျ၏ **"ကျွန်တော်နှင့်စာအုပ်များ"** ခေါင်းစဉ်ဖြင့် စာပေဟောပြောပွဲတို့ကိုလည်း မြိုင်မြိုင်ဆိုင်ဆိုင် ထည့်သွင်းကျင်းပသည်။

စနေ-တနင်္ဂနွေ စာအုပ်လမ်းကို ပြန်ကြားရေးဝန်ကြီးဌာန၏ စာအုပ်စာပေ ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်အရ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတို့၏ ကူညီမှုဖြင့် ဖွင့်လှစ်ရောင်းချထားရာ စာပေချစ်မြတ်နိုးသူများအနေဖြင့် စနေ-တနင်္ဂနွေ ရုံးပိတ်ရက်များတွင် လာရောက်လေ့လာ ဝယ်ယူစေချင်ကြောင်း သတင်းကောင်းပါးလိုက်ရသည်။

**ကိုကိုဇော်၊ ဓာတ်ပုံ-ဇော်မင်းလတ်**



ရန်ကုန်စာအုပ်လမ်း ဖွင့်လှစ်ရောင်းချနေမှုကို တွေ့ရစဉ်။



# ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးစင်တာတွင် ဖလင်ထိန်းသိမ်းရေး ဟောပြောပွဲကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၁၆**

The Japan Foundation, Yangon ၏ စီစဉ်မှုဖြင့် ပြန်ကြားရေးဝန်ကြီးဌာန ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးစင်တာ၊ ဂျပန်နိုင်ငံသံရုံး၊ Save Myanmar Film နှင့် Watthan Film Festival တို့ ပူးပေါင်း၍ "Film Archivists Special Lecture-Preserving Our Film Heritage for the Future" ခေါင်းစဉ်ဖြင့် ဖလင်ထိန်းသိမ်းရေးဟောပြောပွဲကို ယနေ့ မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ဗဟန်းမြို့နယ် အမှတ်(၅၀) ရွှေတောင်ကြားလမ်း ရုပ်ရှင်အနုပညာရပ်ဝန်းရှိ ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးစင်တာ၌ ကျင်းပသည်။**(အပေါ်ပုံ)**

အဆိုပါဟောပြောပွဲတွင် ဂျပန်နိုင်ငံမှ Archivist Mr. Akira TOCHI နှင့် National Film Archive of Japan မှ Researcher Mr. Aki NISHISAWA တို့က ဖလင်ထိန်းသိမ်းရေး နည်းစနစ်များအကြောင်း ဟောပြောပို့ချခဲ့ကြသည်။

**သတင်းစဉ်**

# စာပေဆွေးနွေးပွဲနှင့် ကဗျာပွဲတော်သို့ တက်ရောက်ရန်ထွက်ခွာ

**ရန်ကုန် ဖေဖော်ဝါရီ ၁၆**

မြန်မာနိုင်ငံ စာရေးဆရာအသင်း ဒုတိယဥက္ကဋ္ဌ ဦးအုန်းမောင် (မြင်းမူမောင်နိုင်မိုး) ခေါင်းဆောင်သော အဖွဲ့သည် ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့တွင် ဖေဖော်ဝါရီ ၁၅ ရက်မှ ၂၁ ရက်အထိ ကျင်းပမည့် ဗီယက်နမ်စာပေယဉ်ကျေးမှု နှီးနှောဖလှယ်ပွဲနှင့် နိုင်ငံတကာ ကဗျာရွတ်ဆိုပွဲအခမ်းအနားသို့ တက်ရောက်ရန် ဖေဖော်ဝါရီ ၁၅ ရက် ညနေပိုင်းက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ ဟနွိုင်းမြို့သို့ ထွက်ခွာသွားကြသည်။ မြန်မာကိုယ်စားလှယ်အဖွဲ့တွင် အဖွဲ့ဝင်များအဖြစ် မြန်မာနိုင်ငံ စာရေးဆရာအသင်း အတွင်းရေးမှူး ဦးညွန့်တင် (မောင်ငြိမ်းသူ-ကြို့ပင်ကောက်)၊ တွဲဖက်အတွင်းရေးမှူး(၁) ဦးမြတ်ဝေတိုး (မြတ်ဝေတိုး-ပညာရေးတက္ကသိုလ်)၊ဗဟိုအမှုဆောင်ကော်မတီဝင် ဦးကျော်စိုး (မောင်ကျေးဇူး)နှင့် မြဝတီမြို့နယ် စာရေးဆရာအသင်းဥက္ကဋ္ဌ ဦးသက်ဦး (သက်နိုင်ဦး-မြဝတီ)တို့လည်း လိုက်ပါသွားကြောင်းနှင့် အဆိုပါအခမ်းအနားသို့ ကမ္ဘာ့နိုင်ငံများမှ ကဗျာဆရာ၊ စာရေးဆရာ ၁၀၀ ကျော် တက်ရောက်မည်ဖြစ်ကြောင်း သိရသည်။

**မြန်မာ့အလင်း**

# ရန်ကုန်တိုင်းဒေသကြီး တိုင်းရင်းသားအခွင့်အရေး ကာကွယ်စောင့်ရှောက်ရေးရုံး တည်ဆောက်မှု ၁၀၀ ရာခိုင်နှုန်းပြီးစီး၍ မကြာမီ ဖွင့်လှစ်ဆောင်ရွက်ပေးသွားမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၆

**ဒုတိယအကြိမ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို ယမန်နေ့နံနက် ၁၀ နာရီက ဒဂုံမြို့နယ်ရှိ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်အစည်း အဝေးခန်းမ၌ ကျင်းပခဲ့ရာ တက်ရောက်ခွင့်ရှိသည့် ကိုယ်စားလှယ်ဦးရေ ၁၂၂ ဦးအနက် ၁၁၄ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။**



ဒုတိယအကြိမ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ ကျင်းပစဉ်။

အစည်းအဝေးတွင် ကွမ်းခြံကုန်း မြို့နယ် မဲဆန္ဒနယ်အမှတ်(၁) ရန်ကုန် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမန်းအောင်ကိုမင်းက ယခုအချိန်အခါမှာ နိုင်ငံတော်အစိုးရအနေဖြင့် ရန်ကုန် တိုင်းဒေသကြီးတွင် သာမကဘဲ အခြား တိုင်းဒေသကြီးနဲ့ ပြည်နယ်များမှာ တိုင်းရင်းသားစာပေယဉ်ကျေးမှု၊ ဓလေ့ ထုံးစံများ၊ တိုင်းရင်းသားပွဲတော်များကို အလေးထား ဆောင်ရွက်ပေးနေသည်ကို ဝမ်းမြောက်ဝမ်းသာ တွေ့ရှိရကြောင်း၊ ပိုမို စနစ်တကျတွေ့ရှိရဖို့ ရန်ကုန်တိုင်းဒေသ ကြီး တိုင်ရင်းသားစာပေယဉ်ကျေးမှု ဦးစီးဌာနအနေဖြင့် တိုင်းရင်းသားအခွင့် အရေး ကာကွယ်စောင့်ရှောက်ရေးရုံးများ အား တည်ဆောက်နေမှုကိုလည်း ကြားသိရပါကြောင်း၊ အဆိုပါ လုပ်ငန်း များကို အများပြည်သူ ပွင့်လင်းမြင်သာစွာ သိရှိနိုင်ရန်အတွက် "ရန်ကုန်တိုင်း ဒေသကြီး တိုင်းရင်းသားစာပေ၊ ယဉ်ကျေးမှုဦးစီးဌာနရုံးနှင့် တိုင်းရင်းသား အခွင့်အရေး ကာကွယ်စောင့်ရှောက်ရေး ရုံးများအား တည်ဆောက်ပြီးစီးမှု မည်မျှ ရှိသနည်း၊ မည်သည့်အချိန်တွင် ရာနှုန်း ပြည့် ပြီးစီးမည်ကို သိရှိလိုကြောင်း" မေးခွန်းကို မေးမြန်းခဲ့သည်။

အဆိုပါ မေးခွန်းနှင့် ပတ်သက်၍ ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး နော်ပန်းသဉ္ဇာမျိုးက ရန်ကုန်တိုင်း ဒေသကြီး ကမာရွတ်မြို့နယ် ဉယျာဉ် လမ်း ခြံအမှတ်(၃)တွင် တိုင်းရင်းသား လူမျိုးရေးရာဝန်ကြီးဌာန ဦးစီးဌာနနှစ်ခု ညွှန်ကြားရေးမှူးရုံး တိုးချဲ့ဆောင်အသစ် နှင့် ပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းအား ဆောက်လုပ်ရေးဝန်ကြီးဌာန အဆောက် အဦးအထူးအဖွဲ့(၂)မှ တာဝန်ယူဆောက် လုပ်ခဲ့ပြီး ယခုအခါ ၁၀၀ ရာခိုင်နှုန်း ပြီးစီး နေပြီဖြစ်ပါကြောင်း၊ အဆောက်အဦ လွှဲပြောင်းလက်ခံနိုင်ရေး လုပ်ငန်းများ ကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ များမကြာခင် သုံးလပိုင်းလောက်တွင် ဖွင့်လှစ်နိုင်ရန် ကြိုးပမ်းလျက်ရှိကြောင်း၊ ရုံးဖွင့်ပြီးလျှင် တိုင်းရင်းသားရေးရာ ကိစ္စများကို အထက်ပါရုံးများတွင် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားခဲ့သည်။

အစည်းအဝေး ဆဋ္ဌမနေ့တွင် လွှတ်တော်ကိုယ်စားလှယ်များမှ ကြယ်ပွင့်ပြ မေးခွန်းငါးခု မေးမြန်းခဲ့ပြီး မေးခွန်း များအား ရန်ကုန်တိုင်းဒေသကြီးအစိုးရ အဖွဲ့ဝင် ဝန်ကြီးများက ပြန်လည် ဖြေကြား ခဲ့သည်။

**သတင်းနှင့်ဓာတ်ပုံ**
**နိုင်လင်းကျော်(ဒလ)**

## ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန် ဂျပန်နိုင်ငံတက္ကသိုလ်ကျောင်းသားများ ဂျူဒိုအဖွဲ့နှင့် မြန်မာဂျူဒိုအဖွဲ့တို့အား တွေ့ဆုံကြည့်ရှုအားပေး

ရန်ကုန် ဖေဖော်ဝါရီ ၁၆

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်သည် ယနေ့ မွန်းလွဲ ၃ နာရီက ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် ကျိုက္ကဆံအားကစားကွင်းရှိ အားကစားနှင့် ကာယပညာဦးစီးဌာန အစည်းအဝေးခန်းမတွင် မြန်မာနိုင်ငံ ဂျူဒိုအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးထွန်းထွန်း၊ ဒုတိယဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ Hoku' etsu University Judo Federation President Yasuji Maki ဂျပန်နိုင်ငံတက္ကသိုလ် ကျောင်းသားများ ဂျူဒိုအဖွဲ့ အဖွဲ့ခေါင်းဆောင်များနှင့် လက်ခံတွေ့ဆုံခဲ့သည်။**



ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန် က ပြောကြားရာတွင် မြန်မာနိုင်ငံ ဂျူဒို အားကစား ဖွံ့ဖြိုးတိုးတက်ရေးအတွက် နှစ်နိုင်ငံချစ်ကြည်ရေးကို မြှင့်တင်ပေး ခြင်းအတွက် များစွာကျေးဇူးအထူး တင်ရှိပါကြောင်း၊ မိမိတို့၏ မြန်မာ့ လက်ရွေးစင် ဂျူဒိုအားကစားသမားများ ကို ၂၀၁၉ ခုနှစ် ဖိလစ်ပိုင်နိုင်ငံတွင် ကျင်းပပြုလုပ်မည့် အကြိမ်(၃၀) မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် အောင်မြင်မှုရရှိရန် အစွမ်းကုန်ပူးပေါင်း သင်ကြားပေးစေလိုကြောင်း၊ လိုအပ်ချက် အကူအညီများရှိပါက ရင်းနှီးပွင့်လင်းစွာ ပြောကြားရန် လိုအပ်ပါကြောင်း ပြောကြားခဲ့ပြီး ဂျပန်နိုင်ငံတက္ကသိုလ် ကျောင်းသားများ ဂျူဒိုအဖွဲ့မှလည်း All Japan Judo Federation မှ တစ်ဆင့် မြက်ဖျာ ၁၃၇ ချပ်ကို မြန်မာနိုင်ငံ ဂျူဒိုအဖွဲ့ချုပ်သို့ လှူဒါန်းမည်ဖြစ်ပါ ကြောင်း၊ ၂၀၂၀ ပြည့်နှစ် တိုကျိုအိုလံပစ် ပြိုင်ပွဲအား ရည်စူး၍ ဂျပန်နိုင်ငံတွင် လာရောက်ပူးတွဲ လေ့ကျင့်စေလိုပါ ကြောင်း၊ မိမိတို့အဖွဲ့အား ညွှေ့ဝတ် ကျေပွန်စွာပေးသည့်အတွက် အထူး ကျေးဇူးတင်ရှိပါကြောင်း ပြောကြား ခဲ့သည်။

**တွေ့ဆုံနှုတ်ဆက်**

ယင်းနောက် ဒုတိယဝန်ကြီး၊ မြန်မာ နိုင်ငံ ဂျူဒိုအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးထွန်းထွန်း၊ ဒုတိယဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ Hoku' etsu University Judo Federation President Yasuji Maki ဂျပန်နိုင်ငံတက္ကသိုလ် ကျောင်းသားများ ဂျူဒိုအဖွဲ့ အဖွဲ့ခေါင်းဆောင်များ လိုက်ပါ လျက် အားကစားနှင့် ကာယပညာသိပ္ပံ (ရန်ကုန်) ဂျူဒိုလေ့ကျင့်ရေးခန်းမတွင် Hoku' etsu University Judo Federation ဂျပန်နိုင်ငံတက္ကသိုလ် ကျောင်းသားများ ဂျူဒိုအဖွဲ့ ၁၄ ဦးနှင့် မြန်မာ့လက်ရွေးစင် ဂျူဒိုအားကစား သမားများ ပူးပေါင်းလေ့ကျင့်နေမှုကို ကြည့်ရှုအားပေး တွေ့ဆုံနှုတ်ဆက် ခဲ့သည်။ (ဝဲပုံ)

**ပေါင်းစပ်ညှိနှိုင်း**

ဆက်လက်၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်နှင့် မြန်မာ့ လက်ရွေးစင်ဟောင်းများ အသင်းမှ တာဝန်ရှိပုဂ္ဂိုလ်များ တွေ့ဆုံခဲ့ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် မြန်မာ့လက်ရွေးစင်ဟောင်းကြီးများက မြန်မာတစ်နိုင်ငံလုံးရှိ အားကစားဖွံ့ဖြိုး တိုးတက်ရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ် အားကစားနှင့် ကာယပညာ ဦးစီးဌာနမှ ညွှန်ကြားရေးမှူးများ၊ အားကစားနှင့် ကာယပညာသိပ္ပံကျောင်း ခြောက်ကျောင်းမှ ကျောင်းအုပ်ကြီး များနှင့် ပေါင်းစပ်လုပ်ကိုင်ညှိနှိုင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရ သည်။ **သတင်းစဉ်**

## ပြည်ထောင်စုလွှတ်တော် ဖွံ့ဖြိုးရေးရန်ပုံငွေကျပ် သိန်း ၁၀၀၀ ဖြင့် ဆောင်ရွက်မည့်လုပ်ငန်းများအား ရန်ပုံငွေလွှဲပြောင်းပေးအပ်

**ကောလင်း ဖေဖော်ဝါရီ ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဇာတိမာန်ခန်းမ၌ ဖေဖော်ဝါရီ ၁၆ ရက် မွန်းလွဲ ၁ နာရီက ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုလွှတ်တော် ဖွံ့ဖြိုးရေးရန်ပုံငွေ ကျပ်သိန်း၁၀၀၀ ဖြင့် ဆောင်ရွက်မည့် လုပ်ငန်းများအား ရန်ပုံငွေလွှဲပြောင်းပေးအပ်ပွဲအခမ်းအနား ကျင်းပသည်။

အခမ်းအနားတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမျိုးဇော်အောင်နှင့် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးတင်စိုးတို့က အမှာစကားပြောကြားကြပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်ဝင်းက ကျေးလက်နေပြည်သူများ၏ ရေရရှိရေး၊ လမ်း၊ တံတားလုပ်ငန်း တည်ဆောက်ခြင်းတို့နှင့် ပတ်သက်၍ လုပ်ငန်းဆောင်ရွက်ရာတွင် သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ ဆောင်ရွက်သွားကြရန် ရှင်းလင်းပြောကြားသည်။ ထို့နောက် သောက်သုံးရေရရှိရေးလုပ်ငန်း ငါးမျိုး၊ လမ်းလုပ်ငန်း ၁၇ မျိုး၊ တံတားတည်ဆောက်ခြင်းလုပ်ငန်း ကိုးမျိုး၊ အခြားလုပ်ငန်းနှစ်မျိုး စုစုပေါင်း ၃၃ မျိုးကို လုပ်ငန်းဆောင်ရွက်မည့် ကျေးရွာအုပ်စုပေါင်း ၂၇ အုပ်စုမှ ကျေးရွာပေါင်း ၃၃ ရွာအတွက် သက်ဆိုင်ရာ တာဝန် ရှိသူများက သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများအား လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။ **(အောက်ပုံ) မြို့နယ်(ပြန်/ဆက်)**



## မြန်မာ-တရုတ်နယ်စပ် မူဆယ်၌ တရုတ်နှစ်သစ်ကူးရက် ပြီးစီးသည့်နေ့မှစ၍ ဝင်ရောက်သွားလာသူများလာ

**မူဆယ် ဖေဖော်ဝါရီ ၁၆**

ရှမ်းပြည်နယ်မြောက်ပိုင်း မြန်မာ-တရုတ်နယ်စပ် မူဆယ်နှင့် ဂျယ်ဂေါင် အဝင်၌ တရုတ်နှစ်သစ်ကူးပြီးစီးသည့် နောက်ပိုင်း ဖေဖော်ဝါရီ ၁၄ ရက်မှစ၍ နေ့စဉ်ဝင်ရောက်သွားလာသူ များပြား လျက်ရှိကြောင်း သိရသည်။

အဆိုပါ နယ်စပ်ဖြတ်သန်းကြရာ တွင် ကူးသန်းရောင်းဝယ်ကြသူများ၊ ခေတ္တလာရောက်လည်ပတ်သူများ၊ စက်ရုံ အလုပ်ရုံ၊ စိုက်ပျိုးရေး၊ စက်မှုလက်မှု လုပ်ငန်းများတွင် သွားရောက်အလုပ်လုပ် ကိုင်ကြသူများ ပါဝင်ကြရာ လူဝင်မှု ကြီးကြပ်ရေးဦးစီးဌာနက နယ်စပ်ဒေသ တွင် အခြေချနေထိုင်ကာ အိမ်ထောင်စု၊ မှတ်ပုံတင်ရှိသူများကို တစ်နှစ်သက်တမ်း ရှိ နယ်စပ်ဖြတ်သန်းခွင့်စာအုပ် ပြုလုပ် ပေးပြီး ဝင်ထွက်သွားလာကြသည်။ နယ်စပ်တွင် နေထိုင်ကြသူများ မဟုတ်ပါ က ရက်သတ္တပတ် သွားလာလည်ပတ်ခွင့် ရှိသည့် ကတ်ပြားဖြင့်သာ သွားလာ လည်ပတ်ခွင့်ရှိသည်။

မူဆယ်မှ တရုတ်နိုင်ငံအတွင်းသို့ ဂျယ်ဂေါင်မှတစ်ဆင့် ဖြတ်သန်းသွားလာ ကြရသည်ဖြစ်ရာ မူဆယ်မြို့ ရွှေနန်းတော် အလယ်ပေါက်၊ ဆင်ဖြူဂိတ်၊ မန့်ဝိန်းဂိတ် သုံးဂိတ်ရှိရာ ဖေဖော်ဝါရီ ၁၄ ရက်က သွားရောက်ခဲ့သူတစ်ဦးက "ရွှေနန်းတော် အလယ်ပေါက်မှာ လူအလွန်များလို့ဆိုပြီး ဆင်ဖြူဂိတ်ကနေဝင်တာ အဲဒီမှာ ပိုတောင်များသေးတယ်။ ကျွန်တော် နေ့လယ် ၁၂ နာရီခွဲကတည်းက တန်းစီတာ ည ၇ နာရီကျော်မှပဲ ဂျယ်ဂေါင်ထဲ ရောက်တယ်။ ဆင်ဖြူဂိတ်တစ်ခုတည်း မနက်ကနေ ညအထိဆိုရင် လူသုံးထောင် လောက်ရှိမယ်ထင်တယ်။ ဒါတောင် ဒီတစ်ဂိတ်တည်းပဲ ရှိသေးတယ်"ဟု ပြောပြခဲ့သည်။ ဆင်ဖြူဂိတ်တွင် ကား၊ သုံးဘီးအတန်း၊ ဆိုင်ကယ်အတန်း၊ တစ်ပတ်လည်ပတ်ခွင့်အတန်း၊ နယ်စပ် ဖြတ်သန်းခွင့် စာအုပ်အနီအတန်းများဖြင့် အတန်းလေးတန်းတန်းစီ၍ သီးခြားစီ ဝင်ရပြီး ကား၊ သုံးဘီး၊ ဆိုင်ကယ်ဖြင့် ဝင်ရောက်သူများမှအပ ဝင်ရောက်သူများ အားလုံး လက်ချောင်း ၁၀ ချောင်းကို လက်ဗွေနှိပ်ကာ အသေးစိတ် စိစစ်ဆောင် ရွက်ပြီးမှသာ ဝင်ရောက်ကြရသဖြင့် ယခင်ကထက် ပို၍ကြန့်ကြာမှု ရှိကြောင်းသိရသည်။ **ဉာဏ်မင်း(နမ့်ခမ်း)**



မူဆယ်နယ်စပ်ဂိတ်တွင် ဝင်ရောက်သွားလာကြသူများကို တွေ့ရစဉ်။

# စုပေါင်းနွှဲပျော် တပို့တွဲလရာသီ ထမနဲပွဲတော်

**ရှင်မင်း**

**"ကုံရာသီမာသ၊ သဘာဝရှင်စွာ။ ထာဝရစဉ်လာ၊ များသူငါခြိမ့်သဲ။ ညာဇမ္ဗူသာစုခေါ်အောင်၊ ယာဂုတော် ကြိုဆောင်သည့်ပွဲ။ စားတော်ရ ဆန်ပေါက်ဝါ၊ လေးပြည်သာထည့်မြဲ။ ချိန်ပိသာ လျှံကြည်ရွှဲအောင်လို့၊ နှမ်းဆီလည်းထည့်ပြန်။ မြေပဲဆန် အင္ဂသုညငယ်နှင့် ဒွတ္တိံသတိ လဗိဇံ။ အုန်းသီးစိတ် ကျပဝီသံငယ်၊ လောနတံ ချိန်သတ်နှင့်။ ဂျင်းနဖတ် သိင်္ဂီ မျှင်ရွှေ၊ သုံးကျပ်မသွေ၊ နည်းစဉ်ဆက် သမုဆွေငယ်၊ ဥပဒေ မော်ကွန်းပလေး" ဟူ၍ ရှေးမြန်မာများက ကုံရာသီ တပို့တွဲ၏ ထမနဲထိုးခြင်းအလေ့အထကို တေးထပ်ရေးဖွဲ့ ဖော်ညွှန်းထားသည်။**

**မြန်မာ့ရိုးရာ ထမနဲထိုးရာတွင် ကောက်ညှင်းဆန် လေးပြည်လျှင် ဆီတစ်ပိဿာ၊ ဂျင်း သုံးကျပ်သား၊ မြေပဲ ၈၀ ကျပ်သား၊ နှမ်း ၃၂ ကျပ်သား၊ အုန်းသီးစိတ် ၂၀ ကျပ်သားနှင့် ဆား ၇ ကျပ်သား အချိုးအစားထည့်၍ ပြုလုပ်လေ့ရှိကြောင်း သိရှိရပါသည်။**



ဇေယျာသီရိမြို့နယ် ခေတ်အေးကျေးရွာအုပ်စု စက်ကုန်းကျေးရွာတွင် ယမန်နှစ်က ထမနဲထိုးပွဲ ကျင်းပကြစဉ်။ ဓာတ်ပုံ- တင်မောင်လွင်

**အေးမြဆဲ ရာသီတပို့တွဲ အပူဆောင်သည့် ထမနဲ**

ထမနဲပွဲကျင်းပသည့် တပို့တွဲလ၏ အချမ်းပိုပုံကို "တပို့တွဲ ကျွဲချိုဖျား ဆတ်ဆတ်ခါ"၊ "နှာရည်စို့ရွှဲ တပို့တွဲ" စသည်ဖြင့် ဖော်ကျူးထားကြသည်။ ထို့ပြင် "ကုံရာသီ တပို့တွဲ၊ ပေါက်လည်း ငုံကင်း၊ ဆီးနှင်းပေါက်ထန်၊ မြောက်ယံလေသွေး၊ အေးမြဆဲ" ဟု ဆိုကြသည့် အေးမြဆဲရာသီ တပို့တွဲတွင် အပူဆောင်သည့် ထမနဲကို အပူဓာတ်ရရှိစေရန် ရည်ရွယ်စားသုံးကြခြင်း ဖြစ်သည်။

ရှေးယခင်က ကောက်သစ်ပေါ်သည့် တပို့တွဲလ အခါသမယတွင် ယာဂုကျိုပြီး လှူဒါန်းသည့် အလေ့အထမှ ကျိုသည့်အဓိပ္ပာယ်နှင့် ဆင်တူသည့် နှဲခြင်းမှ ထမင်းနှဲ၊ ထမနဲဟူ၍ ပြောင်းလဲလာကြောင်း ဖတ်မှတ်သိရှိရပါသည်။ တချို့က ထမနဲကို နှမ်းကို ပိုပိုသာသာထည့်ခြင်းဖြင့် နှမ်းမနဲဟူ၍လည်း ခေါ်ကြကြောင်း သိရှိရပါသည်။ ထမနဲ ထိုးရာတွင် တစ်ယောက်တစ်လက်နှင့် စုပေါင်းအင်အားပြနိုင်မှသာ ထမနဲကောင်း ရရှိနိုင်သည်။ ပါဝင်သော အမယ်ပစ္စည်းများ အချိုးအစားမှန်ကန်ပြီး အထိုးနိုင်ပါက ထမနဲသည် စားကောင်းရုံသာမက ရက်ရှည်လည်း အထားခံကြောင်း ပြောဆိုကြသည်။

**ပုဆိုးခါးတောင်းကျိုက် ထမနဲထိုးဟန်**

ရှေးမြန်မာများကဲ့သို့ ထိုးကွင်းမင်ကြောင်များ ပေါ်လွင်နေသည့် ပုဆိုးခါးတောင်းကျိုက်ဖြင့် စုပေါင်း၍ ထမနဲထိုးသည့် အသွင်သဏ္ဌာန်သည် ယနေ့ခေတ်တွင် မရှိတော့ပေ။ သို့သော် ယနေ့ခေတ် ထမနဲထိုးခြင်းအလေ့အထနှင့်အတူ ရှေးမြန်မာများ၏ ထိုးကွင်းမင်ကြောင်များဖြင့် ပုဆိုးခါးတောင်းကျိုက် ထမနဲထိုးဟန်ကို ရုပ်ပုံများအဖြစ် အမှတ်တရ အသုံးပြုနေကြဆဲဖြစ်သည်။

ထမနဲသည် ရိုးရာအစားအစာဆိုသည့် နှစ်သက်ဖွယ်အဓိပ္ပာယ်သာမက ထမနဲ ထိုးရာတွင် ညီညီညာညာ စုပေါင်းပြုလုပ်ရသည့်အတွက် ညီညွတ်မှုပြယုဂ်ကိုလည်း ဖော်ပြလျက်ရှိသည်။ တပို့တွဲလပြည့်နေတွင် မြန်မာ့ရိုးရာ ထမနဲကို မွှန်မွှန်မြတ်မြတ် စုပေါင်းပြုလုပ်ပြီး သံဃာတော်များထံ ဆက်ကပ်လှူဒါန်းခြင်း၊ စတုဒိသာကုသိုလ်အဖြစ် ကျွေးမွေးခြင်းတို့မှာ ရှေးမြန်မာများ လက်ထက်မှသည် ယနေ့ခေတ်အထိ အစဉ်အဆက် ပြုလုပ်လာခဲ့သည့် ကြည်နူးဖွယ်ဓလေ့တစ်ခုဖြစ်သည်။

**ထူးခြားသည့် ဆယ့်နှစ်လရာသီပွဲတော်တစ်ခု**

တပို့တွဲလ ထမနဲပွဲဟူ၍ အများခေါ်ဆိုကြပါသည်။ နိုင်ငံအနှံ့အပြားတွင် ပြုလုပ်ကြသည့်အတွက် တပို့တွဲထမနဲပါတီဟုလည်း ခေါ်ဆိုကြပါသည်။ ထို့ပြင် မြန်မာ့ရိုးရာ အစားအစာတစ်ခုကို အမည်စွဲခေါ်ဆိုသည့် ထူးခြားသော ဆယ့်နှစ်လရာသီပွဲတော်တစ်ခုလည်း ဖြစ်သည်။

ယခုအခါ ရာသီတပို့တွဲ ရောက်ရှိလာပြီဖြစ်သည့်အတွက် မြန်မာနိုင်ငံ အနှံ့အပြားတွင် ရိုးရာထမနဲထိုးခြင်းနှင့် ပတ်သက်၍ လှုပ်ရှားမှုများကိုလည်း နှစ်သက်ဖွယ် တွေ့မြင်နေရပါသည်။ အသင်းအဖွဲ့အားဖြင့်၊ ရပ်ကွက်အားဖြင့် စသည်ဖြင့် စုပေါင်းပြုလုပ်ကြသည်။ လပြည့်ရက်မတိုင်မီ လဆန်းရက်များကပင် ထမနဲထိုးကြ၊ လှူဒါန်းကြဖြင့် ချစ်စဖွယ်မြန်မာ့ဓလေ့မှာ ပေါ်လွင်နေပြီဖြစ်သည်။

**နေပြည်တော်၌ ပထမဆုံးအကြိမ်အဖြစ် ကျင်းပမည်**

ထိုကဲ့သို့ ချစ်စဖွယ် မြန်မာ့ဓလေ့နှင့်အတူ ညီညွတ်ခြင်းပြယုဂ်ကို ညွှန်ပြနေသည့် မြန်မာ့ရိုးရာထမနဲထိုးပွဲကို ယခု တပို့တွဲလပြည့်နေ့ (ဖေဖော်ဝါရီလ ၁၉ ရက်နေ့) တွင် နေပြည်တော်ရှိ ဝန်ကြီးဌာနများစုပေါင်းပါဝင်၍ ပထမဆုံးအကြိမ်အဖြစ် ကျင်းပသွားမည်ဖြစ်သည်။ ထိုသို့ ကျင်းပရာတွင် "မြန်မာ့ရိုးရာ ထမနဲထိုးပြိုင်ပွဲနှင့် ပျော်ပွဲရွှင်ပွဲ" အမည်ဖြင့် ကျင်းပသွားမည်ဖြစ်သည်။ ထမနဲထိုးပြိုင်ပွဲဖြစ်သော်လည်း ညီညွတ်ခြင်းနှင့် ရိုးရာအလေ့အထကို ပေါ်လွင်စေသည့် ပွဲတော်အဖြစ်သာ ဦးတည်ကျင်းပသွားမည်ဟု သိရှိရပါသည်။

နေပြည်တော်တွင် ပထမဆုံးအကြိမ်ကျင်းပမည့် "မြန်မာ့ရိုးရာ ထမနဲထိုးပြိုင်ပွဲနှင့် ပျော်ပွဲရွှင်ပွဲ" နှင့် ပတ်သက်၍ "ပြည်သူ့ဝန်ထမ်းဆိုတာ ကျရာနေရာမှာ တာဝန်ထမ်းဆောင်ရတာဖြစ်တဲ့အတွက် ဒီလိုရိုးရာဓလေ့တွေကို ကိုယ့်ရပ်ရွာက မိဘတွေ၊ ဆွေမျိုးတွေနဲ့အတူ ကျင်းပဖို့အခွင့်အရေးက နည်းတယ်။ အခု နေပြည်တော်မှာ ဝန်ထမ်းတွေအတွက် စုပေါင်းပြီး ဒီလိုကျင်းပပေးတော့ ပျော်ပါတယ်။ ထမနဲထိုးတဲ့အခါ တစ်ဦးကောင်းဆိုတာ မရှိဘူး။ အားလုံးက စုပေါင်းပြီး ထိုးရတယ်။ ဒီလိုထိုးတဲ့အခါမှာလည်း ထမနဲထိုးတဲ့သူတွေ အားအပြည့်နဲ့ ထိုးနိုင်အောင် ဘေးကနေ အားပေးကြရတယ်။ စုစုစည်းစည်းနဲ့ ပျော်စရာကောင်းတဲ့ အလေ့တစ်ခုပါ" ဟု နေပြည်တော်တွင် တာဝန်ထမ်းဆောင်နေသည့် ဝန်ထမ်းတစ်ဦးဖြစ်သူ မတင်နိုင်ဝင်းက ပြောသည်။

"မြန်မာ့ရိုးရာ ထမနဲထိုးပြိုင်ပွဲနှင့် ပျော်ပွဲရွှင်ပွဲ" အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဦးစီးကော်မတီ၊ ဆပ်ကော်မတီများဖွဲ့စည်းကာ သက်ဆိုင်ရာကဏ္ဍအလိုက် တာဝန်ယူဆောင်ရွက်ကြမည် ဖြစ်သည်။ "မြန်မာ့ရိုးရာ ထမနဲထိုးပြိုင်ပွဲနှင့် ပျော်ပွဲရွှင်ပွဲ" ကို နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ တာဝေးစက်ဘီးအားကစားကွင်း၌ တပို့တွဲလပြည့်နေ့ ညနေ ၄ နာရီခွဲတွင် စတင်ကျင်းပသွားမည်ဖြစ်သည်။ ထမနဲထိုးပြိုင်ပွဲတွင် အိုးစည်ဒိုးပတ်ဝိုင်းများဖြင့် အားပေးသည့် အစီအစဉ်များအပြင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဖျော်ဖြေရေးအစီအစဉ်များကိုလည်း ထည့်သွင်းထားသည်။

**အပြန်အလှန် ချစ်ကြည်ရင်းနှီးမှု ဖြစ်ထွန်း**

"မြန်မာ့ရိုးရာ ထမနဲထိုးပြိုင်ပွဲနှင့် ပျော်ပွဲရွှင်ပွဲ" နှင့် ပတ်သက်၍ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က "ဒီထမနဲထိုးပြိုင်ပွဲနဲ့ ပျော်ပွဲရွှင်ပွဲကို ဝန်ကြီးဌာန အချင်းချင်းအကြား အပြန်အလှန် ချစ်ကြည်ရင်းနှီးမှု ဖြစ်ထွန်းဖို့နဲ့ ပျော်ရွှင်စေဖို့ နေပြည်တော်မှာ ကျင်းပခြင်းဖြစ်ပါတယ်။ ထမနဲထိုးတယ်ဆိုတာ မြန်မာ့ရိုးရာဓလေ့တစ်ခု ဖြစ်ပါတယ်။ ဒီလို ထမနဲထိုးရာမှာလည်း စုပေါင်းလုပ်ဆောင်ရတဲ့အတွက် ချစ်ကြည်ရင်းနှီးမှု ပိုမိုရရှိစေပါတယ်။ ပြီးတော့ အများပြည်သူကြားမှာ ပိုမိုပြန့်ပွားအောင်နဲ့ တခြားနိုင်ငံတွေက မြန်မာနိုင်ငံရဲ့ ရိုးရာဓလေ့တစ်ခုအဖြစ် သိမြင်အောင် ရည်ရွယ်ကျင်းပတာ ဖြစ်ပါတယ်" ဟု ပွဲတော် ကျင်းပသည့်ရည်ရွယ်ချက်ကို ပြောကြားထားသည်။

"ပွဲတော်လုပ်တယ်ဆိုပေမယ့် ပိုက်ဆံတွေ အများကြီးကုန်၊ လူတွေပင်ပန်း၊ ဒါမျိုးတွေ မဖြစ်အောင်လည်း စီစဉ်ထားပါတယ်။ မြန်မာ့ရိုးရာ ထမနဲပွဲဆိုတာ ညီညီညွတ်ညွတ်နဲ့ ပျော်ပျော်ရွှင်ရွှင်လုပ်ရတယ်။ ဒီလိုမျိုး ညီညွတ်မှုမျိုး၊ ချစ်ခင်စည်းလုံးမှုမျိုး ရချင်တဲ့အတွက် သက်ဆိုင်ရာ ဝန်ကြီးဌာနအလိုက် ကိုယ်တတ်နိုင်တဲ့ တာဝန်ကိုယူပြီး ပျော်ပွဲရွှင်ပွဲအဖြစ် ကျင်းပတာပါ" ဟု ဦးစီးကော်မတီတွင် ပါဝင်သည့် တာဝန်ရှိသူတစ်ဦးက ပြောပြသည်။

ဝန်ကြီးဌာနပေါင်းစုံ စုပေါင်းကျင်းပသည့် မြန်မာ့ရိုးရာ ထမနဲထိုးပြိုင်ပွဲတွင် လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများကိုလည်း ဝန်ကြီးဌာနများထံ ဖြန့်ဝေထားပြီး ပျော်ပွဲရွှင်ပွဲကို အခြေခံဆောင်ရွက်သည့် ပွဲဖြစ်သည့်အတွက် မလိုလားအပ်သည့် ပြဿနာများ မဖြစ်စေရေး သက်ဆိုင်ရာ ဝန်ကြီးဌာနအလိုက် ကြီးကြပ်အဖွဲ့များဖြင့် ဆောင်ရွက်သွားမည် ဖြစ်သည်။

**လှူဒါန်းကျွေးမွေး ကုသိုလ်ယူ**

စုပေါင်းအင်အား၊ ညီညွတ်မှုအားကို ပေါ်လွင်စေသည့် တပို့တွဲလ ထမနဲပွဲအချိန်အခါမှာ ရောက်ရှိနေပြီဖြစ်သည်။ နိုင်ငံတစ်နံ့တစ်လျားတွင် တပို့တွဲလဆန်း ရက်များမှသည် လပြည့်နေ့အထိ ထမနဲထိုးကာ လှူဒါန်းကျွေးမွေး ကုသိုလ်ယူလျက်ရှိရာ နေပြည်တော်တွင်လည်း ဝန်ကြီးဌာနများ စုပေါင်း၍ ရိုးရာအစားအစာဆိုသည့် နှစ်သက်ဖွယ် အဓိပ္ပာယ်သာမက ညီညွတ်မှုပြယုဂ်ကိုလည်း ဖော်ပြနိုင်သည့် "မြန်မာ့ရိုးရာ ထမနဲထိုးပြိုင်ပွဲနှင့် ပျော်ပွဲရွှင်ပွဲ" အဖြစ် ပါဝင်ဆင်နွှဲသွားမည်ဖြစ်ကြောင်း တင်ပြရေးသားလိုက်ရပါသည်။ ။

**"တပို့တွဲလ ထမနဲပွဲဟူ၍ အများခေါ်ဆိုကြပါသည်။ နိုင်ငံအနှံ့အပြားတွင် ပြုလုပ်ကြသည့်အတွက် တပို့တွဲထမနဲပါတီဟုလည်း ခေါ်ဆိုကြပါသည်။ ထို့ပြင် မြန်မာ့ရိုးရာအစားအစာတစ်ခုကို အမည်စွဲခေါ်ဆိုသည့် ထူးခြားသော ဆယ့်နှစ်လရာသီ ပွဲတော်တစ်ခုလည်းဖြစ်"**

## လွိုင်ကော်တက္ကသိုလ်၌ ထမနဲထိုးပြိုင်ပွဲ ကျင်းပ

**လွိုင်ကော် ဖေဖော်ဝါရီ ၁၆**

လွိုင်ကော်တက္ကသိုလ်၏ ၂၀၁၈-၂၀၁၉ ပညာသင်နှစ် တက္ကသိုလ်မိသားစု ထမနဲထိုးပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၃ ရက်က လွိုင်ကော်တက္ကသိုလ်ဝင်းအတွင်း၌ ကျင်းပခဲ့သည်။

အဆိုပါပြိုင်ပွဲတွင် အသင်းလေးသင်း ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး ပထမဆုကို စီမံဌာနအသင်း၊ ဒုတိယဆုကို ဝိဇ္ဇာညွှန့်ပေါင်းအသင်း၊ တတိယဆုကို သိပ္ပံညွှန့်ပေါင်းအသင်းနှင့် နှစ်သိမ့်ဆုကို သင်တန်းရေးရာအသင်းတို့က ရရှိခဲ့ကြပြီး ဆုရအသင်းများကို တာဝန်ခံပါမောက္ခချုပ် ဒေါက်တာ မြညွန့်က ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ဖူးပြည့် (ကမာရွတ်)၊ ဓာတ်ပုံ- ထိန်လင်း**



လွိုင်ကော်တက္ကသိုလ်ဝင်းအတွင်း စုပေါင်းထမနဲထိုးပြိုင်ပွဲ ကျင်းပနေကြစဉ်။

## ငါးထပ်ကြီးဘုရားဂေါပကအဖွဲ့မှ ရိုးရာအစဉ်အလာမပျက် ထမနဲဆွမ်းကပ်လှူပွဲ ကျင်းပမည်

**ရန်ကုန် ဖေဖော်ဝါရီ ၁၆**

ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်ရှိ ငါးထပ်ကြီးဘုရား ဂေါပကအဖွဲ့မှ ရိုးရာအစဉ်အလာမပျက် ထမနဲဆွမ်းကပ်လှူပွဲကို ဖေဖော်ဝါရီ ၁၉ ရက် (တပို့တွဲလပြည့်နေ့)တွင် ကျင်းပမည်ဖြစ်သည်။

အဆိုပါ ထမနဲဆွမ်းကပ်လှူပွဲတွင် အလှူရှင်များက ထမနဲတစ်ဒယ်လျှင် ငွေကျပ် ၂၅၀၀၀ နှုန်းဖြင့် ပါဝင်လှူဒါန်းနိုင်ကြောင်း၊ အလှူခံရရှိသော ထမနဲများကို ငါးထပ်ကြီးဘုရားတွင် အရုဏ်ဆွမ်းကပ်လှူပြီးသည်နှင့် နံနက် ၇ နာရီမှစ၍ ဘုရားဖူးများနှင့်တကွ အများပြည်သူများအား ထမနဲအာဟာရဒါနပေးလှူမည်ဖြစ်ကြောင်း သိရသည်။

**ကျော်ဆန်းမြင့် (ပြန်/ဆက်)**

# အမရပူရမြို့ မဟာဝိဇယရံသီ ပုထိုးတော်ကြီးမြတ်စွာဘုရား၏ ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်အသစ် အထွတ်တင်လှူပူဇော်ပွဲ ကျင်းပမည်




**နေပြည်တော် ဖေဖော်ဝါရီ ၁၆**

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့ မဟာဝိဇယရံသီ ပုထိုးတော်ကြီး မြတ်စွာဘုရား၏ ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်အသစ် အထွတ်တင်လှူပူဇော်ပွဲကို ဖေဖော်ဝါရီ ၁၉ ရက် (တပို့တွဲလပြည့်နေ့)တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ပုထိုးတော်ကြီးကို ဘကြီးတော် စစ်ကိုင်းမင်းက ကောဇာသက္ကရာဇ် ၁၁၈၁ ခုနှစ်တွင် စတင်တည်ထားခဲ့ပြီး ၂၀၁၅ ခုနှစ် မေ ၈ ရက်က မိုးသက်လေပြင်းတိုက်ခတ်မှုကြောင့် ပိန္နဲတိုင်သုံးပိုင်းကျိုးပြတ်၍ စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ထီးတော်ဘုံလေးဆင့်တို့ မြေခပျက်စီးခဲ့ရာ ရွှေထီးတော်အသစ် တင်လှူပူဇော်ရာတွင် ကြီးမားသည့် ရှေးဟောင်းပုထိုးတော်ကြီး ဖြစ်သည့်အတွက် အထက်ဌာပနာတော်သွင်းမင်္ဂလာပူဇော်ခြင်း၊ ပန်းလည်တိုင်စိုက်ထူခြင်း၊ ရွှေထီးတော်အသစ် ဘုံကိုးဆင့် တင်လှူခြင်းတို့ကို အဆင့်အလိုက် ဆောင်ရွက်ခဲ့ကြသည်။

မဟာဝိဇယရံသီ ပုထိုးတော်ကြီး မြတ်စွာဘုရားကို ယခုကဲ့သို့ ရွှေထီးတော်အသစ် တင်လှူပူဇော်ခြင်းသည် သတ္တမအကြိမ်မြောက် တင်လှူပူဇော်ခြင်းဖြစ်ပြီး ရွှေထီးတော်အသစ် တင်လှူပူဇော်ရေးနှင့် ဘက်စုံပြုပြင်မွမ်းမံရေးလုပ်ငန်းများကို မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့မှ ဦးဆောင်ကာ အများပြည်သူများ၏ လှူဒါန်းမှုနှင့် အမရပူရမြို့ပြဖွံ့ဖြိုးရေး စီမံကိန်းဆောင်ရွက်နေသော Mandalay Business Capital City Development Ltd တို့မှ ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

**မဟန်နီ**



# ကောင်းမှုတော်စေတီတော်ကို အဖြူရောင်ဆေးသက်န်း စတင်ကပ်လှူ

**စစ်ကိုင်း ဖေဖော်ဝါရီ ၁၆**

စစ်ကိုင်းမြို့ ရာဇမဏိစူဠာ ကောင်းမှုတော်စေတီတော်ကြီး၏ ရွှေဆေးသင်္ကန်းများ ခွာချွတ်ခြင်းလုပ်ငန်းများ ပြီးစီးခဲ့ပြီဖြစ်၍ အဖြူရောင်ဆေးသင်္ကန်း ကပ်လှူမှုကို ဖေဖော်ဝါရီ ၁၄ ရက်က စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း ကောင်းမှုတော်စေတီ ဂေါပကအဖွဲ့ဒုတိယဥက္ကဋ္ဌ ဦးနီတင်က ပြောသည်။

ကောင်းမှုတော် စေတီတော်ကြီး လက်ရှိ ရွှေဆေးသင်္ကန်းမှ အဖြူရောင်ဆေးသင်္ကန်း ပြောင်းလဲကပ်လှူရန်အတွက် လုပ်ငန်းများကို ၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၁၂ ရက်ကစတင်၍ အောင်ပြည်တန် ကုမ္ပဏီက တာဝန်ယူဆောင်ရွက်ခဲ့ပြီး ရွှေဆေးများ ခွာချခြင်းလုပ်ငန်းကို ဇန်နဝါရီ ၃၀ ရက်က ပြီးစီးခဲ့ကြောင်းနှင့် ဖေဖော်ဝါရီ ၁ ရက်က စေတီတော်လုံးတော်ကြီးကို အောက်ခံကာဆေး (Map-elastic) ကို သုတ်လိမ်းခဲ့ပြီး လက်ရှိတွင် အဖြူရောင်ဆေးသင်္ကန်း စတင်ကပ်လှူနေပြီဖြစ်ကြောင်း သိရသည်။

“ တပေါင်းလပြည့်နေ့မှာ သီတဂူဆရာတော်ကြီးရဲ့ မွေးနေ့အမီပြီးစီးအောင်လုပ်မှာဖြစ်တဲ့အတွက် အခုလက်ရှိအခြေအနေအရဆိုရင် အားလုံးမွမ်းမံပြီးစီးပြီဖြစ်တဲ့အတွက် အဖြူဆေးသုတ်တဲ့လုပ်ငန်းကို စတင်ဆောင်ရွက်နေပါပြီ။ အားလုံး ၈၀ ရာခိုင်နှုန်းလောက်ပြီးစီးနေပါပြီ။ လုပ်ငန်းအနေနဲ့ ကျန်ရှိတာက ဆေးဖြူသင်္ကန်းကပ်လှူမှုနဲ့ ဆေးဖြူသင်္ကန်းပြီးတာနဲ့အပေါ်ကနေ လိုက်ကာပြန်သုတ်ဖို့ပဲ ကျန်ပါတော့တယ် ”ဟု ဂေါပကအဖွဲ့ ဒုတိယဥက္ကဋ္ဌက ပြောသည်။

ကောင်းမှုတော် စေတီတော်ကြီးကို လက်ရှိရွှေဆေးမှ အဖြူရောင်ဆေး ပြန်လည်ကပ်လှူပူဇော်မှုကို သီတဂူဆရာတော်ကြီးကိုယ်တိုင်ဦးစီး၍ သီတဂူဆရာတော်ကြီး၏ မွေးနေ့ (တပေါင်းလပြည့်) မတိုင်မီ ကောင်းမှုတော်စေတီတော်ကို အဖြူရောင်ဆေးသင်္ကန်းအပြီး ကပ်လှူမည်ဖြစ်ကာ တပေါင်းလပြည့်နေ့တွင် ကောင်းမှုတော် စေတီတော်တွင် သံဃာအပါးတစ်ထောင်နှင့် အနေကဇာတင်ခြင်းအဆိုပါ သံဃာအပါးတစ်ထောင်အား ဆွမ်းဆန်စိမ်း လောင်းလှူမည်ဖြစ်ကြောင်းနှင့် ရွှေဆေးချွတ်ခြင်းမှထွက်ရှိလာသည့် အပိုင်းအစများကို ကောင်းမှုတော်စေတီပုံစံငယ်တစ်ဆူ တည်ထားသွားမည်ဖြစ်ကြောင်း ဂေါပကအဖွဲ့ထံမှ သိရသည်။

ကောင်းမှုတော်စေတီတော်ကြီးကို အဖြူရောင်ဆေးသင်္ကန်း ပြန်လည်ကပ်လှူပူဇော်ရန် အီတလီနိုင်ငံထုတ် အဖြူရောင်ဆေးပစ္စည်း တန်ဖိုးအနေဖြင့် ငွေကျပ်သိန်း ၁၁၀၀ ကျော်နှင့် ဆေးသုတ်လုပ်အားခမှာ ကျပ်သိန်း ၁၃၀၀ ကျော် ကုန်ကျမည်ဟု ခန့်မှန်းထားကြောင်း အောင်ပြည်တန်ကုမ္ပဏီက သိရသည်။

**ကိုမင်း(အင်းတော်)**

# ခရီးသွားကဏ္ဍမြှင့်တင်ရေးအတွက် မြန်မာ့ရိုးရာအစားအစာများ ဖော်ထုတ်ခြင်းနှင့် ထမနဲထိုးပြိုင်ပွဲ မန္တလေးမြို့တွင် ကျင်းပ

**မန္တလေး ဖေဖော်ဝါရီ ၁၆**

ခရီးသွားကဏ္ဍ မြှင့်တင်ရေးအတွက် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံစားသောက်ဆိုင် လုပ်ငန်းရှင်များအသင်း (မန္တလေးဇုန်)တို့မှ ပူးပေါင်းကျင်းပသည့် ပထမအကြိမ် မြန်မာ့ရိုးရာအစားအစာများ ဖော်ထုတ်ပြသခြင်းနှင့် ထမနဲထိုးပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၆ ရက်မှစတင်၍ မန္တလေးမြို့ရှိ မဟာမုနိဘုရားကြီး အရှေ့ ၄၅ တာကွင်းတွင် ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲကို မဟာမုနိဘုရားကြီး အကြိမ်(၆၀)မြောက် ဗုဒ္ဓပူဇနိယပွဲတော်တွင် ထည့်သွင်းပါဝင်ကျင်းပခြင်းဖြစ်ပြီး ခရီးသွားကဏ္ဍနှင့် ဆက်စပ်သည့် အသင်းအဖွဲ့ ၁၁ ဖွဲ့မှ ရိုးရာအစားအစာများ၊ ဒေသထွက်ကုန်များ၊ မြန်မာ့လက်မှုအနုပညာထွက်ကုန်များနှင့် အမှတ်တရအရောင်းဆိုင်ခန်းပေါင်း ၅၀ ခန်းကျင်းဖော်ထုတ်ပြသ၍ ရိုးရာထမနဲထိုးပြိုင်ပွဲကြီးကိုလည်း ဖေဖော်ဝါရီ ၁၆ ရက်မှ ၁၉ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ရိုးရာထမနဲထိုးပြိုင်ပွဲနှင့် ပတ်သက်၍ မြန်မာနိုင်ငံ စားသောက်ဆိုင် လုပ်ငန်းရှင်များအသင်း (မန္တလေးဇုန်) ဥက္ကဋ္ဌ ဦးသက်နိုင်ကျော်ကလည်း “ ထမနဲထိုးပြိုင်ပွဲကို ဒီနေ့ကစပြီး ၁၈ ရက်အထိ နေ့စဉ်ရှစ်သင်းနှုန်းနဲ့ တစ်သင်းကို ထမနဲသုံးဒယ်နှုန်းနဲ့ မွန်းတည့် ၁၂ နာရီကနေ မွန်းလွဲ ၃ နာရီအထိ အပြီးထိုးပြီး ပြိုင်ပွဲဝင်ရမှာဖြစ်ပါတယ်။ သုံးဒယ်စလုံးမှ ရရှိတဲ့ ထမနဲအရသာကို ဒိုင်တွေက မြည်းစမ်းအမှတ်ပေးမှာ ဖြစ်ပါတယ်။ ပြိုင်ပွဲဝင်များက ရရှိလာတဲ့ ထမနဲတွေကို ဘုရားဖူးလာပြည်သူတွေကိုစတုဒိသာအဖြစ် ကျွေးမွေးလှူဒါန်းသွားမှာပါ”ဟု ပြောသည်။

ထမနဲထိုးပြိုင်ပွဲတွင် အသင်း ၁၅ သင်း ပါဝင်ယှဉ်ပြိုင်ကြပြီး ဆုရရှိသူများကို ဖေဖော်ဝါရီ ၁၉ ရက်တွင် ပထမဆု ငွေကျပ် ၁၀ သိန်း၊ ဒုတိယဆုငွေကျပ် ခုနစ်သိန်း၊ တတိယဆုငွေကျပ် ငါးသိန်း အပြင် နှစ်သိမ့်ဆုများအဖြစ် အသင်းငါးသင်းအားရွေးချယ်၍ တစ်သင်းလျှင် ငွေကျပ်တစ်သိန်းနှုန်း ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ဖြိုးကျော်**

**ဓာတ်ပုံ- အေပီကေ**





# ပြင်ဦးလွင်၌ မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲကျင်းပ

**ပြင်ဦးလွင် ဖေဖော်ဝါရီ ၁၆**

ပြင်ဦးလွင်မြို့ မဟာအံ့ထူးကံသာ(ပြည်ချစ်)ဘုရားကြီး၏ ပဥ္စမအကြိမ်မြောက် မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၆ရက်ညနေကဘုရားကြီး၏ မြောက်ဘက်ဥယျာဉ် ကားရပ်နားကွင်း၌ ကျင်းပသည်။

ထမနဲထိုးပြိုင်ပွဲသို့ ပွဲကောက်၊ ရေချမ်းဘိုး၊ ရေငယ်ကျေးရွာများမှ ကျေးရွာသူ ကျေးရွာသားများ၊ ဘုရားကြီးဂေါပကအဖွဲ့ ဝန်ထမ်းမိသားစုများ၊ ဈေးဆိုင်တန်းလိုင်းခန်းနေ မိသားစုများ စုစုပေါင်းပြိုင်ပွဲဝင်အသင်း ၁၂ သင်းမှ ထမနဲဒယ်အိုး ၆၀ ဖြင့် ယှဉ်ပြိုင်ထိုး၍ ပြိုင်ပွဲဝင်ခဲ့ကြောင်း သိရသည်။

“အသင်းတစ်သင်းကို ပြိုင်ပွဲဝင် ရှစ်ဦးသတ်မှတ်ပေးပြီး လိုအပ်တဲ့ ကောက်ညှင်းဆန်၊ ဆီ၊ အုန်းသီး၊ နှမ်း၊ ချင်းစတဲ့ပစ္စည်းတွေကို ဘုရားကြီးဂေါပကအဖွဲ့မှ ထုတ်ပေးပါတယ်။ ပြိုင်ပွဲဝင်အသင်းတွေက ဘာပစ္စည်းမှ ယူလာစရာမလိုဘဲ နည်းပညာနဲ့ လုပ်အားပဲစိုက်ထုတ်ရပါတယ်။ ပြိုင်ပွဲဝင်အသင်းတွေက ပထမဦးဆုံးထိုးတဲ့ တစ်ဒယ်ကို ပြိုင်ပွဲဝင်အိုးအဖြစ်နဲ့ သတ်မှတ်ထားပြီးကျန်တဲ့ဒယ် လေးဒယ်ကို လုပ်အားဒါနအဖြစ်နဲ့ ထိုးပေးရပါတယ်။ အသင်းတစ်သင်းကို စုစုပေါင်း ငါးဒယ်ထိုးရတာပါ ”ဟု ဘုရားကြီးဂေါပက အတွင်းရေးမှူးက ပြောသည်။

ပြိုင်ပွဲဝင်အသင်းများကို ပထမ၊ ဒုတိယ၊ တတိယဆုများ ပေးအပ်ချီးမြှင့်မည်ဖြစ်ပြီး ထမနဲများကို မြို့ပေါ်စာသင်တိုက်ဆရာတော်၊ သံဃာတော်များသို့ လည်းကောင်း၊ သံဃာအရေအတွက် များပြားသည့် ဘုန်းကြီးကျောင်းများသို့လည်းကောင်း ဆွမ်းဒါနအဖြစ် ဆက်ကပ်လှူဒါန်းမည်ဖြစ်သကဲ့သို့ ဧည့်ပရိသတ်များကိုလည်း စတုဒိသာအဖြစ် ကျွေးမွေးဧည့်ခံခဲ့ကြကြောင်း သိရသည်။

**သက်နိုင်(ပြင်ဦးလွင်)**

# Line Walker - 2 ဇာတ်ဝင်ခန်းအချို့ ရွှေတိဂုံစေတီရင်ပြင်တော်နှင့် YMCA ခန်းမတို့တွင် ရိုက်ကူး

**ရန်ကုန် ဖေဖော်ဝါရီ ၁၆**

လူကုန်ကူးမှုတိုက်ဖျက်ရေးနှိမ်နင်းမှု ဇာတ်လမ်းဖြစ်သည့် Line Walker -2 ရုပ်ရှင်ဇာတ်ကားကို ရန်ကုန်မြို့တွင် ရိုက်ကူးလျက်ရှိရာ ယနေ့တွင် ရွှေတိဂုံစေတီရင်ပြင်တော်နှင့် YMCA ခန်းမတို့တွင် ဇာတ်ဝင်ခန်းအချို့ကို ဆက်လက် ရိုက်ကူးခဲ့ကြသည်။

ထိုသို့ရိုက်ကူးမှုအနေဖြင့် ည ၇ နာရီခန့်က ရန်ကုန်မြို့ ဒဂုံမြို့နယ်ရှိ ရွှေတိဂုံစေတီရင်ပြင်တော်ရှိ အင်္ဂါထောင့်တွင် အမျိုးသားသရုပ်ဆောင် Lruyuning ၊ မင်းသမီး Tiang Peiyao တို့နှင့်အတူ ပြည်တွင်းမှ ပံ့ပိုးကူညီသရုပ်ဆောင်သူ ၃၀ ပါဝင်ပြီး အချိန် နှစ်နာရီခန့် ကြာမြင့်စွာ ရိုက်ကူးခဲ့ကြကာ နံနက်ပိုင်းကလည်း ရန်ကုန်မြို့ဗိုလ်တထောင်မြို့နယ် သိမ်ဖြူလမ်းအနီးရှိ YMCA ခန်းမတွင် ဇာတ်ဝင်ခန်းအချို့ကို ရိုက်ကူးခဲ့သည်။



Line Walker - 2 ရုပ်ရှင်ဇာတ်ကားကို သာကေတမြို့နယ်ရှိ တိုင်းရင်းသားကျေးရွာ၌ ရိုက်ကူးနေမှုကို တွေ့ရစဉ်။ ဓာတ်ပုံ-ဖေဖော်



Line Walker -2 ရုပ်ရှင်ဇာတ်ကားကို ရွှေတိဂုံစေတီရင်ပြင်တော်၌ ရိုက်ကူးနေမှုကို တွေ့ရစဉ်။ ဓာတ်ပုံ-ဖေဖော်

အလားတူ ယမန်နေ့က ဇာတ်ဝင်ခန်းအချို့ကို ရန်ကုန်မြို့ သာကေတမြို့နယ်ရှိ တိုင်းရင်းသားကျေးရွာတွင် ရိုက်ကူးခဲ့သည်။

ရန်ကုန်မြို့တွင် ရိုက်ကူးမှုများကို ရုပ်ရှင်ချစ်သူများက စနစ်တကျ လာရောက်ကြည့်ရှုအားပေးခဲ့ကြသည်။

ယင်းရုပ်ရှင်ဇာတ်ဝင်ခန်းများရိုက်ကူးမှု ဆောင်ရွက်နေစဉ် ယာဉ်ကြောကျပ်တည်းမှု မဖြစ်ပေါ်စေရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် အဆင်ပြေချောမွေ့စေရေးတို့အတွက် သက်ဆိုင်ရာဌာနများ၊ အဖွဲ့အစည်းများက ဝိုင်းဝန်းကူညီဆောင်ရွက်ပေးခဲ့ကြသည်။ **ဇော်ကြီး**

# Line Walker - 2 ဇာတ်ကားရိုက်ကူးချိန်တွင် ခေတ္တလမ်းပိတ်/လမ်းလွှဲပြုလုပ်ခြင်းကို သက်ဆိုင်ရာတာဝန်ရှိသူများနှင့်ပူးပေါင်း၍ အဆင်ပြေအောင် ဆောင်ရွက်မည်

**ရန်ကုန် ဖေဖော်ဝါရီ ၁၆**

ရန်ကုန်မြို့တွင် ရိုက်ကူးမည့် Line Walker – 2 (Operation Midnight Shadow) ဇာတ်ဝင်ခန်းများနှင့် ပတ်သက်၍ ရိုက်ကူးမည့်နေ့ရက်အလိုက် လမ်းပိတ်/လမ်းလွှဲဆောင်ရွက်မည့် အစီအစဉ်များကို ပြည်သူလူထုထံ ဖေဖော်ဝါရီ ၁၅ ရက်တွင် အသိပေးထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

### တာဝန်ရှိသူများပူးပေါင်း၍ အဆင်ပြေအောင် စီစဉ်ထား


ယင်းဇာတ်ကား ရိုက်ကူးမည့်နေ့ရက်များတွင် ခေတ္တလမ်းပိတ်/လမ်းလွှဲပြုလုပ်ခြင်းကို ရန်ကုန်တိုင်းဒေသကြီး ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ၊ ယာဉ်ထိန်းတပ်ဖွဲ့နှင့် တာဝန်ရှိသူများပူးပေါင်း၍ အဆင်ပြေအောင် စီစဉ်ထားကြောင်း သိရသည်။

ခေတ္တလမ်းလွှဲ /လမ်းပိတ် စီစဉ်ဆောင်ရွက်ထားရှိမှုအခြေအနေမှာ ကြားတောရလမ်း၌ ဖေဖော်ဝါရီ ၁၈ ရက်တွင် ရွှေတိဂုံဘုရားအရှေ့ဘက်မုခ်မှ ရေတာရှည်လမ်းအထိ နံနက် ၆ နာရီမှ မွန်းလွဲ ၁ နာရီအထိ စုစုပေါင်း ခုနစ်နာရီခန့်သာ ခေတ္တပိတ်ပါမည်။

### အနော်ရထာလမ်းမှ City Star ဟိုတယ်အထိ ခေတ္တပိတ်ထား

မဟာဗန္ဓုလပန်းခြံလမ်း၌ ဖေဖော်ဝါရီ ၁၇ ရက်တွင် နံနက် ၁၁ နာရီမှ ညနေ ၄ နာရီအထိ လည်းကောင်း၊ ဖေဖော်ဝါရီ ၂၀ ရက်တွင် နံနက် ၆ နာရီမှ ညနေ ၆ နာရီအထိ လည်းကောင်း အနော်ရထာလမ်းမှ City Star ဟိုတယ်အထိ ခေတ္တပိတ်ထားပါမည်။ **(အောက်ပုံ)**




ဆူးလေဘုရားလမ်း၌ ဖေဖော်ဝါရီ ၂၂ ရက်မှ ၂၆ ရက်အထိ အနော်ရထာလမ်း လူကူးခုံးကျော်တံတားမှ ဆူးလေဘုရား လူကူးမျဉ်းကျား(မီးသတ်ဘက်ခြမ်း)ကို နံနက် ၆ နာရီမှ ညနေ ၆ နာရီအထိ ခေတ္တပိတ်ထားပါမည်။ **(အပေါ်ပုံ)**

ထိုသို့ ပိတ်ထားရာတွင် ဆူးလေဘုရားလမ်းမကြီးတစ်ခုလုံးကို ပိတ်ထားခြင်းမဟုတ်ဘဲ ရန်ကုန်တိုင်းဒေသကြီး မီးသတ်တပ်ဖွဲ့တည်ရှိရာဘက်ခြမ်းရှိ ယာဉ်ကြောတစ်ဖက်ကိုသာ ခေတ္တပိတ်ထားခြင်းဖြစ်ပြီး အခြားယာဉ်ကြောတစ်ဖက်ကို ယာဉ်များအသုံးပြုရန် ဖွင့်လှစ်ပေးထားမည် ဖြစ်သည်။

ခေတ္တလမ်းပိတ်/လမ်းလွှဲပြုသည့် ယာဉ်များအနေဖြင့် အနော်ရထာလမ်းပေါ်မှတစ်ဆင့် ရွှေဘုံသာလမ်းသို့ ဝင်ရောက်ကာ လမ်းလွှဲစနစ်ဖြင့် မောင်းနှင်သွားလာနိုင်မည်ဖြစ်သည်။

### အဓိကလမ်းမကြီးများကို ခေတ္တလမ်းပိတ်/လမ်းလွှဲပြုလုပ်ခြင်းဖြစ်

သို့ဖြစ်၍ Line Walker – 2 (Operation Midnight Shadow) ဇာတ်ဝင်ခန်းများ ရိုက်ကူးချိန်တွင် ရန်ကုန်မြို့ရှိ အဓိကလမ်းမကြီးများကို အချိန်ကြာ ပိတ်ထားခြင်းမဟုတ်ဘဲ ဇာတ်ကားရိုက်ကူးသည့် လမ်းမကြီးတစ်ခုသာ ရိုက်ကူးချိန်အတွင်း ခေတ္တ လမ်းပိတ်/လမ်းလွှဲပြုလုပ်ခြင်းဖြစ်ကြောင်းနှင့် အများပြည်သူ၊ ကျောင်းသား ကျောင်းသူများ အဆင်ပြေစွာသွားလာနိုင်ကြစေရန် ရန်ကုန်မြို့တော် ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီနှင့် ယာဉ်ထိန်းတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက ပူးပေါင်းကူညီ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# တစ်မူထူးခြား အိုဘယ့် ရုပ်ရှင်ကား

**ကိုရင်ဩ**

'ရုပ်ရှင်' ထက်ပင် 'ရင်ရှုပ်' စရာကောင်းလှသည့် ပကတိ လောကဓံတရားများကို ကျွန်ုပ်၏ ဘဝဖြတ်သန်းမှုတွင် ကြုံးကြားကြုံးကြား တွေ့ကြုံခံစားခဲ့ရဖူးခြင်းကြောင့် လည်းကောင်း၊ သမုဒ္ဒရာဝမ်းတစ်ထွာ မိသားစုအရေးအတွက် နေ့မအား၊ ညမနား ဇယ်ခုပ်သလို လုပ်ကိုင်စားသောက်နေရသည့် ဘဝတွင် ကာလအတော်များများ ကျင်လည်နေရကာ ဃရာဝါသမှု အတောမသတ်ဖြစ်နေခြင်းကြောင့် လည်းကောင်း၊ စာတိုပေစ ရေးသားခြင်းဖြင့် 'အချိန်' နှင့် 'ကျွန်ုပ်' လိုက်တမ်းပြေးတမ်း ကစားဘိသကဲ့သို့ တဝဲလည်လည်ဖြစ်နေသည်က အလေးသာနေခြင်းကြောင့် လည်းကောင်း ရုပ်ရှင်ဇာတ်ကားကို ပြီးဆုံးသည့် တိုင်အောင် တရစပ်ကြည့်ရှုနိုင်ခြင်းမရှိ။ အဆုံးတိုင် အားပေးနိုင်ခြင်းလည်း မရှိသည့် ကျွန်ုပ်သည် ရုပ်ရှင်အနုပညာကို တန်ဖိုးထားလေးစားသူ ဖြစ်ပါလျက်၊ အနုပညာဂုဏ်သိန်ကြီးမြတ် ထည်ဝါလှသော အလှ္ဘာပါးပါး ဖလင်ကော်ပြားပေါ်မှ ပုံရိပ်များကို ကြည့်ရှုခံစားချင်ပါလျက်၊ တွေးတောငေးမောကြည့်ချင်ဇောရှိပါလျက် မကြည့်ရှုနိုင်ခဲ့သည်မှာ နှစ်ပရိစ္ဆေဒ အတန်ကြာမျှရှိခဲ့ချေပြီ။

သို့တစေ ဖေဖော်ဝါရီလ ၁၆ ရက်နေ့ထုတ် "ကြေးမုံ" သတင်းစာတွင် ပါရှိလာသည့် သတင်းတစ်ပုဒ်က ကျွန်ုပ်၏ ရွှေရင်အစုံကို တစ်မျိုးတစ်ဖုံ လှုပ်ခတ်သွားစေခဲ့ရ၏။ အကြောင်းမူကား ကျွန်ုပ်တို့၏ အမိမြန်မာနိုင်ငံတော်သို့ ပြည်ပမှ အကျော်ဇေယျရုပ်ရှင် ကုမ္ပဏီတစ်ခုက လာရောက်၍ ရုပ်ရှင်ဇာတ်ကား ရိုက်ကူးမှု စတင်ပြုလုပ်မည်ဆိုသော သတင်းတစ်ပုဒ်၏ နှိုးဆော်မှုအရ ဖြစ်၏။



**မြန်မာကို ကမ္ဘာကသိစေသည့် ရည်ရွယ်ချက်**

ယဉ်ကျေးမှုအရလည်း နွေးထွေးစေ၊ အနုပညာအရလည်း ပေါင်းစည်းစေ၊ မြန်မာကိုလည်း ကမ္ဘာကသိစေ စသည့် ကောင်းမြတ်သော ရည်ရွယ်ချက်များနှင့်အတူ ဖြစ်တည်လာသော ရုပ်ရှင်ဇာတ်ကားတစ်ကားအဖြစ် Line Walker-2 ဟူ၍ အမည်သညာပြုထားသော 'အက်ရှင်' ဇာတ်ကားတစ်ကားကို ရန်ကုန်မြို့၌ ရိုက်ကူးမည်ဆိုသော သတင်းမှာ ရုပ်ရှင်ကို ချစ်မြတ်နိုးသော မြန်မာပရိသတ်ကြီးအတွက် တစ်မူထူးခြားလှပေရကား ရှားတောင့်ရှားခဲ ဇာတ်ကားမျိုးကို ဖန်တီးရန် သူတို့ဘဇာကြောင့် လုပ်ကိုင်နေကြပါသနည်းဟု ကျွန်ုပ် စေ့ငုလေ့လာမိလေသည်။

မြန်မာနိုင်ငံ၌ ရုပ်ရှင်ဇာတ်ကားရိုက်ကူးရန် ပြင်ဆင်နေသော ပြည်ပရုပ်ရှင်ကုမ္ပဏီမှာ "ရှောဘရားသား"ဟု တိုင်းတုန်ပြည်တုန်သိရှိကြသော Shaw Brother Pictures International Ltd. ဖြစ်၏။ တရုတ်နိုင်ငံ ဟောင်ကောင်အခြေစိုက် ယင်းကုမ္ပဏီမှာ ယင်းဒေသ၏ အကြီးဆုံးရုပ်ရှင်ထုတ်လုပ်ရေးလုပ်ငန်းတစ်ခုဖြစ်ပြီး အထူးအောင်မြင်ကျော်ကြားရေပန်းစားခဲ့သော Line Walker ရုပ်ရှင်ဇာတ်ကား၏ အဆက်အဖြစ် Line Walker-2 ဇာတ်ကားကို ရန်ကုန်မြို့၌ လာရောက် ရိုက်ကူးမည်ဆို၏။

"ရှောဘရားသား" သည်ကား ရုပ်ရှင်ဇာတ်ကားပေါင်း ၁၀၀၀ ကျော် ရိုက်ကူးခဲ့သည့် ရုပ်ရှင်ကုမ္ပဏီကြီး ဖြစ်ပြီးလျှင် ကွန်ဖူး (ဝါ) တရုတ်သိုင်းကားများဖြင့် ကမ္ဘာကျော်ကြားလူသိများ၏။

ရန်ကုန်မြို့လယ်၌ ဖေဖော်ဝါရီလ ၁၇ ရက်တွင် အစမ်းလေ့ကျင့် ရိုက်ကူးမည်ဟု သိရှိရပြီး ဖေဖော်ဝါရီလ ၁၈ ရက်တွင် မြန်မာတို့၏ နှလုံးသည်းပွတ်ဖြစ်သော သိင်္ဂုတ္တရ ကုန်းတော်ပေါ်ရှိ ရွှေတိဂုံစေတီတော်အနီးတစ်ဝိုက်တွင် အစမ်းလေ့ကျင့် ရိုက်ကူးရန် စီစဉ်ထားသည်။ အပီအပြင် ရုပ်ရှင်ရိုက်ကူးမှုကို ဖေဖော်ဝါရီလ ၂၁ ရက်တွင် စတင်ပေလိမ့်မည်။

Line Walker (ဝါ) Operation Mid-night Shadow (ဝါ) 'ညသန်းခေါင်အရိပ်မည်းစစ်ဆင်ရေး' ဟုညွှန်းဆိုထားသော ယင်းဇာတ်ကားမှာ လူကုန်ကူးမှု တိုက်ဖျက်ရေးဆိုင်ရာ သုတ၊ ရသ အက်ရှင်ဇာတ်ကား တစ်ကားဖြစ်လေသည်။

မြန်မာနိုင်ငံ၌ ယခင်က တစ်ကြိမ်တစ်ခါဖူးမျှ ရုပ်ရှင်ရိုက်ကူးခြင်း အတွေ့အကြုံမရှိခဲ့သော ဒါရိုက်တာ ချင်ကာလော့သည် 'စတန့်' ထွင်လုံး အံ့ဖွယ်သရဲ ခက်ခက်ခဲခဲ စွန့်စားခြင်း ပြကွက်များကို ရိုက်ကူးနိုင်ရန် ဟန်ရေးကြွယ်လျက် လမိုင်းကပ်နေပုံရသည်။

**မြန်မာနိုင်ငံသို့ ပိုမိုလာရောက်စေရန်တွန်းအားတစ်ရပ်ဖြစ်စေ**

ဝါရင့်သမ္ဘာရင့် ပြည်ပရုပ်ရှင်ထုတ်လုပ်ရေး ကုမ္ပဏီကြီးက မြန်မာနိုင်ငံ၌ ရုပ်ရှင်ဇာတ်လမ်းကောင်းတစ်ပုဒ် ပုံဖော်ထုတ်လုပ်ခြင်းဖြင့် ကျွန်ုပ်တို့၏နိုင်ငံမှာ ရုပ်ရှင်လုပ်ငန်းကဏ္ဍကို အားပေးမြှင့်တင်ရာရောက်သည့်အပြင် ကျွဲကူးရေပါ ဟူဘိသို့ ကမ္ဘာလှည့်ခရီးသွားဧည့်သည်များ မြန်မာနိုင်ငံသို့ ပိုမိုလာရောက်စေရန် တွန်းအားတစ်ရပ် ဖြစ်စေလိမ့်မည်။

ဧကန်မှုကား 'ရုပ်ရှင်' ဟူသည် ပရိသတ်ကို 'ရင်ရှုပ်' စေသောအရာ မဟုတ်ပါချေ။ ရုပ်ရှင်တည်းဟူသော အနုပညာသည် ကမ္ဘာပေါ်တွင် အရေးပါသော အနုပညာတစ်ရပ်အဖြစ် အခိုင်အမာ ရပ်တည်နေဆဲဖြစ်သည်။

ကမ္ဘာတစ်လွှားတွင် လူမျိုးမရွေး၊ ဘာသာမရွေး အပြန်အလှန် နားလည်မှုရရှိစေရေးအတွက် ရုပ်ရှင်လောကသားတို့က မဆုတ်မနစ် ကြိုးပမ်းလျက်ရှိကြပြီးလျှင် ဂန္ထဝင်မြောက် ရုပ်ရှင်ဇာတ်ကားများမှာ ခေတ်စနစ်တို့ အလီလီပြောင်းပါစေ၊ မဟောင်းဘဲ၊ မပြောင်းဘဲ ခေတ်လူသားတို့ကို ထာဝစဉ် အမှတ်တရ ရှိနေစေမည်သာတည်း။

စစ်ကို အခြေခံသော၊ အချစ်ကို ဇာတ်ပြုသော၊ စွန့်စားခန်းကို ဇာတ်အိမ်ပြုသော၊ လောကီထုပ္ပတ္တ လူတို့ဇာတ်ကို ပဓာနပြုသော၊ သမိုင်းမှတ်တမ်းများကို ညွှန်းဆိုသော၊ သိပ္ပံနှင့် နည်းပညာကို အလေးကဲသော၊ ဘဝဒဿနကို ဖွင့်ဆိုရှင်းပြသော၊ မျက်မှောက်နိုင်ငံတကာရေးရာများကို သရုပ်ဖော်ကျူးသော၊ ဘဝသရုပ်ကို ဖော်ထုတ်ပညာပေးသော ရုပ်ရှင်ဇာတ်ကားကောင်းများသည် ဂန္ထဝင်ဇာတ်ကားများအဖြစ် မညှိုးဂုဏ်ရောင်ထွန်းပြောင်နေပေလိမ့်မည်။

ရုပ်ရှင်အနုပညာရှင်ကြီးများ၏ အာစိဏ္ဏ (ဝါ) အလေ့အကျင့် ထုံမွမ်းမှုနှင့်အတူ ထမင်းမေ့ဟင်းမေ့ ဖြစ်စရာ လက်ရာကောင်းများကို ဖန်တီးကြသောအခါ အနုပညာအရ လက်ခမောင်းခတ်နိုင်သော ရုပ်ရှင် ဇာတ်ကားကောင်းများ ပေါ်ထွန်းလာပြီးလျှင် ပရိသတ်၏ လက်ခုပ်ဩဘာသံများကို သောသောညံစေပါလိမ့်မည်။


ဤတွင်ရွေ့ကား ရုပ်ရှင်အနုပညာရှင်များအနေဖြင့် လမ်းမှန်ကမ်းမှန် သရုပ်မှန်စွာ သူ့ထက်ငါ ထူးကဲလျက် အစွမ်းပြကြဖို့ လိုလိမ့်မည်။ ထို့ပြင် တစ်ဝ အနုပညာလုံးရပ်သဏ္ဌာန် မှန်ကန်ကြဖို့၊ 'သျှို' ရှိကြဖို့လိုလိမ့်မည်ဟု ကျွန်ုပ်တွေးဆမိ၏။

ဧကန်မှုကား ရုပ်ရှင်ဗျူဟာမှာ ကြီးမြတ်သော သဘောသဏ္ဌာန်ကို ဆောင်ပြီး မိမိနိုင်ငံ၏ ပရိသတ်ကို ဖမ်းစားနိုင်ရုံမျှ သက်သက်မဟုတ် ကမ္ဘာ့ပရိသတ်ကြီးအထိ ဆွဲဆောင်စည်းရုံးနိုင်ဖို့ လိုပေသည်။

ရုပ်ရှင်လောကသားများ အားလုံးအတွက် 'စေတနာ' မှန်ကြပြီဆိုလျှင် ကုသိုလ်လည်းရ ဝမ်းလည်းဝ အလုပ်ဖြစ်လိမ့်မည်။ ကုသိုလ်ဟူသည် 'ကောင်းကျိုး'ကို ဆိုလို၏။

ရုပ်ရှင်သည် 'ဂလိုဘယ်' ဖြစ်၏ (ဝါ) ကမ္ဘာနှင့် ချီ၏။ မိမိ၏နိုင်ငံကို ကမ္ဘာက သိစေ၏။ ကမ္ဘာကို မိမိ၏ နိုင်ငံက သိစေ၏။

ရုပ်ရှင်ဇာတ်ကား တစ်ကားအတွက် 'မှန်ကိုင်' မှသည် ဒါရိုက်တာအထိ ကိုယ့်အလုပ်အပေါ် စေတနာထားကြလျှင် ဆုလာဘ်ကို ရရှိခံစားထိုက်ပေသည်။ ပြည်သူတို့က ချီးမွမ်းဂုဏ်ပြုကြပေမည်။ ချစ်ခင်မြတ်နိုးကြပေမည်။




**Tomorrow Never Die ဇာတ်ကားရိုက်ကူးသည့် ဇာတ်ဝင်ခန်းရှုတင်ကို တွေ့ရစဉ်။** (ဝဲပုံ)

**Tomorrow Never Die ရုပ်ရှင်ဇာတ်ကားမှ ဂျိန်းစ်ဘွန်း မင်းသားနှင့် မီရှဲလ်ယို။**

ပြည်သူတို့ကို အပန်းလည်းပြေစေ၊ စိတ်လည်း ရွှင်စေ၊ မှတ်သားစရာလည်း ကျန်စေအောင် အနုပညာအတတ်ဖြင့် ဝိုင်းဝန်းပုံဖော် ထုဆစ်ကြသောအခါ အလင်္ကာမြောက် ရုပ်ရှင်ကားများ ဖြစ်တည်လာ၏။

ပြုံးရွှင်ခြင်း၊ ရယ်မောခြင်း၊ ချစ်ကြိုက်ခြင်း၊ သနားကြင်နာခြင်း၊ လွမ်းဆွတ်ခြင်း၊ ကြေကွဲခြင်း၊ အံ့ဩခြင်း စသည့် ရသများနှင့်အတူ ပြည်သူတို့ကို (ဝါ) ကမ္ဘာသားတို့ကို ဖျော်ဖြေပေးရန်၊ ပညာပေးရန် လုပ်ဆောင်ကြရသည်မှာ ရုပ်ရှင်ဖြစ်ပြီးလျှင် လူသားတို့ တသသကျန်ရစ်စေမည့် ရုပ်ရှင်ကားကောင်းများ ပေါ်ထွန်းလာပါစေကြောင်း ကျွန်ုပ်ဆန္ဒပြုမိပါသည်။

ရုပ်ရှင်သည် မီးခိုးမထွက်သောစက်ရုံ (ဝါ) ခရီးသွားလုပ်ငန်းကို အကျိုးပြုစေနိုင်သည်ဟု ကျွန်ုပ်ရှုမြင်မိသည်။

ဒါရိုက်တာ Peter Jackfon ရိုက်ကူးသည့် "The Lord of the Rings(LOIR)" ဇာတ်ကားများကြောင့် နယူးဇီလန်သည် နိုင်ငံခြားခရီးသွားများ ပိုမိုများပြားစေခဲ့သည်။ ၂၀၁၄ ခုနှစ်မှစ၍ ယင်းဇာတ်ကားရိုက်ကူးသည့် ရိုက်ကွင်းနေရာသို့ သွားရောက်လေ့လာသူ နိုင်ငံခြားသားများ တစ်နှစ်လျှင် ပျမ်းမျှ ၄၇၀၀၀ ကျော်ရှိသည်။

ဒါရိုက်တာ Ron Howard ရိုက်ကူးသည့် "The Da Vinci Code (2016)" ဇာတ်ကားကြောင့် ပြင်သစ်နိုင်ငံပါရီမြို့ရှိ "Louvre" ပြတိုက်ကြီးမှာ ထောင်ပေါင်းများစွာသော နိုင်ငံခြားသားများ ပိုမိုလာရောက်လေ့လာခဲ့ပြီး စကော့တလန်ရှိ "The Little Roslyn Chapel (Collegiate Chapel of St. Matthew )" မှာ ဥရောပ၌ ခရီးသွားများအား ဆွဲဆောင်မှု အရှိဆုံး နေရာများအနက် တစ်ခုအဖြစ် ပါဝင်လာသည်။

"The Games of Thrones" ဇာတ်လမ်းတွဲများကြောင့်လည်း ခရိုအေးရှားသို့ နိုင်ငံခြားသား ခရီးသွားများ ပိုမိုဝင်ရောက်ခဲ့သည်။

ဟောလိဝုဒ် Blockbuster (ဝါ) ဝက်ဝက်ကွဲ ဇာတ်ကားတစ်ကားဖြစ်သည့် Warner Bros, Legendary Entertainment and Tencent Production က ထုတ်လုပ်သည့် Kong: Skull Island ဇာတ်ကား၏ ၇၀ ရာခိုင်နှုန်းခန့်ကို ဗီယက်နမ်နိုင်ငံ၌ ရိုက်ကူးခဲ့ပြီးနောက် ခရီးသွားလုပ်ငန်းအနေဖြင့် ယင်းရုပ်ရှင် ဇာတ်ကားရိုက်ကူးရာ ပြည်နယ်သုံးခု၌ Kong: Skull Island Road ဟူ၍ အရောင်းမြှင့်တင်ရေး ဆောင်ရွက်နိုင်ခဲ့ပြီး နိုင်ငံခြားခရီးသွားဧည့်သည်များသာမက ပြည်တွင်းခရီးသွား ဧည့်သည်များကိုပါ ဆွဲဆောင်နိုင်ခဲ့သည်။

ဗီယက်နမ်တို့အနေဖြင့် ၎င်းရုပ်ရှင်ဇာတ်လမ်းကို အကြောင်းပြု၍ အမေရိကန် ဒါရိုက်တာ Jordan Vogt-Roberts အား နိုင်ငံ၏ ပထမဆုံးသော နိုင်ငံခြားသား Tourism Ambassador အဖြစ် ခန့်အပ်ခဲ့သည်။

Mr. Jordan အနေဖြင့် ဗီယက်နမ်ပြည်တွင်း ရုပ်ရှင်လောကနှင့် ပူးပေါင်းကာ ဗီယက်နမ်နှင့် နိုင်ငံတကာ ရုပ်ရှင်သရုပ်ဆောင်များ ပါဝင်သည့် ပရော်ဖက်ရှင်နယ် ပရောဂျက်တစ်ခုကို ဟိုချီမင်းမြို့၌ ဆောင်ရွက်ရန် စီစဉ်ထားရှိပြီး ကမ္ဘာ့အကြီးဆုံးဂူဖြစ်သည့် Son Dong ဂူ၌ ရိုက်ကူးရန် ဆောင်ရွက်လျက်ရှိသည်ဟု ကျွန်ုပ် လေ့လာမှတ်သားရ၏။

**ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း မြင့်မားတိုးတက်မှုကိုဖြစ်စေ**

မိမိ၏နိုင်ငံတွင် ရိုက်ကူးသော ရုပ်ရှင်ဇာတ်ကားတစ်ကားသည် နိုင်ငံတကာသို့ ပျံ့နှံ့ရောက်ရှိခြင်းဖြင့် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း မြင့်မားတိုးတက်မှုကို ဖြစ်စေသော သာဓက ယုတ္တိများနှင့် အာဂမယုတ္တိများကို ကျွန်ုပ် ဆက်လက်ဖော်ပြလိုပေသည်။

Tomorrow Never Die (1997) ရုပ်ရှင်ကားကို ဂျိန်းစ်ဘွန်းမင်းသားက မလေးရှားမင်းသမီး မီရှဲလ်ယိုနှင့် တွဲဖက်၍ တရုတ်နိုင်ငံနှင့် ပြင်သစ်နိုင်ငံ၊ ထိုင်းနိုင်ငံ၊ ဂျာမနီ၊ မက္ကဆီကိုနှင့် ယူနိုက်တက်ကင်းဒမ်း၊ ဗီယက်နမ်နိုင်ငံရှိ Hua Long ပင်လယ်အော်တို့တွင် ရိုက်ကူးခြင်းဖြင့် ဗီယက်နမ်နိုင်ငံ Hua Long ပင်လယ်အော်သို့ ကမ္ဘာလှည့်ခရီးသွားများ ပိုမိုလာရောက်လည်ပတ်ကြောင်း သိရှိရလေသည်။

၂၀၁၃ ခုနှစ်တွင် ရုံတင်ပြသသည့် ဒါရိုက်တာ Jonathan Teplitzky ရိုက်ကူးသည့် Railway man ရုပ်ရှင်ဇာတ်ကားကို ရုံတင်ပြသပြီးနောက် ထိုင်းနိုင်ငံဘက်အခြမ်းရှိ သေမင်းတမန်ရထားလမ်းသို့ ကမ္ဘာလှည့်ခရီးသွားများ ပိုမိုလာရောက်လည်ပတ်သည်သာမက မြန်မာနိုင်ငံ သံဖြူဇရပ်ရှိ သေမင်းတမန်ရထားလမ်း စတင်ဖောက်လုပ်ရာ နေရာသို့လည်း ကမ္ဘာလှည့်ခရီးသွားများ ပိုမိုလာရောက်လည်ပတ်ကြောင်း တွေ့ရှိရလေသည်။

ပြည်ပမှ အကျော်ဇေယျ ရုပ်ရှင်ထုတ်လုပ်ရေး ကုမ္ပဏီကြီးတစ်ခုက မြန်မာနိုင်ငံသို့ လာရောက်၍ ရုပ်ရှင်ရိုက်ကူးခြင်းသည် ကျွန်ုပ်တို့နိုင်ငံ၏ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးရေးကို မြှင့်တင်အားပေးနိုင်ကြောင်း ကျွန်ုပ်ယုံကြည်ယူဆမိသည်။ နိုင်ငံတကာ ရုပ်ရှင်ထုတ်လုပ်ရေးလုပ်ငန်းများ မြန်မာနိုင်ငံ၌ ရုပ်ရှင်လာရောက်ရိုက်ကူးခြင်းဖြင့် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းကိုသာမက နိုင်ငံ့ဝင်ငွေတိုးတက်ရေးအတွက်ပါ ကြီးစွာအထောက်အကူပြုပါလိမ့်မည်။

Line Walker -2 ဇာတ်ကားတွင် မြန်မာနိုင်ငံနှင့် သက်ဆိုင်နေသော ရိုက်ကွင်း၊ ရိုက်ကွက်များ ပါရှိခြင်းဖြင့် အာဆီယံအပါအဝင် ဒေသဆိုင်ရာနိုင်ငံများအားလုံးက မြန်မာနိုင်ငံကို ပိုမိုရင်းနှီးလာပြီး ကျွန်ုပ်တို့နိုင်ငံ၏ မြင့်မားသော ယဉ်ကျေးမှု၊ ထူးခြားသော အနုလက်ရာများ၊ အသွေးအရောင်စုံလင်သော လူနေမှုဘဝများ၊ မြန်မာ့လူ့အဖွဲ့အစည်း၏ ဝိသေသလက္ခဏာများကို ကမ္ဘာက ထူးထူးခြားခြား သိရှိခွင့်ရရှိကာ နိုင်ငံများအချင်းချင်း ချစ်ကြည်မှု သင်္ဂဟ ရသကို တိုးစေလျက် လောကအလှကို ရသပေါ်လွင်စွာ မျှဝေခံစားနိုင်ကြလိမ့်မည်ဟု ကျွန်ုပ်တွေးတောမိရင်း စီကာပတ်ကုံး စာပန်းချီခြယ်မှုန်းမိပါသတည်း။ ။

"မိမိ၏နိုင်ငံတွင် ရိုက်ကူးသော ရုပ်ရှင်ဇာတ်ကားတစ်ကားသည် နိုင်ငံတကာသို့ ပျံ့နှံ့ရောက်ရှိခြင်းဖြင့် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း မြင့်မားတိုးတက်မှုကို ဖြစ်စေ"

# သန်လျင်မြို့ သမိုင်းဝင်ဆံတော်ရှင် ကျိုက်ခေါက်စေတီတော် ဗုဒ္ဓပူဇနီယပွဲတော် မြင်ကွင်းပုံရိပ်များ

သန်းဝင်း(သန်လျင်)

မြန်မာနိုင်ငံတစ်ဝန်း၌ ဒေသန္တရအလိုက် ဘုရားပွဲတော်များ၊ ရာသီပွဲတော်များကို ကျင်းပလျက်ရှိရာ အောက်မြန်မာပြည်၌ အစည်ကားဆုံးဘုရားပွဲတော်တစ်ခုဖြစ်သည့် ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့ရှိ ရှေးဟောင်းသမိုင်းဝင် ဆံတော်ရှင် ကျိုက်ခေါက်စေတီတော် ဗုဒ္ဓပူဇနီယပွဲကို ဖေဖော်ဝါရီ ၁၂ ရက်မှ ၂၀ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိသည်။

အဆိုပါ ဘုရားပွဲတော်သို့ အနယ်နယ်အရပ်ရပ်မှ လာရောက်ကြသည့် ဘုရားဖူးပြည်သူများနှင့် ပွဲတော်ကာလအတွင်း ဈေးဆိုင်ခန်းပေါင်း ၄၀၀၀ ကျော်ကို ဖွင့်လှစ်ရောင်းချမှုကြောင့် စည်ကားလျက်ရှိပြီး ပျော်ပွဲရွှင်ပွဲများအဖြစ် ထမနဲထိုးပွဲ၊ စတုဒိသာ ကျွေးမွေးလှူဒါန်းပွဲ၊ ခြင်းအလုခတ်ပြပွဲ၊ လက်ဝှေ့ပွဲ၊ ဇာတ်သဘင်ပွဲများလည်း ထည့်သွင်းကျင်းပလျက်ရှိသည်။



ဘုရားပွဲတော်တွင် နယ်မျိုးစုံမှ လာရောက်ရောင်းချကြသည့် ဈေးဆိုင်တန်းတစ်နေရာ။



ကျိုက်ခေါက်စေတီရင်ပြင်တော်၌ ဘုရားဖူးလာပြည်သူများဖြင့် စည်ကား။



မြန်မာ့ရိုးရာ လက်ဝှေ့ပွဲ ကျင်းပမှုကို ဝါသနာရှင် ပရိသတ်များဖြင့် စည်စည်ကားကား တွေ့ရစဉ်။



ကလေးတို့အတွက် ကစားစရာများ ရောင်းချနေသည့် အိုးပုတ်သည်။



ကလေးကစားစရာပစ္စည်း အမယ်စုံ ရောင်းချသည့် ဈေးဆိုင်တစ်ဆိုင်။



ဘုရားပွဲရှိ ဈေးဆိုင်တန်းတွင် သနပ်ခါးကျောက်ပြင်များ ရောင်းချနေစဉ်။



အင်အားအပြည့်ဖြင့် မြိုင်မြိုင်ဆိုင်ဆိုင်ယှဉ်ပြိုင်နေသည့် ထမနဲပြိုင်ပွဲ။



ဘုရားပွဲကျင်းပရာ ကွင်းပြင်၏ ညခင်းအလှ။



နေပြည်တော် ပျဉ်းမနားမြို့ ရန်အောင်(၂)ရပ်ကွက်တွင် ဖေဖော်ဝါရီ ၁၄ ရက် နံနက်ပိုင်းက မီးလောင်မှုဖြစ်ပွားခဲ့ရာ နေအိမ်ကိုးလုံး မီးလောင်ဆုံးရှုံးသွားသည့် မီးဘေးသင့်ပြည်သူများအတွက် "နေပြည်တော်မိသားစု" ပရဟိတအသင်းက ထောက်ပံ့ငွေကျပ်သုံးသိန်းနှင့် အဝတ်အထည်များကို ဖေဖော်ဝါရီ ၁၆ ရက်က ရန်အောင်(၂)ရပ်ကွက် မီးဘေးကယ်ဆယ်ရေးစခန်းသို့ သွားရောက်ထောက်ပံ့ပေးအပ်စဉ်။

မင်းမင်းလတ် (ရှုပဗေဒ)

## နောင်တရား၌ ပျားမွေးမြူရေးပညာပေး သင်တန်းဖွင့်

**နောင်တရား ဖေဖော်ဝါရီ ၁၆**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမြို့နယ် မြေနီကုန်းကျေးရွာ၌ ပြည်နယ်ပျားလုပ်ငန်းဦးစီးဌာနမှ ဘိန်းအစားထိုး အသက်မွေးဝမ်းကျောင်းဆိုင်ရာ အထောက်အကူပြု ပျားမွေးမြူရေးပညာပေးသင်တန်းကို ယနေ့မွန်းလွဲပိုင်းက ဖွင့်လှစ်သည်။

သင်တန်းဖွင့်ပွဲ၌ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်နှင့် တာဝန်ရှိသူများက အမှာစကား ပြောကြားသည်။ အဆိုပါသင်တန်းကို စာတွေ့၊ လက်တွေ့ဖြင့် ငါးရက်ကြာ သင်ကြားပေးမည့်အပြင် သင်တန်းပြီးဆုံးပါက ပျားမွေးမြူနိုင်ရန် ပျားအုံ ၂၅ အုံနှင့် လုပ်ငန်းသုံးပစ္စည်းများအား ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ခွန်အောင်(နောင်တရား)**

## လားရှိုးမြို့၌ လက်ဖက်သီးနှံအတွက် အသိအမှတ်ပြုလက်မှတ်ပေး



**လားရှိုး ဖေဖော်ဝါရီ ၁၆**

ရှမ်းပြည်နယ် မြောက်ပိုင်းရှိ လက်ဖက်စိုက်တောင်သူများအား စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ အသိအမှတ်ပြု လက်မှတ်ပေးအပ်ပွဲကို ယမန်နေ့က လားရှိုးမြို့ စိုက်ပျိုးရေးဦးစီးဌာန ဒုတိယပြည်နယ်ဦးစီးမှူးရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် စိုက်ပျိုးရေးဦးစီးဌာန ဒုတိယပြည်နယ်ဦးစီးမှူး ဦးမြကျော်က အမှာစကားပြောကြားပြီး စိုက်ပျိုးရေးဦးစီးဌာန ဒုတိယပြည်နယ်မှူးနှင့် စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများက ယခုနှစ် ဖေဖော်ဝါရီလတွင် သီပေါမြို့နယ် ဆောင်းကြဲကျေးရွာအုပ်စုမှ လက်ဖက်စိုက်တောင်သူ ဦးအောင်ခမ်းနှင့် လောက်ကိုင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနပိုင် နားလီခြံတို့အား အသိအမှတ်ပြုလက်မှတ်များ ပေးအပ်သည်။ **(အပေါ်ပုံ)** ၂၀၁၈ ခုနှစ် ဇူလိုင်လတွင်လည်း တန့်ယန်းမြို့နယ် ရွှင်ချမ်းသာလုံးကုမ္ပဏီမှ ထုတ်လုပ်သော လက်ဖက်ခြောက်မှ မြန်မာစိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ အသိအမှတ်ပြုလက်မှတ်ရရှိခဲ့ကြောင်း သိရသည်။

**မောင်ကျော်ကြီး**

## မူးခင်းကျဆင်းရေး အသိပညာပေး

**သန်လျင်**

သန်လျင်မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးထွန်းထွန်းဦးက ဗိုလ်ချုပ်ကျေးရွာနယ်မြေ ၁၂ ဧယျသိဒ္ဓိဓမ္မာရုံ၌ ဖေဖော်ဝါရီဒုတိယပတ်က သက်ငယ်မုဒိမ်းမှုပပျောက်ရေး၊ မူးယစ်ဆေးဝါးအန္တရာယ်ကင်းရှင်းရေးနှင့် မူးခင်းကျဆင်းရေး အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

**ကိုကြီးတင်**

---

**အမရပူရ**

အမရပူရမြို့နယ် မြစ်ငယ်နယ်မြေရဲစခန်းမှူး ရဲအုပ်မိုးခိုင်နှင့်အဖွဲ့တို့သည် ဖေဖော်ဝါရီလ ဒုတိယပတ်က အမရပူရမြို့နယ် မြို့မအုပ်စု အောက်ကပ်ကျော်ရပ်ကွက်ဓမ္မာရုံတွင် အုပ်ချုပ်ရေးမှူး ဦးအောင်မြင့်သိန်းနှင့် ကျေးရွာသူ ကျေးရွာသား ၅၀ ခန့်ကို မူးခင်းကျဆင်းရေး၊ သက်ငယ်မုဒိမ်းမှု လျော့နည်းကျဆင်းရေး၊ မူးယစ်ဆေးဝါး အန္တရာယ်တားဆီးကာကွယ်ရေး အသိပညာပေး ဟောပြောခဲ့ကြောင်း သိရသည်။

**မန်းကိုယ်ပွား**

## တိမ်အသင့်အတင့် ဖြစ်ထွန်းမည်

**နေပြည်တော် ဖေဖော်ဝါရီ ၁၆**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံ အထက်ပိုင်းဒေသများတွင် ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်သည်။

မြန်မာ့ပင်လယ်ပြင်မှာ လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ငါးပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**







ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ဥပဒေစိုးမိုးရေး၊ တိုင်ကြားစာနှင့် အသနားခံစာများ စိစစ်ရေးကော်မတီဥက္ကဋ္ဌ ဦးမြင့်လွင် အမှာစကားပြောကြားစဉ်။

ဓာတ်ပုံ-ရဲမင်းထွန်း(ပြန်/ဆက်)

❖ *ကျောဖုံးမှ*

ယင်းနောက် မြင်းစီးပြိုင်ပွဲကို ကျင်းပရာ မြင်းစီးပြိုင်ပွဲတွင် (၁) အကြီးစားဒုန်းပြိုင်ပွဲ၊ အလယ်တန်းဒုန်းပြိုင်ပွဲ၊ အငယ်တန်းဒုန်းပြိုင်ပွဲ၊ (၂) Show jumping (ခေါ်)တန်းခုန်ပြိုင်ပွဲ၊ (၃) barrel Racing (ခေါ်) စည်းဝိုင်းပတ်ပြေးပွဲ၊ (၄)လူငယ်ကလေးများ walk Trod Test ပြိုင်ပွဲများကို မြင်းကောင်ရေ ၅၀ ကျော်ဖြင့် အသင်း ရှစ်သင်းတို့မှ ပါဝင်ယှဉ်ပြိုင်ကြသည်။

ဆက်လက်၍ မြင်းစီးပြိုင်ပွဲတွင် အနိုင်ရရှိခဲ့သည့်အသင်းများကို ရန်ကုန်မြင်းစီးအသင်းနာယက၊ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဆုများအသီးသီး ပေးအပ်ချီးမြှင့်သည်။

မြင်းစီးပြိုင်ပွဲကို ရန်ကုန်မြင်းစီးအသင်းကြီးနာယက ဦးငြိမ်းကျော်က ကြီးကြပ်ပြီး ပြိုင်ပွဲဝင်များအနေဖြင့် အလွတ်တန်း ယှဉ်ပြိုင်ကြခြင်းဖြစ်ကာ ဝင်ကြေးမရှိ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ပါဝင်ယှဉ်ပြိုင်ကြကြောင်း သိရသည်။ **မင်းသစ်**(MNA)



မြင်းစီးအားကစားပြိုင်ပွဲတွင် အလှုပြသဖွင့်လှစ်ပေးသည့် ပြည်သူ့အလှနှင့် အမျိုးသားအလှ မြင်းများကို တွေ့ရစဉ်။

ဓာတ်ပုံ-မင်းသစ်(MNA)

## (၁၀၈) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာညီလာခံသို့ တက်ရောက်ရန် အလုပ်သမားကိုယ်စားလှယ်ရွေးချယ်ရေး ညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၁၆**

၂၀၁၉ ခုနှစ် ဇွန်လတွင် ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့၌ ကျင်းပမည့် (၁၀၈) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာညီလာခံသို့ အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမားကိုယ်စားလှယ်များဖြင့် သုံးပွင့်ဆိုင် တက်ရောက်နိုင်ရေးအတွက် အလုပ်သမားကိုယ်စားလှယ် တစ်ဦး ရွေးချယ်ရေး ညှိနှိုင်းအစည်းအဝေးကို ယမန်နေ့က နေပြည်တော်ရှိ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတွင် ကျင်းပသည်။ **(အောက်ပုံ)**

ညှိနှိုင်းအစည်းအဝေးသို့ အလုပ်သမား ညွှန်ကြားရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်ဌေးဝင်းနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ (CTUM)၊ မြန်မာနိုင်ငံ တောင်သူလယ်သမား၊ စိုက်ပျိုးရေးနှင့် စားသောက်ကုန်ထုတ်လုပ်ငန်းဆိုင်ရာ အလုပ်သမားသမဂ္ဂများ အဖွဲ့ချုပ် (AFFM-IUF)၊ မြန်မာနိုင်ငံ တောင်သူလယ်သမားနှင့် စိုက်ပျိုးရေး အလုပ်သမားသမဂ္ဂများအဖွဲ့ချုပ် (AFFM) တို့မှ အလုပ်သမားကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ညှိနှိုင်းအစည်းအဝေးတွင် ၂၀၁၉ ခုနှစ် ဇွန်လတွင် ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့၌ ကျင်းပမည့် (၁၀၈)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာ ညီလာခံသို့ တက်ရောက်မည့် အလုပ်သမားကိုယ်စားလှယ်ကို ဝန်ကြီးဌာနမှ ကြားဝင်ဆောင်ရွက်ပေးရခြင်းမရှိဘဲ အချင်းချင်းညှိနှိုင်း ရွေးချယ်ပေးကြရန်နှင့် အဖွဲ့ချုပ်များ အချင်းချင်း ညှိနှိုင်းရွေးချယ်၍မရပါက ILO Criteria နှင့်အညီ ဆောင်ရွက်ကြရမှာ ဖြစ်ကြောင်း၊ ယခုနှစ်သည် ILO ၏ နှစ် ၁၀၀ ပြည့်ရောက်ရှိသည့် နှစ်ဖြစ်သည့်အတွက်လည်း အလုပ်သမား ကိုယ်စားလှယ်ကို အဖွဲ့ချုပ်များအချင်းချင်း ညီညီညွတ်ညွတ် ညှိနှိုင်းရွေးချယ်ပေးခြင်းဖြင့် နိုင်ငံအတွက် ကောင်းမွန်သော ပုံရိပ်ကို ပြသနိုင်မည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားပြီး တက်ရောက်လာကြသော ကိုယ်စားလှယ်များကလည်း ၎င်းတို့အချင်းချင်း ညှိနှိုင်းဆောင်ရွက်၍ အကြောင်း ပြန်ကြားသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**




# ဖေဖော်ဝါရီ ၂၂ ရက်တွင် စတင်ပြသမည့် Hero ရုပ်ရှင်အထူးပွဲမိတ်ဆက်

**ရန်ကုန် ဖေဖော်ဝါရီ ၁၆**

နိုင်ငံခြားသားရုပ်ရှင်ဒါရိုက်တာတစ်ဦး ရိုက်ကူးထားသည့် Hero ရုပ်ရှင် အထူးပြသပွဲကို ရန်ကုန်မြို့ သမ္မတရုံတွင် ယမန်နေ့ ညပိုင်းက မိတ်ဆက်ပြသသည်။

Hero ရုပ်ရှင်ကားသည် လပ်ကီး ဆဲဗင်း ရုပ်ရှင်ထုတ်လုပ်ရေးမှ မအေးအေးဝင်း စီစဉ်ထုတ်လုပ်ပြီး ဇာတ်လမ်း/ဇာတ်ညွှန်း အောင်နိုင်၊ အိန္ဒိယနွယ်ဖွား မလေးရှားမှ ဒါရိုက်တာ R.Perakas က ရိုက်ကူးထားသည့် အက်ရှင်ကားတစ်ကားဖြစ်သည်။

ဒါရိုက်တာ R.Perakas က “ဒီကားက မြန်မာနိုင်ငံမှာရိုက်တာ လေးကားမြောက် ဖြစ်ပါတယ်။ ဒီကားက အချစ်ဇာတ်ကြမ်းကားမျိုး ဖြစ်ပါတယ်၊ ရိုက်ကွင်း အသားပေးထားပါတယ်” ဟု ပြောကြားသည်။ ဒါရိုက်တာ R.Perakas သည် မလေးရှား၊ မြန်မာ၊ အိန္ဒိယ နိုင်ငံ ဘောလိဝုဒ်နှင့် ကမ္ဘောဒီးယား နိုင်ငံတို့ တွင် ရုပ်ရှင်များကို ရိုက်ကူးခဲ့ရာ မြန်မာနိုင်ငံ၏ ရုပ်ရှင်ဈေးကွက်မှာ တိုးတက်မှု အခြေအနေတွင်ရှိပြီး ရုပ်ရှင် လောကမှာလည်း ဖွံ့ဖြိုးတိုးတက်လျက်ရှိ ကြောင်း ပြောကြားသည်။




Hero ဇာတ်ကားတွင် အကယ်ဒမီ ဇင်ဝိုင်း၊ အကယ်ဒမီ မြင့်မြတ်၊ အကယ်ဒမီ ဝတ်မှုံရွှေရည်၊ သရုပ်ဆောင်ခင်လှိုင်တို့ ပါဝင်သရုပ်ဆောင်ထားပြီး ဖေဖော်ဝါရီ ၂၂ ရက်တွင် မြန်မာတစ်နိုင်ငံလုံး စတင်ပြသသွားမည်ဟု သိရသည်။

**သတင်းနှင့်ဓာတ်ပုံ - သန့်စင်ဝင်း**

# ဖူဆယ်လိဂ်ပြိုင်ပွဲတွင် MIC အသင်း ၁၇ ပွဲဆက် အနိုင်ရ

**ရန်ကုန် ဖေဖော်ဝါရီ ၁၆**

၂၀၁၈-၂၀၁၉ ရာသီ MFF Myanmar ဖူဆယ်လိဂ်ပြိုင်ပွဲ ပွဲစဉ် (၁၇) ကို ယနေ့ နံနက်ပိုင်းမှစ၍ အမျိုးသားအားကစား ပြိုင်ပွဲ ရုံ-၁ သုဝဏ္ဏ၌ ကျင်းပရာ ထိပ်ဆုံးမှ MIC အသင်း ၁၇ ပွဲဆက် အနိုင်ရခဲ့သည်။

**ဖိအားပေးလျက်ရှိ**

ပွဲစဉ် (၁၇) တွင် VUC အသင်းက UPT အသင်းကို ၁၂ ဂိုး-ဂိုးမရှိ၊ MIC အသင်းက White Colour အသင်းကို ၁၀ ဂိုး-သုံးဂိုး၊ မြို့မ YTD အသင်းက PU အသင်းကို ခုနစ်ဂိုး-သုံးဂိုး၊ GV Athletic အသင်းက AMM အသင်းကို ၁၁ ဂိုး-တစ်ဂိုး၊ MFF ယူ-၁၉ အသင်းက Comrade အသင်းကို ငါးဂိုး-လေးဂိုးဖြင့် အနိုင်ရပြီး Titan XII အသင်းနှင့် ရွှေမြဝတီအသင်းတို့ နှစ်ဂိုး စီသရေကျသည်။ ပွဲစဉ် (၁၇) အပြီးတွင် MIC အသင်းက ၅၁ မှတ်ဖြင့် ထိပ်ဆုံးမှ ဆက်လက်ဦးဆောင်လျက်ရှိပြီး VUC အသင်းက ၄၈ မှတ်ဖြင့် ဒုတိယနေရာမှ ဖိအားပေးလျက်ရှိသည်။

ချန်ပီယံဆုအတွက် ယင်းနှစ်သင်း အပြိုင်ဖြစ်နေသလို ၃၃ မှတ်စီရထားသည့် GV Athletic အသင်းနှင့် မြို့မ YTD အသင်းတို့၏ တတိယနေရာအတွက် ပြိုင်ဆိုင်မှုမှာလည်း စိတ်ဝင်စားစရာ ကောင်းနေသည်။

**ရဲရင့်ရှိုင်း**

# အက်ဖ်အေဖလား ပဉ္စမအဆင့် ဘရိုက်တန်က ဒါဘီကို အနိုင်ယူ

အင်္ဂလန် ပြည်တွင်းဖလားတစ်လုံးဖြစ်သော အက်ဖ်အေဖလား ပဉ္စမအဆင့် ပြိုင်ပွဲများကို ဖေဖော်ဝါရီ ၁၆ရက် စနေနေ့ညတွင် ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ရာ အစောပွဲ ယှဉ်ပြိုင်ခဲ့သည့် ဘရိုက်တန်နှင့် ဒါဘီပွဲတွင် အိမ်ရှင်ဘရိုက်တန်အသင်း နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ယင်းပွဲတွင် နှစ်သင်းစလုံး တိုက်စစ်ကစားကွက် ၄-၃-၃ ပုံစံဖြင့် ပွဲထွက်လာကြပြီး ပွဲချိန် ၃၃မိနစ်တွင် ဘရိုက်တန် တိုက်စစ်မှူး အန်သိုနီခနော့ခ်အက်က ဦးဆောင်ဂိုးသွင်းယူခဲ့ပြီး ပထမပိုင်းပြီးခါနီး ၄၅မိနစ်တွင် တိုက်စစ်မှူးလိုကာဒီယာက ဘရိုက်တန်အတွက် ဒုတိယဦးဆောင်ဂိုးသွင်းယူခဲ့သည်။ ဒါဘီအသင်းသည် ဒုတိယပိုင်းတွင် ချေပဂိုးရရှိရန် ဖိအားပေးကစားခဲ့ပြီး တစ်လုံးတည်းသော ချေပဂိုးကို ပွဲချိန် ၈၁ မိနစ်တွင် လူစားဝင်လာသော အက်ရှ်လေကိုးက သွင်းယူပေးခဲ့သည်။ ယင်းပွဲတွင် အိမ်ရှင်ဘရိုက်တန်အသင်းသည် ဂိုးကန်သွင်းခွင့် ၁၈ ကြိမ်အထိရရှိခဲ့ပြီး ဒါဘီအသင်းသည် ဂိုးကန်သွင်းခွင့် ၁၁ ကြိမ်ရရှိခဲ့သည်။ နည်းပြ ဖရန့်ခ်လမ်းပတ်၏ ဒါဘီအသင်းသည် ချန်ပီယံရှစ်အမှတ်ပေးပြိုင်ပွဲတွင် အဆင့် ၇ ၌ ရပ်တည်နေပြီး ခရစ်ဟော့တန်၏ ဘရိုက်တန်အသင်းသည် ပရီမီယာလိဂ်၌ တန်းဆင်းဇုန်အထက် အဆင့် ၁၄ တွင် ရုန်းကန်နေရသည်။

အခြားအက်ဖ်အေဖလား ပွဲစဉ်တစ်ပွဲဖြစ်သော ကျူပီအာနှင့် ဝက်ဖို့ဒ်ပွဲစဉ်ကို ဖေဖော်ဝါရီ ၁၆ရက် စနေနေ့ နံနက်ပိုင်းတွင် ယှဉ်ပြိုင်ခဲ့ကာ ဝက်ဖို့ဒ်အသင်း တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ ဝက်ဖို့ဒ်အတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို ကွင်းလယ်ကစားသမား အက်တီးနီကပ်အူးက သွင်းယူခဲ့ခြင်းဖြစ်သည်။ **သီဟ**

● ကျောဖုံးမှ

ယင်းအုပ်စုပွဲများကို မြန်မာနှင့် ဗီယက်နမ်နိုင်ငံတို့က အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရထားပြီး မြန်မာအသင်းပါဝင်သော အုပ်စု (က) ပွဲစဉ်များကို ဧပြီ ၂၆ ရက်မှ ၃၀ ရက်အထိ မန္တလေးမြို့ရှိ မန္တလာသီရိကွင်း၌ ကျင်းပမည်ဖြစ်သည်။ ခြေစစ်ပွဲ ကျင်းပမည့်ပုံစံအရ အုပ်စုတစ်ခုစီမှ ထိပ်ဆုံးနှစ်သင်းစီ ခြေစစ်ပွဲအောင်မြင်မည်ဖြစ်ရာ မြန်မာအသင်းအနေဖြင့် အခွင့်အရေးရှိနေခြင်း ဖြစ်သည်။ မြန်မာ ယူ-၁၉ အမျိုးသမီး အသင်းကို နည်းပြချုပ်အဖြစ် ဒေါ်သက်သက်ဝင်းက ဆက်လက်ကိုင်တွယ်နေပြီး ခြေစစ်ပွဲ အကြိုပြင်ဆင်မှုများအဖြစ် မတ်လတွင် ဂျပန်- အာဆီယံ ဖိတ်ခေါ်ပြိုင်ပွဲ၊ ဧပြီတွင် ထိုင်းခြေစမ်းခရီးစဉ်တို့ သွားရောက်မည်ဖြစ်သည်။ မြန်မာအသင်းသည် ပထမအဆင့်ခြေစစ်ပွဲတွင် လာအိုအသင်းကို လေးဂိုး- သုံးဂိုးဖြင့် ရှုံးသော်လည်း အီရန်ကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရပြီး အကောင်းဆုံး အုပ်စုဒုတိယဖြင့် ဒုတိယအဆင့် ခြေစစ်ပွဲသို့ တက်ရောက်လာခြင်းဖြစ်သည်။

**ညီမြတ်သော်တာ**

# နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဖေဖော်ဝါရီ ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ပဲခူးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ **မိုး/ဇလ**

MINISTRY OF HEALTH AND SPORTS

ဖိတ်ကြားလွှာ

ကာကွယ်ဆေးထိုးနှံပေးမယ့်နေ့ရက်၊ အချိန်
၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလ (၁၇) ရက်နေ့မှ (၂၈) ရက်နေ့အထိ။
မနက် (၈) နာရီမှ ညနေ (၄) နာရီအထိ။

ကာကွယ်ဆေးထိုးနှံပေးမယ့် နေရာများ
လှိုင်သာယာ၊ အင်းစိန်၊ မင်္ဂလာဒုံ၊ ရွှေပြည်သာ၊ ဒဂုံမြို့သစ် (တောင်ပိုင်း)၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း)နဲ့ ဒဂုံဆိပ်ကမ်းမြို့နယ်များရှိ ရပ်ကွက်၊ ကျေးရွာအလိုက် သတ်မှတ်ထားတဲ့ ကာကွယ်ဆေးထိုး စုရပ်တွေမှာ ထိုးနှံပေးသွားမှာဖြစ်ပါတယ်။
(စုရပ်နေရာ အတိအကျကို မြို့နယ်၊ ရပ်ကွက်အုပ်ချုပ်ရေးရုံးများနဲ့ ကျန်းမာရေး ဝန်ထမ်းများကို မေးမြန်းပါ။)

ကာကွယ်ဆေးထိုးနှံပေးမယ့်အသက်အပိုင်းအခြား
အသက် (၉) လ မှ (၁၅) နှစ်အောက် ကလေးလူငယ်များ အားလုံး။
ဝက်သက်ကာကွယ်ဆေး ထိုးဖူးသည်ဖြစ်စေ၊ မထိုးဖူးသည် ဖြစ်စေ အထက်ပါ အစီအစဉ်အတိုင်း အခမဲ့ လာရောက်ထိုးနှံနိုင်ပါတယ်။

World Health Organization unicef Gavi



# စားသုံးရန်မသင့်သောအစားအသောက်များနှင့်ပတ်သက်၍ အများပြည်သူသိရှိရန် အသိပေးကြေညာ

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် အရည်အသွေးစစ်မှန်ကောင်းမွန်ပြီး ဘေးအန္တရာယ်ကင်းရှင်းသော အစားအသောက်များကို အများပြည်သူတို့စားသုံးနိုင်ရန် စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိသည်။

ဈေးကွက်များတွင် ရောင်းချလျက်ရှိသော အစားအသောက်များကိုဈေးများ၊ ကျောင်းမုန့်ဈေးတန်းများမှ ဝယ်ယူစစ်ဆေးရာ အောက်ဖော်ပြပါ အစားအသောက်များ၌ ခွင့်မပြုဆိုးဆေးများ ပါဝင်ခြင်းတို့ကြောင့် စားသုံးရန်မသင့်ကြောင်း အသိပေးကြေညာအပ်ပါသည်။

အစားအသောက်ထုတ်လုပ်၊ ဖြန့်ဖြူး၊ ရောင်းချသူများသည် အစားအသောက်တွင်သုံးစွဲရန် ခွင့်မပြုသော ဆိုးဆေးများကို လုံးဝအသုံးမပြုရန်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါက အမျိုးသားအစားအသောက် ဥပဒေပုဒ်မ ၂၈(က) အရ အရေးယူမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

| စဉ် | အစားအသောက်အမျိုးအစား | အမှတ်တံဆိပ် | ခွင့်မပြုဆိုးဆေးပါဝင်မှု |
|---|---|---|---|
| ၁။ | ဆီးတော်ဖီ | အင်ပါယာ | Rhodamine B |
| ၂။ | သကြားချောင်း | ဒို့မေမေ | Rhodamine B |
| ၃။ | ငရုတ်သီးပုံရောင်စုံသကြားလုံး | မြမြ | Rhodamine B |
| ၄။ | ဘောလုံးပုံရောင်စုံသကြားလုံး | မြမြ | Rhodamine B |
| ၅။ | ရခိုင်ငါးပိထောင်း | ထိပ်တန်း | Rhodamine B |
| ၆။ | ငါးပိထောင်း | ရွှေဝါဝင်း | Rhodamine B |
| ၇။ | ငရုတ်သီးအကြမ်းမှုန့် | ရွှေငရုတ်မင်း | Orange II |
| ၈။ | ငရုတ်သီးအရောင်တင်မှုန့် | ရွှေငရုတ်မင်း | Orange II |
| ၉။ | လက်ဖက် (ချဉ်စပ်နှပ်) | ထက်မြတ် | Auramine O |

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

စားသုံးရန် မသင့်သည့် ကုန်ပစ္စည်း များကို တွေ့ရစဉ်။








# မြောက်ဦးမြို့တွင် မီးကြွင်းမီးကျန်မှုတစ်ဆင့် မီးလောင် အိမ်ခြေ ၁၄ လုံး မီးလောင်ဆုံးရှုံး

**မြောက်ဦး ဖေဖော်ဝါရီ ၁၆**

ရခိုင်ပြည်နယ် မြောက်ဦးခရိုင် မြောက်ဦးမြို့ လေ်ကမူရပ် လေ်ကမူဘုရားအနီးတွင် ယနေ့ မွန်းလွဲ ၂ နာရီခွဲခန့်က မီးလောင်မှုတစ်ခု ဖြစ်ပွားကြောင်း သတင်းပေးပို့သဖြင့် မြို့နယ်မီးသတ်စခန်းမှ မီးသတ်ဦးစီးမှူး ဦးစံထွန်း ဦးဆောင်၍ သန္ဓေတပ်ဖွဲ့ဝင်များမှ သွားရောက်မီးငြှိမ်းသတ်ခဲ့ကြောင်း သိရသည်။

အဆိုပါ မီးလောင်မှုမှာ ဒေါ်ခိုင်ခိုင်ဝင်း နေအိမ် မီးဖိုမီးကြွင်းမီးကျန်မှ အနီးရှိ ဝါးထံရုံသို့ မီးကူးစက်လောင်မှုဖြစ်ပွားခဲ့ပြီး မြို့နယ်သန္ဓေနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင် ၅၀၊ မီးငြှိမ်းသတ်ယာဉ်သုံးစီးနှင့် ရေသယ်ယာဉ်နှစ်စီးနှင့်အတူ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ရပ်ကွက်နေပြည်သူများဖြင့် မီးငြှိမ်းသတ်ရာ မွန်းလွဲ ၃ နာရီခွဲခန့်တွင် မီးလုံးဝငြိမ်းသွားပြီး မီးလောင်မှုကြောင့် အိမ်ခြေ ၁၄ လုံး မီးလောင်ဆုံးရှုံးခဲ့ကြောင်း သိရသည်။ မီးဘေးဒုက္ခသည်များအား လောကမာရ်အောင် ဘုရားသိမ်တွင် ယာယီနေရာချထားလျက်ရှိပြီး မီးလောင်မှုနှင့်ပတ်သက်၍ ဒေါ်ခိုင်ခိုင်ဝင်းအား မြောက်ဦးရဲစခန်းမှ အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ခရိုင် (ပြန်/ဆက်)**



မီးလောင်ကျွမ်းသွားသည့် နေအိမ်များကို တွေ့ရစဉ်။

# မူဆယ်တွင် မီးအားမြှင့်စက်အပူလွန်ကဲရာမှ မီးလောင်

**မူဆယ် ဖေဖော်ဝါရီ ၁၆**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့တွင် ဖေဖော်ဝါရီ ၁၆ ရက် မွန်းလွဲ ၂ နာရီ မိနစ် ၅၀ခန့်က ကောင်းမှုတံုရပ်ကွက်(မြန်မာ့စီးပွားရေးဘဏ်ကပ်ရပ်) ဖုန်းအရောင်းဆိုင်တွင် မီးအားမြှင့်စက်အပူလွန်ကဲရာမှ မီးလောင်မှုဖြစ်ပွားကြောင်း သိရသည်။

အဆိုပါမီးလောင်ရာနေရာသို့ မူဆယ်မြို့ မီးသတ်ဦးစီးဌာနမှ မီးသတ်ယာဉ်နှင့် ကောင်းမှုတံုရပ်ကွက်မှ မီးသတ်ယာဉ်ရှစ်စီး၊ သန္ဓေမီးသတ်တပ်ဖွဲ့ဝင် ၂၀၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၅၀ တို့က စုပေါင်းငြှိမ်းသတ်ခဲ့ရာ မွန်းလွဲ ၃ နာရီ ၅ မိနစ်ခန့်တွင် မီးငြှိမ်းသတ်နိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါမီးလောင်မှုကြောင့် ဆိုင်ကယ်နှစ်စီးနှင့် သွပ်မိုး၊ အုတ်ကာနှစ်ထပ်တိုက်တစ်လုံး ဆုံးရှုံးခဲ့ကြောင်း သိရသည်။ **ဆိုင်ဖြူ(မူဆယ်)**

# နမ့်ဆန်၌ ယာဉ်တိမ်းမှောက်မှုဖြစ်ပွား တစ်ဦးသေ၊ ငါးဦးဒဏ်ရာရ

**နမ့်ဆန် ဖေဖော်ဝါရီ ၁၆**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ပလောင်ကိုယ်ပိုင်အုပ်ချုပ် ခွင့်ရဒေသ နမ့်ဆန်မြို့နယ် အနောက်ဘက် နမ့်ဆန်-မန်တုံကားလမ်းပေါ် ယာဉ်မောင်း အန်ကျင်း မောင်းနှင်လာသည့် ယာဉ်အမှတ် 8K/---- လိုက်ထရပ်ယာဉ်အမျိုးအစားသည် ယနေ့မွန်းလွဲ ၃ နာရီခန့်က နမ့်ဆန်မြို့တွင်းမှအပြန် မိုင်တိုင် ၃၂မိုင် ၁ ဖာလုံတွင် ကားဘီးပေါက်၍ လမ်းအောက်ချောက်ထဲသို့ ထိုးကျသွားကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်ကြောင့် ယာဉ်ပေါ်ပါ ဒေါ်နီလာ အသက်(၄၅နှစ်)မှာ ရရှိဒဏ်ရာများဖြင့် အဆိုပါနေရာတွင် သေဆုံးကာ မောင်ကန်ချာ (၈နှစ်)၊ ဒေါ်အေးဟိန်း (၆၂နှစ်)၊ မစီသာ (၁၀ လ)၊ ဒေါ်အေးရှန် (၄၂နှစ်)၊ ဒေါ်ခင်မြ အသက်(၄၀နှစ်)တို့မှာ ထိခိုက်ဒဏ်ရာများရရှိခဲ့ကြောင်း သိရသည်။ ယာဉ်တိမ်းမှောက်မှု ဖြစ်ပွားရာသို့ ကြက်ခြေနီ သူနာပြုတပ်ဖွဲ့ဝင်များက ကရုဏာရှင်ယာဉ်ဖြင့် ဒဏ်ရာရရှိသောသူများနှင့် သေဆုံးသွားသော ဒေါ်နီလာကို ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

**အောင်မိုး (ပြန်/ဆက်)**

## မြန်မာ့ရုပ်မြင်သံကြား

၁၇-၂-၂၀၁၉ (တနင်္ဂနွေနေ့)

**နံနက်ပိုင်း**

၆:၀၀ - တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၀၀ - Breakfast News
၉:၄၀ - MRTV Travelogue
၁၀:၀၀ - Sunday Talk
၁၀:၃၀ - (၂၀၁၉) ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြု သိကောင်းစရာများ (သင်္ချာဘာသာရပ်)
၁၁:၀၀ - လှပစုံလင်အာဆီယံတစ်ခွင်
၁၁:၃၀ - BBC ခံစားကြည့်
၁၂:၃၀ - This Week's Special Interest
၁၂:၄၅ - မြန်မာဂန္ထဝင်ရုပ်ရှင် "တေဇာ" (ဒါရိုက်တာ-မျိုးမြင့်အောင်)
၁၅:၄၀ - (၂၀၁၉)ခုနှစ်၊ မတ်လ တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် စတင်အသုံးပြုမည့် မေးခွန်းပုံစံသစ်ဆိုင်ရာ သိမှတ်ဖွယ်ရာများ (လက်သင်္ကေတပြ) (အင်္ဂလိပ်စာဘာသာရပ်)

**ညပိုင်း**

၁၆:၂၅ - (၂၀၁၉) ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြု သိကောင်းစရာများ (ဓာတုဗေဒဘာသာရပ်)
၁၇:၀၅ - "ရခိုင်ပြည်နယ် ပြည်လည်ထူထောင်ရန်အတွက် ကဏ္ဍအသီးသီးမှ ဆောင်ရွက်ချက်များ"(၉၆)
၁၉:၁၅ - နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်ကြွေးမပြေ" (အပိုင်း-၆၇)
၂၀:၀၀ - ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
၂၀:၃၅ - တမ်းတမ်းတတဖြစ်ခဲ့ရသော ရုပ်ရှင်တေးများ
- မြန်မာ့အသံနှင့် ရုပ်မြင်သံကြား နှစ်ပတ်လည် ဂုဏ်ပြုဇာတ်လမ်း "ရှင်သန်နေမည့် MRTV"

# ရေပူစစ်ဆေးရေးစခန်း၌ အဝတ်အထည်၊ ဆေးဝါးနှင့်ဆက်စပ်ပစ္စည်းများ ဖမ်းဆီးရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၁၆**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းများမှ တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၁၅ ရက်က ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းမှ စစ်ဆေးမှုများဆောင်ရွက်စဉ် Mitsubishi Fuso ယာဉ်တစ်စီးနှင့် Toyota Mark II ယာဉ်ငယ်တစ်စီးပေါ်တွင် တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် အဝတ်အထည်ဟောင်း ခုနစ်ထုပ်နှင့် တရားမဝင်ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းသုံးဖာ၊ စုစုပေါင်းခန့်မှန်းတန်ဖိုး ငွေကျပ် ၆ ဒသမ ၆၅ သန်းအား တွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

အလားတူ ဇန်နဝါရီ ၁၄ ရက်က ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ စစ်ဆေးမှုများ ဆောင်ရွက်စဉ် Toyota Hiace ယာဉ်တစ်စီး၊ Nissan UD ၁၂ ဘီးယာဉ်တစ်စီးတို့ပေါ်တွင် တရားဝင်စာရွက် စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် ကျောက်စိမ်းဟုယူဆရသော ကျောက်တုံး ၅၂၃ ကီလို၊ အမိုနီယမ်နိုက်ထရိတ်အိတ် ၃၆၀ နှင့် ပစ္စည်းသယ်ဆောင်သည့် ယာဉ်နှစ်စီး၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀ ဒသမ ၉၅ သန်းကို စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ကွန်ဟိန်းမြို့နယ်၌ အိုက်စ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၁၆**

မူးယစ်တပ်ဖွဲ့စု(၂၇)လွိုင်လင်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီ ၁၅ ရက် ည ၈ နာရီက ကွန်ဟိန်းမြို့နယ် ကာလိ-မိုင်းစံသွားကားလမ်း၊ ပန်လုံကျေးရွာအနီးတွင် အိုက်ညီ မောင်းနှင်လာသည့် LAND-CRUISER အမျိုးအစားမော်တော်ယာဉ်နှင့် ဆမ်ကုမ်း မောင်းနှင်လာသည့် SURF အမျိုးအစား မော်တော်ယာဉ်နှစ်စီးတို့ကို ရပ်တန့်စစ်ဆေးရှာဖွေရာ အိုက်ညီ မောင်းနှင်လာသည့် မော်တော်ယာဉ်မှ အိုက်စ် ၃၀ ကီလိုနှင့် လက်ကိုင်ဖုန်း တစ်လုံးကို လည်းကောင်း၊ ဆမ်ကုမ်း မောင်းနှင်လာသည့် မော်တော်ယာဉ်မှ အိုက်စ် ၂၀ ကီလိုကိုလည်းကောင်း စုစုပေါင်း အိုက်စ် ၅၀ ကီလို (ကာလတန်ဖိုး ငွေကျပ်သိန်း ၁၂၅၀၀ )ကို သိမ်းဆည်းရမိခဲ့သည်။

ထို့အတူ ယင်းနေ့ ညနေ ၆ နာရီခန့်က မူးယစ်တပ်ဖွဲ့စု (၁၇) မန္တလေး (မြောက်ပိုင်း)မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် အမရပူရမြို့နယ် နတ်ရေကန်ကျေးရွာအုပ်စု ဖျောက်ဆိတ်ကုန်းကျေးရွာ ၆၈ လမ်းရှိ မင်းမင်းမွှေး (ခ)ကိုမင်း၏နေအိမ်ဆိုင်ခန်းကိုရှာဖွေရာ ဘိန်းဖြူ ၁၂၈ ဂရမ်၊ စိတ်ကြွရူးသွပ်ဆေးပြား ၁၄ ပြားနှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့ကို မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **ကိုရဲ**

# မြင်းမူမြို့နယ်၌ မီးကြွင်းမီးကျန်မှုတစ်ဆင့် မီးလောင်မှုဖြစ်ပွား

**မြင်းမူ ဖေဖော်ဝါရီ ၁၆**

မြင်းမူမြို့နယ် ကန်တော်ကျေးရွာတွင် ယမန်နေ့က မီးကြွင်းမီးကျန်မှုတစ်ဆင့် မီးလောင်မှုဖြစ်ပွားကြောင်း သိရသည်။

မြင်းမူမြို့နယ် ရဲတပ်ဖွဲ့မှူး ကြီးကြပ်မှုဖြင့် မြို့မစခန်းမှူးနှင့် တပ်ဖွဲ့ဝင်များ၊ ဂုံညင်းဆိပ်ရဲကင်းစခန်းမှူး ဒုရဲအုပ် အောင်ဇော်ဇော် သွားရောက်စစ်ဆေးရာ မြင်းမူမြို့နယ် ကန်တော်ကျေးရွာ တောင်ပိုင်းနေ ဒေါ်သိန်းကြိုင်၏နေအိမ် မီးဖိုမှ မီးကြွင်းမီးကျန်မှုတစ်ဆင့် နွားစာတဲအား ကူးစက်လောင်ကာ အနီးပတ်ဝန်းကျင်ရှိ နေအိမ်ခြောက်လုံးအား မီးကူးစက်လောင်ကျွမ်းခြင်းဖြစ်သည်။

အဆိုပါမီးလောင်မှုကြောင့် မီးပေ့ါစွာသုံးစွဲသူ ဒေါ်သိန်းကြိုင်ကို မြင်းမူမြို့မရဲစခန်းက အမှုဖွင့်ထားကြောင်း သိရသည်။ **ဝ၇၇**

# မုဒိမ်းမှုနှင့်အိမ်ကျော်နင်းမှု ကျူးလွန်သူကို အလုပ်နှင့်ထောင်ဒဏ် ၂၃ နှစ် ပြစ်ဒဏ်ချမှတ်

**မြဝတီ ဖေဖော်ဝါရီ ၁၆**

မြဝတီခရိုင်တရားရုံးတွင် ရာဇဝတ်ကြီးမှုအမှတ် ၁၂၉/၂၀၁၈ ရာဇသတ်ကြီးပုဒ်မ ၃၇၆နှင့် ၄၅၀ တို့အရ စစ်ဆေးလျက်ရှိသော အမှုမှ တရားခံ ထွန်းသန်းအား မြဝတီခရိုင်တရားရုံးက အလုပ်နှင့်ထောင်ဒဏ် (၂၃နှစ်) ပြစ်ဒဏ်ချမှတ်ခဲ့ကြောင်း မြဝတီမြို့မရဲစခန်းမှ သိရသည်။

ဖြစ်စဉ်မှာ ၂၀၁၈ခုနှစ် ဇူလိုင် ၂၄ ရက်က ဖြစ်ပွားသည့် သက်ငယ်မုဒိမ်းမှုဖြစ်ပြီး ကျူးလွန်ခံရသူ၏ မိခင်ဖြစ်သူ မပန်းအိစံက မြဝတီမြို့မရဲစခန်းတွင် တရားလိုပြုလုပ် တိုင်တန်းခဲ့ရာ မြဝတီမြို့မရဲစခန်းက (ပ) ၆၅၈/၂၀၁၈ ရာဇသတ်ကြီးပုဒ်မ ၃၇၆/ ၅၁၁ နှင့် ရာဇသတ်ကြီးပုဒ်မ ၄၅၀ တို့ဖြင့် အမှုဖွင့်ကာ မြဝတီခရိုင်တရားရုံးသို့ တရားစွဲတင်ပို့ခဲ့၍ မြဝတီခရိုင်တရားရုံးက လက်ခံစစ်ဆေးရာမှ ပြစ်မှုထင်ရှားသဖြင့် ယမန်နေ့က ပြစ်မှုကျူးလွန်သူ ထွန်းသန်း (၇၀နှစ်)ကို ရာဇသတ်ကြီးပုဒ်မ ၃၇၆ အရ အလုပ်နှင့်ထောင်ဒဏ် နှစ် ၂၀ ရာဇသတ်ကြီးပုဒ်မ ၄၅၀ အရ အလုပ်နှင့် ထောင်ဒဏ်သုံးနှစ်စီကို သီးခြားစီ ကျခံစေရန် စီရင်ချက် ချမှတ်ခြင်းဖြစ်ကြောင်း သိရသည်။

**မင်းသူ(ဘားအံ)**

# မောင်တောမြို့ စည်ပင်သာယာအမှိုက်ပုံနှင့် စေတီပြင်ကျေးရွာတို့တွင် မီးလောင်

**မောင်တော ဖေဖော်ဝါရီ ၁၆**

ရခိုင်ပြည်နယ် မောင်တောမြို့ အမှတ်(၅)ရပ်ကွက်ရှိ စည်ပင်သာယာအမှိုက်ပုံ ဖေဖော်ဝါရီ ၁၅ ရက် မွန်းလွဲ ၂ နာရီက မီးလောင်နေကြောင်း မြို့နယ်အုပ်ချုပ်ရေးမှူး၏ သတင်းပေးမှုအရ မောင်တောခရိုင် မီးသတ်ဦးစီးမှူးရုံးမှ ခရိုင်မီးသတ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးသန့်စင် ဦးဆောင်၍ တပ်ဖွဲ့ဝင်များက သွားရောက်မီးငြှိမ်းသတ်ခဲ့ရာ အချိန်မီ မီးငြှိမ်းသတ်နိုင်ခဲ့ကြောင်း သိရသည်။

အလားတူ မောင်တောမြို့နယ် ရွှေဇားအုပ်စု စေတီပြင်ကျေးရွာ၌ ည ၉ နာရီ မိနစ် ၄၀ ခန့်တွင် မီးလောင်မှုဖြစ်ပွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ မောင်တောမြို့နယ် ရွှေဇားအုပ်စု စေတီပြင်ကျေးရွာနေ ဘော်ရှော့ (၇၅နှစ်)၏ နေအိမ်မီးဖို မီးကြွင်းမီးကျန်မှုတစ်ဆင့်အနီးရှိ ဝါးထရုံသို့ မီးကူးစက်လောင်ကာ ဘေးကပ်လျက်ရှိ နေအိမ်ဖြစ်သော အာရာဖတ်(၃၀ နှစ်)၏ နေအိမ်တစ်လုံး မီးလောင်ခဲ့ကြောင်း သိရသည်။ **သက်လွင်စိုး(ပြန်/ဆက်)**

# ကျောက်တံခါး၌ တရားမဝင်သစ်များ ပိုင်ရှင်မဲ့ဖမ်းဆီးရမိ

**ကျောက်တံခါး ဖေဖော်ဝါရီ ၁၆**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ရဲနွယ်ကြိုးဝိုင်းနှင့် ရဲနွယ်ဆည်အတွင်း ပိန်းချောင်းတစ်လျှောက်၌ ဖေဖော်ဝါရီ ၁၅ ရက်က ပဲခူးခရိုင် တရားမဝင်သစ်ဖမ်းဆီးရေးစစ်ကြောင်းအဖွဲ့မှ နယ်မြေရှင်းလင်းရာ တရားမဝင်သစ်များဖမ်းဆီးရမိခဲ့သည်။

ပဲခူးခရိုင်သစ်ဖမ်းဆီးရေးအဖွဲ့မှ ဒိုက်ဦးမြို့နယ် သစ်တောဦးစီးမှူး ဦးမြဝင်းအောင်၊ ကျောက်တံခါးမြို့နယ် သစ်တောဦးစီးမှူး ဦးတင်ထွန်းနှင့် သစ်တောဝန်ထမ်းများ၊ သစ်တောလုံခြုံရေး ရဲတပ်ဖွဲ့ဝင်များက ရဲနွယ်သစ်တောကြိုးဝိုင်းနှင့် ရဲနွယ်ဆည်ပိန်းချောင်းတစ်လျှောက် နယ်မြေရှင်းလင်းရာ ကျွန်း၊ ပျဉ်းကတိုးနှင့် အခြားခွဲသားများ စုစုပေါင်းတန် ၂၀ ကျော်နှင့် သစ်ဖြတ်စက်လေးလုံး၊ ပေါင် ၉၀ ဝင် မီးသွေးအိတ်အလုံး ၁၂၀၊ အင်ဂျင်မပါ စက်လှေအသစ်တစ်စင်းတို့အား ပိုင်ရှင်မဲ့ ဖမ်းဆီးရမိခဲ့သည်။

အလားတူ ပဲခူးမြို့နယ်၊ ညောင်လေးပင်မြို့နယ်၊ ရွှေကျင်မြို့နယ်မှ သစ်တောဦးစီးမှူးများနှင့် သစ်တောဝန်ထမ်းများ၊ သစ်တောလုံခြုံရေးရဲတပ်ဖွဲ့ဝင်များ ပူးပေါင်းအဖွဲ့က ပဲခူးမြို့နယ် တောင်ဇာမရီကြိုးဝိုင်းနှင့်မြောက်ဇာမရီကြိုးဝိုင်းအတွင်း တရားမဝင်သစ်များ ဖမ်းဆီးခြင်းဆောင်ရွက်ရာ ကျွန်းခွဲသား၂၅ တန်ကျော်နှင့် ပေါင် ၉၀ ဝင် မီးသွေးအိတ် ၂၉၀ တို့အား ပိုင်ရှင်မဲ့ဖမ်းဆီးရမိခဲ့ပြီး ဖမ်းဆီးရမိသည့်သစ်များအား လုံခြုံရာသို့သယ်ယူကာ သစ်ခိုးထုတ်သယ်ယူလုပ်ကိုင်နေသူများအား စုံစမ်းဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

**ခင်ကို(ကျောက်တံခါး)**

# မင်းတုန်းမြို့နယ်တွင် ဘိန်းပင်များအား သတင်းပေးချက်အရ ပူးပေါင်းဖျက်ဆီး

**သရက် ဖေဖော်ဝါရီ ၁၆**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် မင်းတုန်းမြို့နယ် အနောက်မြောက်ဘက် ၂၅ မိုင်ခန့်အကွာ ငကုန်းကျေးရွာအနီး ငကုန်းတောင်နှင့် ရသေ့တောင်အကြား စကူချောင်းဖျားအနီးတွင် ဘိန်းပင်နှစ်ပေ ခြောက်လက်မခန့်၊ ဝ ဒသမ ၈ ဧကအား တွေ့ရှိ၍ ဖေဖော်ဝါရီ ၁၄ ရက်က ဖျက်ဆီးဆောင်ရွက်ခဲ့သည်။ ဘိန်းပင်များအား စိုက်ပျိုးထားကြောင်း လာရောက်သတင်းပေး တိုင်ကြားခဲ့၍ မင်းတုန်းမြို့နယ်ရဲစခန်းမှ ဒုရဲမှူး စိန်သောင်း ဦးဆောင်သော ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနမှ ဒုဦးစီးမှူး ဦးမျိုးမင်းထွန်း မြို့နယ်သစ်တောမှ တောခေါင်း ဦးကျော်ဝင်း၊ မြို့နယ်စိုက်ပျိုးရေးမှ လ/ထ ဦးစီးမှူး ဦးအေးမင်းအောင်၊ ကျေးလက်ကျန်းမာရေးမှူး ဦးကြည်လင်၊ မြို့နယ်လယ်/စီ၊ မင်းတုန်းမြို့နယ် ခေတ္တဒုရဲမှူး ကိုကိုလှိုင်က အုပ်ချုပ်မှုလျော့နည်းဖြစ်စဉ် မဖြစ်ပွားစေရေးအတွက် စနစ်တကျ ဆောင်ရွက်ဖျက်ဆီးခဲ့ကြောင်း သိရသည်။ **ပေါက်ကလေး(သရက်)**

# ကုန်သွယ်ရေးညှိနှိုင်းမှု တိုးတက်ကောင်းမွန်လာသည့်အတွက် အမေရိကန်သမ္မတ ချီးကျူး

**ဝါရှင်တန် ဖေဖော်ဝါရီ ၁၆**

တရုတ်နှင့်အမေရိကန်နှစ်နိုင်ငံကြား ကုန်သွယ်ရေးတင်းမာမှုကိုဖြေရှင်းနိုင်ရန် နှစ်ဖက်ညှိနှိုင်းရေးကိုယ်စားလှယ်များ အမေရိကန်ပြည်ထောင်စု ဝါရှင်တန်ဒီစီတွင် လာမည့်ရက်သတ္တပတ်အတွင်း ထပ်မံတွေ့ဆုံမည်ဖြစ်ကြောင်း သိရသည်။ နှစ်နိုင်ငံကုန်သွယ်ရေးဆွေးနွေးမှုတွင် အခြေအနေများ တိုးတက်ကောင်းမွန်လာသည့်အတွက် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်ကလည်း ချီးကျူးလိုက်သည်။

တရုတ်နှင့်အမေရိကန်ကြား ကုန်သွယ်ရေးဆိုင်ရာများတွင် စစ်မှန်သည့်သဘောတူညီချက်တစ်ခုရရန် အလွန်နီးစပ်နေပြီဟု အိမ်ဖြူတော်သတင်းစာရှင်းလင်းပွဲတွင် အမေရိကန်သမ္မတထရမ့်က သတင်းထောက်များကို ပြောသည်။

တရုတ်နိုင်ငံသမ္မတရှီကျင့်ဖျင်နှင့်သာမက တရုတ်နိုင်ငံနှင့်ပါ ဆက်ဆံရေးတိုးတက်ကောင်းမွန်ရန် အမေရိကန်နိုင်ငံက အနီးကပ်လုပ်ဆောင်နေကြောင်းနှင့် ယခုအခါတွင် နှစ်နိုင်ငံဆက်ဆံရေး တိုးတက်ကောင်းမွန်လာကြောင်း ထရမ့်က ဆက်လက်ပြောကြားသည်။ ယမန်နေ့က အမေရိကန်ကုန်သွယ်ရေး ကိုယ်စားလှယ် ရောဘတ်လိုက်တင်ဇာ၊ အမေရိကန်ဘဏ္ဍာရေးဝန်ကြီး စတီဗင်မန်နူချင်နှင့် တရုတ်သမ္မတ ရှီကျင့်ဖျင်တို့ တရုတ်နိုင်ငံ ပေကျင်းမြို့တွင် တွေ့ဆုံခဲ့သည်။

နောင်လာမည့်ဆွေးနွေးပွဲတွင် နှစ်နိုင်ငံလုံးအကျိုးရှိစေမည့် သဘောတူညီချက်တစ်ရပ်ထွက်ပေါ်လာမည်ဟု တရုတ်သမ္မတရှီကျင့်ဖျင်က မျှော်လင့်ထားကြောင်း တရုတ်အစိုးရပိုင် ဆင်ဟွာသတင်းတစ်ရပ်တွင်လည်း ဖော်ပြထားသည်။

နှစ်နိုင်ငံကုန်သွယ်ရေးတင်းမာမှု၏ အခြေခံအကျဆုံး အဓိကအကြောင်းအရာများထဲမှ ကိစ္စအချို့ကို နှစ်ရက်ကြာဆွေးနွေးမှုအတွင်း တိုးတက်လာအောင် ညှိနှိုင်းဆောင်ရွက်နိုင်ခဲ့သည်ဟု ဆင်ဟွာသတင်းတွင် ဆက်လက်ဖော်ပြထားသည်။ နှစ်ရက်ကြာ ဆွေးနွေးမှုအတွင်း နည်းပညာလွှဲပြောင်းမှု၊ ဉာဏမူပိုင်ခွင့်၊ အင်တာနက်မှတစ်ဆင့် ခိုးယူမှုနှင့် စိုက်ပျိုးရေးဆိုင်ရာကိစ္စရပ်များကို အဓိကထား ဆွေးနွေးနိုင်ခဲ့ကြောင်း သိရသည်။

နှစ်နိုင်ငံကုန်သွယ်ရေးတွင် တိုးတက်မှုများရှိသော်လည်း လုပ်စရာများကျန်ရှိနေသေးကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနက ထုတ်ပြန်ဖော်ပြထားသည်။

**အေအက်ဖ်ပီ**



တရုတ်သမ္မတရှီကျင့်ဖျင် အမေရိကန်ကုန်သွယ်ရေး ကိုယ်စားလှယ်နှင့် အမေရိကန်ဘဏ္ဍာရေးဝန်ကြီးတို့အား ဖေဖော်ဝါရီ ၁၅ ရက်က ပေကျင်းရှိ ဂရိတ်ဟောတွင် တွေ့ဆုံစဉ်။

# သန်းထောင်ပေါင်းများစွာခိုးယူပြီး မဖြစ်စလောက်ပြန်ပေးသည်ဟု အမေရိကန်ကို မာဒူရို စွပ်စွဲ

**ကရာကတ်စ် ဖေဖော်ဝါရီ ၁၆**

အမေရိကန်ပြည်ထောင်စုအား ဗင်နီဇွဲလားနိုင်ငံ သမ္မတနီကိုလက်စ်မာဒူရိုက အမေရိကန်ဒေါ်လာ သန်းထောင်ပေါင်းများစွာ ခိုးသွားပြီး မဖြစ်စလောက်သာ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီအနေဖြင့် ပြန်လည်ပေးသည်ဟု စွပ်စွဲပြောကြားလိုက်သည်။

အမေရိကန်ပြည်ထောင်စုသည် ဗင်နီဇွဲလား ထိပ်တန်းခေါင်းဆောင် ငါးဦးကိုလည်း အရေးယူပိတ်ဆို့မှု ပြုလုပ်ထားကြောင်း သိရသည်။

အမေရိကန်ပြည်ထောင်စု၏ တန်ပေါင်းများစွာသော အကူအညီပစ္စည်းများသည် ဗင်နီဇွဲလားနယ်စပ်အနီး ကိုလံဘီယာဘက်တွင် စုပုံလျက်ရှိသည်။ အတိုက်အခံခေါင်းဆောင် ဂျူအန်ဂွိုက်ဒိုက ထောက်ပံ့ပစ္စည်းများ နိုင်ငံတွင်းသို့ မဝင်နိုင်အောင် ပိတ်ဆို့တားဆီးထားသော ဗင်နီဇွဲလားသမ္မတမာဒူရို၏ ကြိုးစားမှုများကို အတတ်နိုင်ဆုံး ဆန့်ကျင်ကာ ထောက်ပံ့ပစ္စည်းများ နိုင်ငံတွင်းရောက်ရှိအောင် လုပ်ဆောင်ပေးမည်ဖြစ်ကြောင်း ကတိပြုပြောကြားထားသည်။

“ဒါဟာ တကယ့်ကိုရှုးမိုက်တဲ့ ထောင်ချောက်ပဲ။ သူတို့က ပုပ်သိုးပျက်စီးပြီး မသန့်ပြန့်တဲ့ အစားအစာတွေကို ပြသထားတယ်”လို့ မာဒူရိုက အရှေ့တောင်ပိုင်းမြို့တော် ဆိုင်ယူဒက်ဘိုလီဗာတွင် ပြုလုပ်သော အခမ်းအနားတစ်ခုတွင် ပြောခဲ့သည်။

“သူတို့ဟာ အမေရိကန်ဒေါ်လာဘီလီယံ ၃၀ လောက် ခိုးသွားပြီး ထောက်ပံ့ပစ္စည်း အစအနလောက်ပဲပေးတာ”လို့ အမေရိကန်ပြည်ထောင်စုကို ရည်ညွှန်းလျက် ဆိုရှယ်လစ်ခေါင်းဆောင်မာဒူရိုက ဆက်လက်ပြောကြားသည်။

ဖေဖော်ဝါရီ ၁၅ ရက် နှောင်းပိုင်းက မာဒူရိုသည် တပ်ဖွဲ့ဝင်များကို ကိုလံဘီယာနယ်စပ်တွင် အထူးတပ်ဖြန့်မှုများ ပြုလုပ်ရန်အတွက် အသင့်အနေအထားရှိနေရန် တိုက်တွန်းပြောကြားထားကြောင်း သိရသည်။

“ကျွန်တော် ပုံကြီးချဲ့ပြောတာ မဟုတ်ပါဘူး။ အိမ်ဖြူတော်မှာ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်နဲ့ ကိုလံဘီယာသမ္မတ အီဗန်ဒုကေးတို့က ဗင်နီဇွဲလားနိုင်ငံကို စစ်မက်ပြုဖို့ အစီအစဉ်တောင် လုပ်နေနိုင်တယ်” လို့ မာဒူရိုက ပြောသည်။

ဗင်နီဇွဲလားနိုင်ငံသည် စီးပွားရေး အကျပ်အတည်း ကျရောက်နေပြီး ပြည်သူသန်းကျော် ဆင်းရဲမွဲတေမှုနှင့် ကြုံတွေ့နေကာ အစားအစာနှင့် ဆေးဝါးကဲ့သို့သော အခြေခံလိုအပ်ချက်များ၊ ပြတ်လပ်မှုများနှင့် ရင်ဆိုင်နေရသည်။

အတိုက်အခံခေါင်းဆောင် ဂွိုက်ဒိုကို နိုင်ငံပေါင်း ၅၀ ကျော်က ကြားဖြတ်သမ္မတအဖြစ် အသိအမှတ်ပြုထားပြီး မာဒူရိုအား စီမံခန့်ခွဲမှုအလွဲများဖြင့် နိုင်ငံကို စီးပွားရေးအကျပ်အတည်းဖြစ်အောင် လုပ်ဆောင်နေသည်ဟု စွပ်စွဲပြောကြားထားသည်။

**အေအက်ဖ်ပီ**

# ရုရှားတွင် ချစ်သူများနေ့နှင့်တိုက်ဆိုင်စွာ အသည်းပုံစိန်တုံး တွေ့ရှိ

**မော်စကို ဖေဖော်ဝါရီ ၁၆**

ရုရှားနိုင်ငံ အရှေ့စွန်းပိုင်း ဆာခါပြည်နယ် အူဒက်ချ်နရာ စိန်တွင်းတွင် အသည်းပုံစိန်ရိုင်းတုံးတစ်တုံး တူးဖော်တွေ့ရှိခဲ့ကြောင်း ရုရှားနိုင်ငံ ထိပ်တန်းစိန်တူးဖော်ရေး ကုမ္ပဏီအယ်လ်ရိုဆာမှ ယမန်နေ့က ပြောလိုက်သည်။

အယ်လ်ရိုဆာကုမ္ပဏီ၏ ရောင်းဝယ်ရေးအဖွဲ့မှ ဒါရိုက်တာ ဗက်ဂန်နီအော်ဂူရေဗက်က အသည်းပုံသင်္ကေတနှင့်တူသော စိန်တုံးများကို သဘာဝအလျောက်တွေ့ရှိခြင်းသည် အလွန်ရှားပါးကြောင်း ထုတ်ပြန်ဖော်ပြခဲ့သည်။ အသည်းပုံစိန်ရိုင်းတုံးအား ချစ်သူများနေ့ မတိုင်မီတွေ့ရှိခဲ့ခြင်းသည် ကုမ္ပဏီအတွက်သာမက ချစ်သူစုံတွဲများအားလုံးအတွက် သဘာဝကပေးသော အမှတ်သင်္ကေတလက်ဆောင်တစ်ခုဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောခဲ့သည်။

အရည်အသွေးကောင်းမွန်သည့် လက္ခဏာရှိသည့် ယင်းစိန်တုံးသည် အလေးချိန် ၆၅ ဒသမ ၇ ကာရက်ရှိပြီး ကျွမ်းကျင်သူများ၏ ခန့်မှန်းချက်အရ နှစ်သန်းပေါင်း ၃၀၀ ကျော် သက်တမ်းရှိပြီဖြစ်ကြောင်း အယ်လ်ရိုဆာက ပြောကြားခဲ့သည်။ လတ်တလောတွင် အဆိုပါ စိန်ရိုင်းတုံးကို အသေးစိတ်စစ်ဆေးမှုများနှင့် အကဲဖြတ်လေ့လာမှုများ ပြုလုပ်နေကြောင်း သိရသည်။ ၂၀၁၈ ခုနှစ်တွင်လည်း အယ်လ်ရိုဆာကုမ္ပဏီသည် ဘောလုံးပုံနှင့် အရိုးခေါင်းပုံသဏ္ဌာန်ရှိသော စိန်ရိုင်းတုံးများကို ရှာဖွေတွေ့ရှိခဲ့သည်။

**ဆင်ဟွာ**

# လုံခြုံရေးတပ်ဖွဲ့ဝင်များ သေဆုံးခဲ့သည့်အပေါ် အပြင်းအထန် လက်တုံ့ပြန်သွားမည်ဖြစ်ကြောင်း မိုဒီပြော

**နယူးဒေလီ ဖေဖော်ဝါရီ ၁၆**

အသေခံဗုံးခွဲ တိုက်ခိုက်မှုကြောင့် အိန္ဒိယပိုင် ကက်ရှ်မီးယားဒေသတွင် လုံခြုံရေးတပ်ဖွဲ့ဝင် အများအပြားသေဆုံးခဲ့ရသည့် တိုက်ခိုက်မှုအပေါ် အပြင်းအထန်ပြန်လည်တုံ့ပြန်သွားမည်ဖြစ်ကြောင်း အိန္ဒိယဝန်ကြီးချုပ် နာရိန္ဒြာမိုဒီက ကတိပြုပြောကြားလိုက်သည်။

တိုက်ခိုက်မှုအတွင်း ပါကစ္စတန်နိုင်ငံနှင့် တိုက်ရိုက်ပတ်သက်နေသော မငြင်းနိုင်သည့် အထောက်အထားများ တွေ့ရှိကြောင်း ပြောခဲ့သည်။ တိုက်ခိုက်မှုနောက်ကွယ်တွင် ပါဝင်နေသူများ အနေဖြင့် ကြီးကြီးမားမား ပေးဆပ်ရမည်ဖြစ်ကြောင်း အိန္ဒိယဝန်ကြီးချုပ်က လုံခြုံရေး အကြံပေးအရာရှိများနှင့် တွေ့ဆုံစဉ် ပြောကြားလိုက်သည်။

ထို့အပြင် အကြမ်းဖက်သမားများကို လက်တုံ့ပြန်ရာတွင် လုံခြုံရေးအဖွဲ့များကို စိတ်ကြိုက်လုပ်ခွင့်ပေးရန်လည်း ကတိပြုခဲ့ကြောင်း သိရသည်။

တိုက်ခိုက်မှုများဖြင့် အိန္ဒိယနိုင်ငံကို မတည်မငြိမ်လုပ်နိုင်မည်ဟု အိမ်နီးချင်းနိုင်ငံက ယူဆထားပါက အဆိုပါ အစီအစဉ်မှာ အောင်မြင်မည်မဟုတ်ကြောင်းနှင့် တိုက်ခိုက်မှုနောက်ကွယ်က ပါဝင်သည့်နိုင်ငံများနှင့် ကျူးလွန်သူများကိုလည်း သေချာပေါက် အပြစ်ပေးသွားမည်ဖြစ်ကြောင်း ဝန်ကြီးချုပ်မိုဒီက နယူးဒေလီမြို့တော်တွင် ပြောကြားလိုက်သည်။

ကက်ရှ်မီးယားဒေသတွင် ဖြစ်ပွားခဲ့သည့် ဆယ်စုနှစ်တစ်နှစ်အတွင်း အသေအပျောက်အများဆုံး တိုက်ခိုက်မှုသည် ပါကစ္စတန်အခြေစိုက် အစ္စလာမ္မစ်စစ်သွေးကြွအဖွဲ့ဖြစ်သော ဂျေ့အက်မိုဟာမက်အဖွဲ့က ကြေညာထားကြောင်း သိရသည်။

အဆိုပါ အဖွဲ့သည် ပြည်သူ့စစ်ယာဉ်တန်းကို ပစ်မှတ်ထားတိုက်ခိုက်ခဲ့သောကြောင့် တပ်ဖွဲ့ဝင် ၄၀ ကျော် သေဆုံးခဲ့သည်။ တိုက်ခိုက်မှုကျူးလွန်ကြောင်း ကြေညာထားသည့် အကြမ်းဖက်အဖွဲ့ကို လက်ခံထားသည့် ပါကစ္စတန်၏ လုပ်ရပ်များကိုလည်း ရပ်တန့်ကရပ်ရန် တောင်းဆိုထားသည်။

ပါကစ္စတန်နိုင်ငံက တိုက်ခိုက်မှုနှင့် ဆက်သွယ်မှုမရှိကြောင်း ငြင်းဆိုခဲ့သလို တိုက်ခိုက်မှုနှင့် ပတ်သက်ပြီး စုံစမ်းစစ်ဆေးမှုမရှိဘဲ ပါကစ္စတန်နိုင်ငံကို စွပ်စွဲဖို့ကြိုးစားနေသည့် အိန္ဒိယနိုင်ငံနှင့် မီဒီယာများကိုလည်း အပြင်းအထန်ကန့်ကွက်ကြောင်း ပါကစ္စတန် နိုင်ငံခြားရေးဝန်ကြီးက ကြေညာချက် ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

**အေအက်ဖ်ပီ**



ပြည်သူ့စစ်ယာဉ်တန်း တိုက်ခိုက်ခံရမှုကို မကျေနပ်၍ ဆန္ဒပြနေသူတစ်ဦးကို ဖေဖော်ဝါရီ ၁၅ ရက်က တွေ့ရစဉ်။

# ကွယ်လွန်သူ မြောက်ကိုရီးယားခေါင်းဆောင်အား ပြည်သူများက အလေးအမြတ်ပြု

**ပြုံယမ်း ဖေဖော်ဝါရီ ၁၆**

မြောက်ကိုရီးယားနိုင်ငံ ပြုံယမ်း၏ ဖေဖော်ဝါရီ ၁၆ရက် အရဏ်တက်ချိန်သည် အပူချိန် အနုတ် ၈ ဒီဂရီ ဆဲလ်စီးရပ်စ်ရှိပြီး အရိုးကွဲမတတ် အေးခဲနေသော်လည်း ထောင်ပေါင်းများစွာသော မြောက်ကိုရီးယားပြည်သူများသည် ကွယ်လွန်သွားပြီဖြစ်သော မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအီ၏ ၇၇ နှစ်မြောက် နှစ်ပတ်လည်မွေးနေ့အချိန်အခါသမယတွင် ၎င်းကို အလေးအမြတ်ပြုရန် ရောက်ရှိနေကြောင်း သိရသည်။

ကင်ဂျုံအီသည် မြောက်ကိုရီးယားတည်ထောင်သူ ဖခင်ကြီး ကင်အီဆွန်၏ သားဖြစ်သလို လက်ရှိမြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်း၏ ဖခင်လည်းဖြစ်သည်။ ၎င်းကို ဖေဖော်ဝါရီ ၁၆ ရက်တွင် မွေးဖွားခဲ့သည်။ ဆီးနှင်းများ ဖုံးလွှမ်းလျက်ရှိပြီး ကိုရီးယားလူမျိုးများ၏ စိတ်ဝိညာဉ်များရှင်သန်ရာ ပက်တုတောင်၏ တစ်နေရာတွင် ၎င်းကို ၁၉၄၂ ခုနှစ်တွင် မွေးဖွားခဲ့သည်။ အဆိုပါ နေရာတွင် ၎င်း၏ ဖခင်သည် ဂျပန်များနှင့် ယှဉ်ပြိုင်တိုက်ခိုက်မှုများ ပြုလုပ်ခဲ့သည်။

**အေအက်ဖ်ပီ**

# အမေရိကန် ချီကာဂိုမြို့တွင် သေနတ်ပစ်ခတ်မှုဖြစ်ပွားရာ ငါးဦးသေဆုံး

**ဝါရှင်တန် ဖေဖော်ဝါရီ ၁၆**

အမေရိကန်နိုင်ငံ ချီကာဂိုမြို့စွန် အော်ရိုရာမြို့ရှိ ထုတ်လုပ်ရေးစက်ရုံတစ်ရုံတွင် ယမန်နေ့က သေနတ်သမားတစ်ဦး၏ ပစ်ခတ်မှုကြောင့် လူငါးဦးသေဆုံးခဲ့ပြီး ရဲတပ်ဖွဲ့ဝင်ငါးဦး ဒဏ်ရာရရှိခဲ့ကြောင်း ဒေသခံရဲတပ်ဖွဲ့ဝင်များက ပြောသည်။

အော်ရိုရာရဲချုပ် ခရစ်စတင်းဇီမင်န်က သေနတ်သမားသည် အသက် ၄၅ နှစ်အရွယ် ဂရေးမာတင်ဖြစ်ကြောင်းနှင့် ၎င်းသည် သေဆုံးသွားပြီဖြစ်ကြောင်း ပြောခဲ့သည်။ ထို့အပြင် ၎င်းသည် ချီကာဂိုမြို့ အနောက်ဘက် ၆၅ ကီလိုမီတာအကွာရှိ အော်ရိုရာမြို့မှ ဟာန်နရီပက်ထ်ကုမ္ပဏီဝန်ထမ်းတစ်ဦးဖြစ်ကြောင်း သတင်းစာရှင်းလင်းပွဲတွင် ရဲချုပ်က ပြောကြားခဲ့သည်။ ရဲတပ်ဖွဲ့ဝင်များသည် သေနတ်ပစ်ခတ်မှုဖြစ်ရာ စက်ရုံအဆောက်အအုံထဲသို့ ဝင်ရောက်စဉ် ရုတ်တရက် သေနတ်ပစ်ခတ်ခံရပြီးနောက် နှစ်ဦးဒဏ်ရာ ရရှိခဲ့သည်။ ပစ်ခတ်မှုဖြစ်ပွားရသည့် အကြောင်းရင်းကို စုံစမ်းစစ်ဆေးနေဆဲဖြစ်ကြောင်း သိရသည်။

**ဆင်ဟွာ**

# အီရန်နျူကလီးယားသဘောတူစာချုပ်က နုတ်ထွက်ကြဖို့ တောင်းဆိုတဲ့အစည်းအဝေး

**ကလျာမိုးမြင့်**

**အမေရိကန် ဒုတိယသမ္မတ မိုက်ပန့်စ်ဟာ ကြာသပတေးနေ့က ဥရောပနိုင်ငံတွေကို တောင်းဆိုမှုတစ်ခု လုပ်ခဲ့ပါတယ်။ အဲဒါကတော့ အီရန်နဲ့ အတူ ချုပ်ဆိုထားတဲ့ နျူကလီးယားစာချုပ်ကို စွန့်လွှတ်လိုက်ဖို့နဲ့ အစ္စရေးနိုင်ငံကို ၎င်းရဲ့ကာလကြာရှည်ယှဉ်ပြိုင်ဘက်တွေဖြစ်ခဲ့တဲ့ အာရပ်နိုင်ငံတွေနဲ့ ပေါင်းစည်းညီညွတ်သွားစေခဲ့တဲ့ အကြောင်းတစ်ခုဖြစ်တဲ့ အီရန်နိုင်ငံကို မလှုပ်နိုင်အောင် ကြိုးပမ်းရာမှာ အတူပူးပေါင်းပါဝင်ကြဖို့ ဝါဆောမှာပြုလုပ်တဲ့ ကွန်ဖရင့်အစည်းအဝေးမှာ တိုက်တွန်းလိုက်တာ ဖြစ်ပါတယ်။**



အမေရိကန်ဒုတိယသမ္မတ မိုက်ပန့်စ် နှင့် အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟုတို့ ဝါဆော၌ တွေ့ဆုံစဉ်။

**တစ်ဆင့်နိမ့်ကိုယ်စားလှယ်တွေစေလွှတ်**

ဥရောပအင်အားကြီးနိုင်ငံတွေဟာ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်ရဲ့ စိတ်လိုက်မာန်ပါ လုပ်ဆောင်တတ်တာတွေကို သံသယရှိတာကြောင့် အမေရိကန်အစပျိုးခဲ့တဲ့ ဆွေးနွေးပွဲဆီကို တစ်ဆင့်နိမ့် ကိုယ်စားလှယ်တွေကို စေလွှတ်ခဲ့ပါတယ်။ ပြီးတော့ ၂၀၁၅ ခုနှစ် နျူကလီးယားသဘောတူစာချုပ်အောက်မှာ အီရန်က ၎င်းရဲ့နျူကလီးယား အစီအစဉ်တွေကို သေးငယ်လာအောင် အင်တိုက်အားတိုက် လုပ်ဆောင်နေတယ်လို့ ဥရောပအင်အားကြီးနိုင်ငံတွေက လက်ခံယုံကြည်နေပါတယ်။

**မဟာမိတ်တွေကိုဝေဖန်**

သို့သော်လည်း မိုက်ပန့်စ်က မဟာမိတ်တွေဖြစ်တဲ့ ဗြိတိန်၊ ပြင်သစ်နဲ့ ဂျာမနီတို့ဟာ အမေရိကန်ရဲ့ ပိတ်ဆို့မှုတွေကို ဂရုမစိုက်တဲ့အနေနဲ့ ဥရောပကုမ္ပဏီတွေ အီရန်မှာ လည်ပတ်ဆောင်ရွက်ခွင့်ပေးဖို့ ကြိုးပမ်းနေကြတာတွေနဲ့ ပတ်သက်လို့ မဟာမိတ်နိုင်ငံတွေကို တိုက်ရိုက်ပဲ ဝေဖန်လိုက်ပါတယ်။ ဒီလိုလုပ်ကြဖို့ ပြင်နေတဲ့ခြေလှမ်းဟာ အီရန်နိုင်ငံ တစ်ခုတည်းအတွက် အကျိုးရှိစေမယ့် စိတ်ကူးဖြစ်ပြီး ဥရောပသမဂ္ဂကို အင်အားချည့်နဲ့စေတဲ့အပြင် ဥရောပသမဂ္ဂနဲ့ အမေရိကန်ပြည်ထောင်စုအကြား ပိုမိုအလှမ်းဝေးသွားအောင် လုပ်နေတာ ဖြစ်တယ်လို့ မိုက်ပန့်စ်က ထုတ်ဖော်ပြောကြားလိုက်ပါတယ်။

**တော်လှန်ရေးအစောင့်တပ်ဖွဲ့ဝင်တွေကျဆုံး**

ဥရောပမိတ်ဆွေတွေအနေနဲ့ ခုချိန်ဟာ ကျွန်ုပ်တို့နဲ့ အတူပူးပေါင်းပြီး အီရန်နျူကလီးယား သဘောတူစာချုပ်ကနေ နုတ်ထွက်ဖို့ အချိန်ကျလာပါပြီလို့ မိုက်ပန့်စ်က ပြောခဲ့ပါတယ်။ ဝါဆောကွန်ဖရင့်အစည်းအဝေးဟာ အီရန်ရဲ့ တော်လှန်ရေးနှစ် ၄၀ ပြည့်မြောက်တဲ့ နှစ်ပတ်လည်နေ့မှာ လုပ်ဆောင်ခဲ့တာဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ဗုဒ္ဓဟူးနေ့က အီရန် အနောက်တောင်ပိုင်းမှာ တော်လှန်ရေး အစောင့်တပ်ဖွဲ့တွေ လိုက်ပါလာတဲ့ ကားတစ်စီး ဗုံးခွဲတိုက်ခိုက်ခံရတာကြောင့် တော်လှန်ရေး အစောင့်တပ်ဖွဲ့ဝင် ၂၇ ဦး ကျဆုံးခဲ့ရပါတယ်။

**ပိတ်ဆို့မှုတွေထပ်လုပ်ဖို့ ခြိမ်းခြောက်**

ဒီကိစ္စဖြစ်ပြီးနောက်မှာ အီရန်နိုင်ငံခြားရေးဝန်ကြီး မိုဟာမက်ဂျာဗက်ဇ်ရှာရစ်ဖ်က ဒီတိုက်ခိုက်မှုကို ဝါဆောကွန်ဖရင့်အစည်းအဝေးနဲ့ ဆက်စပ်ပြီး ရှုမယ်ရှာဖို့ ကြိုးစားလာပါတယ်။ ကွန်ဖရင့်အစည်းအဝေးမှာ မိုက်ပန့်စ်ဟာ သေဆုံးသွားသူတွေနဲ့ပတ်သက်ပြီး ပြောဆိုခဲ့ခြင်း မရှိပါဘူး။ ပြီးတော့ အရှေ့အလယ်ပိုင်းဒေသမှာ ဖြစ်ပွားနေတဲ့ ပဋိပက္ခတွေအကြား မကြာသေးမီနှစ်တွေအတွင်းမှာပဲ တည်ငြိမ်မှုရရှိခဲ့တဲ့ အီရန်နိုင်ငံရဲ့ အုပ်ချုပ်ရေးစနစ် အပြောင်းအလဲအတွက် တိုက်တွန်းတောင်းဆိုမှုကို ခပ်တိုတိုနဲ့ အဆုံးသတ်လိုက်ပါတယ်။

**ဝိုင်းဝန်းထိန်းချုပ်ဖို့လို**

အီရန်ပြည်သူတွေဟာ လမ်းတွေပေါ် ရောက်လာနေပြီး နိုင်ငံရဲ့စီးပွားရေး ဆက်လက် ကျဆင်းလာနေချိန်မှာ အမေရိကန်ဟာ နောက်ထပ်ပိတ်ဆို့မှုတွေ ပြုလုပ်မယ့်အကြောင်းကို မိုက်ပန့်စ်က ခြိမ်းခြောက်လိုက်ပါသေးတယ်။

ပြီးတော့လွတ်လပ်မှုကို မြတ်နိုးတဲ့ နိုင်ငံတွေဟာ အတူတကွ ရပ်တည်ကြရမှာဖြစ်ပြီး ဒေသတွင်း၊ ကမ္ဘာအနှံ့နဲ့ အီရန်ပြည်သူတွေကို ခြိမ်းခြောက်နေတဲ့ အကြမ်းဖက်မှုတွေ လုပ်ဆောင်ဖွယ်ရှိနေတဲ့ အီရန်ကို ဝိုင်းဝန်းထိန်းချုပ်ကြရမှာ ဖြစ်တယ်လို့ ၎င်းကဆိုပါတယ်။ အီရန်ဟာ ၂၀၁၅ နျူကလီးယား သဘောတူစာချုပ်ကို လိုက်နာတယ်ဆိုတာကို ၎င်းအနေနဲ့ အသိအမှတ်ပြုတယ်။ ဒါပေမယ့် ဒီအကြောင်းအရာဟာ ထရမ့်မတိုင်မီ သမ္မတဘားရက်အိုဘားမားလက်ထက်မှာဖြစ်လာတဲ့ သဘောတူစာချုပ်တစ်ခုပဲလို့ မိုက်ပန့်စ်က ပြောကြားပါတယ်။

**အီရန်အရေးဖြင့် ဥရောပမပြိုကွဲ**

အီရန်အရေးကိစ္စနဲ့ ပတ်သက်ပြီး ဥရောပဟာ မပြိုကွဲပါဘူး။ ဥရောပဟာ အီရန်နဲ့ အတူ ချုပ်ဆိုထားတဲ့ နျူကလီးယားသဘောတူစာချုပ်ကို ထောက်ခံနေတယ်လို့ ဂျာမနီနိုင်ငံခြားရေးဝန်ကြီးဌာနအာဏာပိုင် နီလ်စ်အာနန်က သတင်းထောက်တွေကို ပြောကြားခဲ့ပါတယ်။ ဥရောပအင်အားကြီး နိုင်ငံတစ်ခုက အကြီးတန်းအာဏာပိုင်တစ်ဦးက တော့ မိုက်ပန့်စ်ရဲ့ မှတ်ချက်တွေကို ကျွန်ုပ်တို့လုံးဝကန့်ကွက်တယ်။ အကယ်၍ အီရန်ကို သီးခြားဖြစ်အောင် ပစ်ပယ်ထားလိုက်မယ်ဆိုရင် ဆီးရီးယားအရေးနဲ့ ယီမင်ငြိမ်းချမ်းရေးကိစ္စလိုမျိုး ဒေသတွင်းပြဿနာတွေကို ဖြေရှင်းဖို့က ပိုပြီးတောင် အခက်တွေ့လာနိုင်တယ်လို့ ၎င်းကပြောခဲ့ပါတယ်။

**“အီရန်အရေးကိစ္စနဲ့ ပတ်သက်ပြီး ဥရောပဟာ မပြိုကွဲပါဘူး။ ဥရောပဟာ အီရန်နဲ့အတူ ချုပ်ဆိုထားတဲ့ နျူကလီးယား သဘောတူစာချုပ်ကို ထောက်ခံနေတယ်လို့ ဂျာမနီနိုင်ငံခြားရေးဝန်ကြီးဌာန အာဏာပိုင် နီလ်စ်အာနန်က သတင်းထောက်တွေကို ပြောကြားခဲ့ပါတယ်”**

**အစ္စရေးနဲ့အတူ အစည်းအဝေးထိုင်**

မိုက်ပန့်စ်ဟာ အီရန်ရဲ့ အာရပ်ယှဉ်ပြိုင်ဘက်နိုင်ငံတွေနဲ့ ပတ်သက်ပြီးတော့လည်း စိုးရိမ်ကြောင့်ကြမှု ရှိနေတဲ့ဟန်ကို ဖော်ပြခဲ့ပါတယ်။ သမ္မတထရမ့်ရဲ့ အစိုးရအဖွဲ့ဟာ အမေရိကန်မှာ အခြေစိုက်ခဲ့တဲ့ ဆော်ဒီသတင်းထောက် ဂျမားလ်ခါရှော့ဂီ အသတ်ခံရမှုကိုလည်း ဆက်ပြီးစောင့်ကြည့်နေတယ်လို့ ပြောခဲ့တယ်။ အစ္စရေးကို အသိအမှတ်မပြုတဲ့ ဆော်ဒီအာရေဗျနိုင်ငံ၊ အာရပ်စော်ဘွားများပြည်ထောင်စုနဲ့ ဘာရိန်းနိုင်ငံတွေက ထိပ်တန်းအာဏာပိုင်တွေဟာ ဗုဒ္ဓဟူးနေ့က ဝါဆောရှိ တော်ဝင်ရဲတိုက်မှာ ပြုလုပ်တဲ့ အစည်းအဝေးမှာ အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟုနဲ့ အတူ အစည်းဝေးထိုင်ခဲ့ကြပါတယ်။

အစ္စရေးမှာ သံတမန်ရေးအရ ဆက်ဆံမှုရှိတဲ့ အာရပ်နိုင်ငံတွေဆိုလို့ အိမ်နီးချင်းအီဂျစ်နဲ့ ဂျော်ဒန်နိုင်ငံပဲ ရှိပါတယ်။ သို့သော်လည်း အာရပ်ခေါင်းဆောင်တွေ အထူးသဖြင့် ဆော်ဒီအာရေဗျရဲ့ ဩဇာအာဏာကြီးတဲ့ တော်ဝင်အိမ်ရှေ့မင်းသား မိုဟာမက် ဘင်ဆယ်လ်မန်ဟာ အစ္စရေး-ပါလက်စတိုင်းပဋိပက္ခကို သိပ်အရေးမကြီးတဲ့ ကိစ္စတစ်ခုအနေနဲ့ပဲ သဘောထားတာကို တွေ့ရပါတယ်။

ဖြစ်နေတဲ့ကိစ္စတွေဟာ အသစ်အဆန်းမဟုတ်ဘူး။ အခုအချိန်မှာ လူတိုင်းက သိသိသာသာ စောင့်ဆိုင်းနေကြတဲ့ အချက်ကတော့ အစ္စရေးရွေးကောက်ပွဲရလဒ်ပဲ ဖြစ်တယ်လို့ အာဏာပိုင်တစ်ဦးက အမည်ထုတ်ဖော်ခြင်း မရှိဘဲ ဖြေကြားခဲ့ပါတယ်။

ပါလက်စတိုင်း အကြီးအကဲတွေကတော့ ၂၀၁၇ ခုနှစ်မှာ သမ္မတထရမ့်က ဂျေရုဆလင်ကို အစ္စရေးရဲ့မြို့တော်အဖြစ် သတ်မှတ်လိုက်ပြီးတဲ့နောက် အမေရိကန်ပြည်ထောင်စုကို ကြားဝင်အာမခံပေးမယ့် နိုင်ငံတစ်ခုအဖြစ် နောက်ထပ်မယုံကြည်နိုင်တော့ဘူးလို့ ဆိုထားပါတယ်။ ။ **ကိုးကား- အေအက်ဖ်ပီ**

---

# ယနေ့ ဈေးကွက်ပေါက်ဈေးများ

၁၆-၂-၂၀၁၉

**ရွှေ**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၇၂၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၀၈၉၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၇၂၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၀၈၉၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၈၄၀/၈၉၅ | ကျပ် | ၉၀၀/၉၁၀ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၈၅၀/၉၀၅ | ကျပ် | ၉၁၅/၉၂၅ | ကျပ် |
| အောက်တိန်း ၉၂ | ၆၅၅/၇၁၀ | ကျပ် | ၇၄၅/၇၈၀ | ကျပ် |
| အောက်တိန်း ၉၅ | ၇၄၅/၈၀၀ | ကျပ် | ၈၄၀/၈၅၀ | ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၅၃၃ · ၉ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၇၂၇ · ၈ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၁၂၈ · ၈ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၉၆၈ · ၃ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၃၈၁ · ၅ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၁၀၈၉ · ၈ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၂၆ · ၃၇ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၁ · ၅၈၂ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၃၆ · ၀၄ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၇၆ · ၆၅ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၈ · ၉၁၃ |

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

ခင်ရတနာ-စုစည်းသည်။

---


## ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

**နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ Help Line တယ်လီဖုန်းနံပါတ်များသို့ (၂၄)နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်- ၀၆၇-၃၄၀၄၂၂၂၊ ၀၆၇-၃၄၀၄၉၉၉**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
လူမှုဝန်ထမ်းဦးစီးဌာန



## မြန်မာ့အလင်း

**စာတည်းမှူးချုပ်** - အောင်နိုင်ဦး
**စာတည်းမှူး** - စိုးစိုးနိုင်
**သတင်းထောက်ချုပ်** - မြင့်ဆွေ
**စာတည်းများ** - ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့်
**အကြီးတန်းသတင်းထောက်များ** - ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ခတ်ပုံ)၊ မြတ်မွန်ထွေး
**အငယ်တန်းသတင်းထောက်များ** - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
**ထုတ်ဝေခြင်းအမှတ်** - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)


mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS


**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၀၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၀၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၀၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ **ဖြန့်ချိရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။




MYANMAR DigitalNews
Presented by NPE
www.mdn.gov.mm


ကိုတင်နှင့် ရှပ်ကြွက်
HTOO
အိမ်က လူကြီးတွေလုပ်ပုံ မဟုတ်သေးဘူးကွာ
ဘာဖြစ်လို့လဲဟ..
နွေရာသီကျောင်းပိတ်ရက် လွတ်လွတ်လပ်လပ်ဆော့ကစားခွင့်ရမလားမှတ်တယ်...
ဘာလုပ်ခိုင်းလိုက်လို့လဲ...
လာမယ့်စာသင်နှစ်အတွက် ကြိုပြီး ကျူရှင်တက်ခိုင်းနေတယ်..ခက်တော့တာပဲ...
ကျူရှင်အားတဲ့အချိန် ကစားပေါ့ကွာ...
ကစားတယ်ဆိုတာ ကိုယ်လက်လှုပ်ရှားမှုပြုခြင်းပဲ..ဒါမှ ကာယရွှင်အား ဉာဏရွှင်အား ဖွံ့ဖြိုးမှာလေ..
အချိန်ပိုင်းလေး လွတ်လွတ်လပ်လပ်လှုပ်ရှားလိုက်ရုံနဲ့တောင် ကျန်းမာရေးကို အထောက်အကူဖြစ်စေတယ်လို့ဆိုထားတယ်
ကျူရှင်တက်ဖြစ်ရင်တော့ ကိုယ်လက်လှုပ်ရှားမှု လုပ်ဖို့အချိန်မရှိသလောက်ဖြစ်သွားမှာ ကျိန်းသေနေပြီကွာ...
ဟင်း..ဘာဖြစ်လို့...
ကျူရှင်တက်ပြီးတာနဲ့ ကျူရှင်စားအိမ်ကဂိမ်းဆိုင်မှာ ကွန်ပျူတာဂိမ်း ဝင်နှိပ်ဖြစ်တော့မှာ..ဒါသနားရင် ကွန်ပျူတာဂိမ်းကို မထိတမ်း နှိပ်ဖြစ်တတ်မှန်း ငါကိုယ်ငါ သိနေလို့ပဲဟ
မှားပါတယ်


ဂျော်
မောင်မောင်ဇော
ဘုံဘိုင်ခေါင်းက တောက်တောက်ရေယိုနေပါလား ဝပ်ရှာအသစ် လဲရမယ်
ဒါ- ဝပ်ရှာ ပဲ
ဝပ်ရှ် ကဆေးကြောသည် ဝပ်ရှာ ဆိုတော့ ဆေးကြောသူပေါ့နော်
ဟာကွာ အဓိပ္ပာယ် မရှိတာ ဒီပစ္စည်းက ဘာမှမဆေးကြောဘူး
ဒါဆို ဘာကြောင့် ဝပ်ရှာ လို့ ခေါ်လဲ
ကြည့်ပါဦး မေမေ ဖေဖေက သားအတွက် ရေပန်း လုပ်ပေးတယ်
ဘယ်လို ဖြစ်တာလဲ
ဂျော် စိတ်အနှောင့်အယှက် ပေးတာနဲ့ ရေဘားပိတ်ဖို့ မေ့သွားလို့
ဟင်! ဝပ်ရှာ ဘယ်ရောက်သွားပါလိမ့်
ထည့်လည်းမထည့်ပါဘူးဖေကြီးရဲ့ ဝပ်ရှာ အလယ် မှာ အပေါက်ကြီးနဲ့ဟာ--









# ၂၀၁၉ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲအတွက် ရူပဗေဒဘာသာရပ်ဆိုင်ရာ သိကောင်းစရာများ

**ဒေါက်တာခင်ခင်ဝင်း၊ ပါမောက္ခ(ဌာနမှူး)၊ ရူပဗေဒဌာန၊ ရန်ကုန်တက္ကသိုလ်**

၂၀၁၉ ခုနှစ်၊ တက္ကသိုလ်ဝင်တန်းစာမေးပွဲ ရူပဗေဒဘာသာရပ်ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများ အတွက် ရူပဗေဒဘာသာရပ်ဖြေဆိုရာတွင် သိမှတ်ဖွယ်ရာများနှင့် သတိထားသင့်သည့် အချက်များကို ဆွေးနွေးမှာ ဖြစ်ပါတယ်။ ပထမဦးဆုံး ၂၀၁၉ ခုနှစ်၊ ရူပဗေဒဘာသာရပ် မေးခွန်းပုံစံအသစ်ကို ရှင်းလင်းမှာဖြစ်ပါတယ်။

၂၀၁၉ ခုနှစ်၊ ရူပဗေဒဘာသာရပ်မေးခွန်းပုံစံသည် ၂၀၁၈ ခုနှစ် မေးခွန်းပုံစံနှင့် အနည်းငယ်ကွဲပြား ခြားနားမှုရှိပါတယ်။

ရူပဗေဒဘာသာရပ်မေးခွန်းပုံစံမှာ-

(1) SECTION (A) နဲ့ SECTION (B) အပိုင်းနှစ်ခု ပါရှိပါတယ်။

(2) SECTION (A) အပိုင်းက (၄)မှတ်တန်မေးခွန်း (၉)ပုဒ်ရှိပြီး အားလုံးဖြေဆိုရမှာဖြစ်ပါတယ်။

(3) SECTION(B)မှာတော့ နံပါတ်(၁၀)ကနေပြီး နံပါတ်(၁၅)ထိရှိပြီး နှစ်သက်ရာ(၄)ပုဒ်ကို ရွေးချယ်ဖြေဆိုရမှာဖြစ်ပါတယ်။ နံပါတ်(၁၅)မှာ (OR) ခံပြီးမေးထားတဲ့အတွက် နှစ်သက်ရာ (၁)ပုဒ်ကိုပဲ ရွေးချယ်ဖြေဆိုရပါမယ်။ SECTION(B) မှာတော့ မေးခွန်း(၁)ပုဒ်ကို(၁၆)မှတ် ပေးပါတယ်။ မေးခွန်းတိုင်းမှာ (a)နဲ့ (b) နှစ်ပိုင်းခွဲပြီး မေးထားပါတယ်။

(4) SECTION (B) ရဲ့မေးခွန်းတိုင်းက (a)နဲ့ (b) မှာပြဋ္ဌာန်းစာအုပ်၏အခန်းတစ်ခု (Same chapter) ထဲမှ အစဉ်အမြဲမေးခြင်းမဟုတ်ပါ။

(5) ပြဋ္ဌာန်းစာအုပ်မှာပါရှိသော သင်ခန်းစာအခန်း(၁)မှအခန်း(၁၃)အထိ၊ အပိုင်းအားဖြင့်ပြောရင်- Mechanics, Heat, Waves and Sound,Optics, Electricity and Magnetism, Modern Physics အပိုင်း(၆)ပိုင်း။ အခန်းအလိုက်/အပိုင်းအလိုက်အားလုံး အချိုးညီ မျှတစွာပါဝင်အောင် အခန်းတိုင်းကပုံစံတွက်များ၊ ပုံသေနည်းတွက်ထုတ်ပုံများ၊ သင်ခန်းစာများပေါ်မှာ အခြေခံပြီး မေးထားခြင်း ဖြစ်ပါတယ်။

(6) ယခုမေးခွန်းပုံစံအသစ်၏ မေးခွန်းနံပါတ်(၁)တွင် ပေးထားသောအဖြေများအနက်မှ မှန်ကန်သော အဖြေကိုရွေးချယ်ခြင်း**(Multiple Choice)**၊ မေးခွန်းနံပါတ်(၂)တွင် မှန်ကန်စွာတွဲဖက်ပေးခြင်း **(Matching)** နှင့် အစားထိုးပါမည်။

(7) ယခင်မေးခွန်းသည် ပေးမှတ် (၁၅၂) မှတ်ပေါ်တွင် အမှတ်(၁၀၀)ဖိုး ဖြေဆိုရပါသည်။

(8) ယခုမေးခွန်းသည် ပေးမှတ် (၁၄၈) မှတ်ပေါ်တွင် အမှတ်(၁၀၀)ဖိုး ဖြေဆိုရပါမည်။

❖ **၂၀၁၉ ခုနှစ်၊ မေးခွန်းပုံစံသစ် နံပါတ်(၁) Multiple Choice အတွက်မေးခွန်းပုံစံ-**

1. Choose the correct answer from the followings. (4 marks)

(i) The .......... in hydraulic press is exerted equally in the liquid in all directions.
(A. pressure, B. force, C. weight)

(ii) The distance from a node to the nearest antinodes is ..........
( A. $\frac{\lambda}{2}$ , B. $\frac{\lambda}{3}$ , C. $\frac{\lambda}{4}$ )

(iii) The unit used to measure electric current is .......... .
(A. ampere *(A)*, B. volt *(V)*, C. farad *(F)* )

(iv) Image formed by a concave lens is always virtual and ............. the object.
(A. smaller than B. same size as C. larger than)

**မေးခွန်း(၁)အတွက် ဖြေဆိုပုံမှာ-**

1. (i) A
(ii) C
(iii) A
(iv) A

❖ **၂၀၁၉ ခုနှစ်၊ မေးခွန်းပုံစံသစ် နံပါတ်(၂) Matching အတွက်မေးခွန်းပုံစံ-**

2. Match the followings. (4 marks)

| | |
|---|---|
| (i) The rate of doing work | A. form of energy |
| (ii) NAND gate | B. newton per coulomb ($NC^{-1}$) |
| (iii) volt per metre ($Vm^{-1}$) | C. universal gate |
| (iv) Light | D. power |

**မေးခွန်း(၂) အတွက် ဖြေဆိုပုံမှာ-**

2. (i) D
(ii) C
(iii) B
(iv) A

အထက်ပါ မေးခွန်းနံပါတ်(၁)နှင့်(၂)ကိုကြည့်လျှင် **Multiple Choice, Matching** အတွက် မေးခွန်း(၄) ပုဒ်သည်-

(1) ပြဋ္ဌာန်းစာအုပ် အခန်း(၁)ခန်းထဲမှ မေးခြင်းမျိုးမဟုတ်ပါ။

(2) Formula, Definition, Unit,Concept, Symbols အမျိုးစုံမေးခြင်းဖြစ်ပါသည်။

(3) စာလုံး(၁)လုံးထက်ပို၍ မေးခြင်းမျိုးလည်း ရှိနိုင်ပါသည်။ (ဥပမာ-1(iv), 2(i))

(4) ဖြေဆိုရာတွင် စာသားများအားလုံး ကူးယူဖော်ပြရန်မလိုအပ်ပါ။

(5) မေးခွန်းနံပါတ်စဉ် မှန်ကန်စွာတပ်ရန် အထူးလိုအပ်ပါသည်။


ရူပဗေဒဘာသာရပ် မေးခွန်းသဘောကိုကြည့်ရင်-

➢ ရူပဗေဒဘာသာဟာ အလွတ်ကျက်မှတ်ရုံနဲ့မရဘဲ သီအိုရီသဘောတရားများနှင့် Physical Quantity တစ်ခုချင်းစီရဲ့အခြေခံသဘောတရားများ၊ ရူပဗေဒနိယာမတွေနဲ့ concept လို့ခေါ်တဲ့ အသိ သညာတွေကို အချိတ်အဆက်မိမိ ကျေကျေညက်ညက် နားလည်မှုရှိလျှင် မေးခွန်းတွေကို အခက်အခဲမရှိ ပြည့်စုံမှန်ကန်စွာ ဖြေဆိုနိုင်မှာဖြစ်ပါတယ်။

➢ ဥပမာ conceptual point of view မှ မေးတဲ့မေးခွန်း-

The weighted rod in figure floats with 6cm of its length under water (density of water 1000 $kgm^{-3}$). What length is under the surface when the rod floats in brine? (density of brine1200 kg $m^{-3}$).

$\rho_w$ = 1000 kg $m^{-3}$, $\rho_b$ = 1200 kg $m^{-3}$
$h_w$ = 6cm = 6x $10^{-2}$m




$V_s$ (water) = The volume of the rodimmersed in water
$V_s$ (brine) = The volume of the rodimmersed in brine
cross-sectional area of a rod=A=$\pi r^2$
The volume of the rod (in water) =The volume of the rod (in the brine)

$$V_{water} = V_{brine} \text{------------------(1)}$$

Since $\frac{V_s}{V} = \frac{\rho}{\rho_0}$, we obtain

$$\frac{V_{s(water)}}{V_{water}} = \frac{\rho_{rod}}{\rho_{water}} \text{ and } \frac{V_{s(brine)}}{V_{brine}} = \frac{\rho_{rod}}{\rho_{brine}} \text{ -------------(2)}$$

substituting equation (2) in to equation(1):

$$\frac{\rho_{water} V_{s(water)}}{\rho_{rod}} = \frac{\rho_{brine} V_{s(brine)}}{\rho_{rod}}$$

$$\rho_{brine} V_{s(brine)} = \rho_{water} V_{s(water)}$$

$$\rho_{brine}\, A\, h_{brine} = \rho_{water}\, A\, h_{water}$$

$$h_{brine} = \frac{1000 \times 6 \times 10^{-2}}{1200} = 5 \times 10^{-2} m$$

ဒီမေးခွန်းကိုဖြေဆိုရာမှာ upward thrust conceptual point of view မှလည်း ဖြေဆိုနိုင်ပါတယ်။ <u>မည်သည့်နည်းနဲ့တွက်တွက်ပုံသေနည်းမှန်၊ တွက်နည်းမှန်၊ အဖြေမှန်လျှင်</u> အမှတ်ပြည့်ရပါတယ်။
** <u>ပုစ္ဆာတွက်ရင် ဒသမ(၂)နေရာထိ အဖြေထုတ်ပေးဖို့လိုပါတယ်။</u>

နိယာမ(Law) တွေကိုဖြေတဲ့အခါ တိတိကျကျနဲ့ ပြည့်စုံစွာဖြေမှ အမှတ်ပြည့်ရမှာဖြစ်ပါတယ်။
နိယာမတွေနဲ့ပတ်သက်ပြီး မေးခွန်းမှာ စာသား၊ သင်္ကေတညီမျှခြင်း၊ concept အရပါမေးနိုင်ပါတယ်။

- ဥပမာ။ ။ State Coulomb's law in words.

Coulomb's law ကို စာသားနဲ့ဖြေဆိုခိုင်းတာဖြစ်လို့ အောက်ဖော်ပြပါအတိုင်းဖြေဆိုသင့်ပါတယ်။
<u>Coulomb's law (in words):</u> *The electric force between two charges is directly proportional to the product of the charges and inversely proportional to the square of the distance between them.*

(OR)

- ဥပမာ။ ။ State Coulomb's law in symbols. (OR) What is the formula for Coulomb's law?

Coulomb's law ကိုသင်္ကေတနဲ့ ဖြေဆိုခိုင်းတာဖြစ်လို့ ညီမျှခြင်းမှာပါတဲ့ သင်္ကေတတစ်ခုချင်းစီအတွက် ဖွင့်ဆိုရှင်းလင်းချက်များ ဖော်ပြရပါမယ်။

<u>Coulomb's law (in symbols):</u>
Coulomb's law can be expressed as :

$$F = K\frac{Q_1Q_2}{r^2}$$

where
F = the force between $Q_1$ and $Q_2$,
$Q_1$ and $Q_2$ = electric charges
K = constant
r = the distance between electric charges $Q_1$ & $Q_2$

- ဥပမာ။ ။ Why is Coulomb's law called an inverse square law?

By the Coulomb's law: $F = K\frac{Q_1Q_2}{r^2}$,
Since the force *F* is inversely proportional to $r^2$, Coulomb's law is also called an inverse square law.
F = the force between two charges $Q_1$ & $Q_2$,
r = the distance between electric charges $Q_1$ & $Q_2$

Definition တွေဖြေရင် ပိုမိုပြည့်စုံရှင်းလင်းမှုရှိတဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက်ကို သင်ကြားသူဆရာ ဆရာမများက သေချာဆန်းစစ်ပြီးမှ တပည့်များကို လမ်းညွှန်မှုပေးသင့်ပါတယ်။

**ဥပမာ - Heat အခန်းက**

| Heat Convection | |
|---|---|
| In the Chapter | Summary |
| A much larger quantity of heat may be carried by the motion of the fluid itself. This is called convection. | Convection is the transfer of heat due to the movement of a fluid (i.e. a liquid or a gas) itself. |

| Heat Radiation | |
|---|---|
| In the Chapter | Summary |
| Radiation is a mode of heat transfer whereby energy is transported by means of electromagnetic waves. **<u>(No material medium is required for the passage of such waves.)</u>** | Radiation is the transfer of heat **<u>that does not require a material medium.</u>** Energy is transferred by electromagnetic waves (infrared radiation) that pass through a medium or even vacuum. |

အထက်ဖော်ပြပါ Heat convection and Heat radiation တို့၏ definition ဖြေရင်

*စာမျက်နှာ ၁၉ သို့*

စာမျက်နှာ ၁၈ မှ

(၁) Heat convection အတွက် Chapter ထဲက ရှင်းလင်းချက်နှင့် Summary (၂) မျိုးလုံးမှာ အဓိပ္ပာယ်ပြည့်စုံတဲ့အတွက် (၂)မျိုးလုံး ဘာကိုဖြေဖြေရသော်လည်း

(၂) Heat radiation အတွက် Chapter ထဲက ရှင်းလင်းချက်ကို အများစုကျောင်းသားများက ဖြေဆိုရာမှာ conceptual point ကျန်နေပါတယ်။(<u>"No material medium is required for the passage of such waves."</u> လို့ဆက်ဖြေရင် ပြည့်စုံသော်လည်းဆက်မဖြေကြပါ။)

ဒါကြောင့် Summary မှ ရှင်းလင်းချက်သည် **<u>that does not require a material medium</u>** ပါလို့ အဓိပ္ပာယ်ပြည့်စုံတဲ့အတွက် Summary မှ definition ဖြေရင်ပြည့်စုံပါမယ်။


ဒါကြောင့် definition များကိုဖြေဆိုရင် Summary မှ ဖြေမှအမှတ်ရမယ်။ Chapter ထဲက ရှင်းလင်းချက်ကို ဖြေရင် အမှတ်မပေးဘူးဆိုတာမျိုး ပုံသေစွဲမှတ်မထားသင့်ပါဘူး။

**<u>အဓိကဖြေဆိုရမည့် အကြောင်းအရာနှင့်ပတ်သက်သော အဓိပ္ပာယ်များပြည့်စုံစွာပါရှိသော အဓိပ္ပာယ်ဖွင့်ဆိုချက် definition များကိုသာ ဖြေသင့်ပါတယ်။</u>**

အဖြေလွှာစစ်ဆေးသော ဆရာ ဆရာမများနှင့် ရူပဗေဒဘာသာရပ်သင်ကြားနေသော ဆရာ ဆရာမများမှ မိမိတို့တပည့်များကို မှန်မှန်ကန်ကန်လမ်းညွှန်မှုပေးရန် လိုအပ်ပါတယ်။

**ပုံဆွဲတာတွေနဲ့ပတ်သက်ပြီး ဖြေဆိုတဲ့အခါ-**

ဥပမာ (၁)။ ။ Draw the illustrations of the first three harmonics for a closed organ pipe of length L.




$f_1 = \frac{v}{4l}$

***<u>$f_1 = 1^{st}$ Harmonic</u>***
where
*A = Antinode*
*N = Node*
*λ = Wavelength*
*l = length of the pipe*
*v = wave velocity*

$f_2 = 3\left(\frac{v}{4l}\right) = 3f_1$

***<u>$f_2 = 3^{rd}$ Harmonic</u>***
where
*A = Antinode*
*N = Node*
*λ = Wavelength*
*l = length of the pipe*
*v = wave velocity*

$f_3 = 5\left(\frac{v}{4l}\right) = 5f_1$

***<u>$f_3 = 5^{th}$ Harmonic</u>***
where
*A = Antinode*
*N = Node*
*λ = Wavelength*
*l = length of the pipe*
*v = wave velocity*


**ဒီမေးခွန်းမှာ <u>First Three Harmonics</u> လို့ မေးထားတဲ့အတွက် ပထမဟာမိုးနစ်(၃)ခုပုံကို အထက်ပါအတိုင်း၊ အညွှန်းများပြည့်စုံအောင်တပ်ပြီး ဆွဲပေးရန်လိုအပ်ပါသည်။**

ဥပမာ (၂) Draw a clear diagram to illustrate what is meant by deviation.ဆိုတဲ့မေးခွန်းမှာ-

**<u>Deviation by a prism</u>**

**D = angel of deviation** လို့ ရှင်းလင်းဖော်ပြပေးရပါမယ်။

NN'=MM' = normal





Refraction of light through a prism

- ပုံနှိပ်စာအုပ်ထဲကပုံပေါ်မှာ Symbols များကို ခုလိုဖော်ပြထားခြင်းမရှိသော်လည်း ပြဋ္ဌာန်းစာအုပ်ရဲ့ ရှင်းလင်းချက်တွေထဲမှာ Deviation နဲ့ပတ်သက်ပြီး အသေးစိတ်ရှင်းထားပြီးဖြစ်လို့ စာဖြေသူများအနေနဲ့ deviation အဓိပ္ပာယ်ကို ပုံနဲ့ဖြေဆိုရမယ်ဆိုရင် လိုအပ်တဲ့ Symbols အားလုံး ပုံမှာဖော်ပြပြီး ပြည့်စုံအောင် ဖြေဆိုပေးဖို့လိုပါတယ်။

ဥပမာ (၃) Draw a ray diagram to show the formation of a virtual image which is smaller than the object formed by a lens. ဆိုတဲ့မေးခွန်းမှာ-

**မှန်ဘီလူးခွက်**ကြောင့် ဖြစ်ပေါ်တဲ့အလင်းတန်းပုံကို ဆွဲရမှာဖြစ်ပါတယ်။

- ဝတ္ထုအရွယ်ထက်ငယ်တဲ့ ပုံရိပ်ယောင်(virtual image)ဖြစ်လို့ **မှန်ဘီလူးခွက်**(concave lens)ကို သုံးရမှာဖြစ်တယ်။
- ဝတ္ထုကို **မှန်ဘီလူးခွက်ရှေ့မှာထားရင် ဝတ္ထုအရွယ်ထက်ငယ်တဲ့ပုံရိပ်ယောင်ဟာ ဝတ္ထုနဲ့တစ်ဖက်တည်း** ဆုံချက်(F)နဲ့ **မှန်ဘီလူးခွက်ကြားမှာ** အတည့်ပေါ်စေတာကို သိသာအောင် ဆွဲပေးရပါမယ်။ F, 2F, P, OO', II' စသည်တို့ကို ထင်ထင်ရှားရှားထည့်ပေးရပါမယ်။
- အလင်းတန်း၊ ဝတ္ထုနဲ့ပုံရိပ်တွေမှာ မြားခေါင်းတွေတပ်ဖို့လည်း မမေ့ပါနဲ့။
- ပုံရိပ်စစ်ဆွဲရင်မျဉ်းအပြည့်၊ ပုံရိပ်ယောင်ဆွဲရင်မျဉ်းအပြတ်တွေနဲ့ဆွဲဖို့ အလွန်အရေးကြီးပါတယ်။
- အောက်ဖော်ပြပါအတိုင်း တိကျရှင်းလင်းစွာ ရေးဆွဲရန်လိုပါတယ်။




ဥပမာ (၄) Amagnifying glass of focal length 6 cm is used to produce an image which is two times the size of an object. How far must the magnifying glass be placed from the object? Find the position of its image and draw a ray diagram to show the formation of the image.

**[မေးခွန်းမှာ magnifying glass လို့တွေ့တာနဲ့ ဆုံတာတိုတဲ့မှန်ဘီလူးခုံး(convex lens)ဖြစ်ပြီး ဝတ္ထု (object) သည် ဆုံတာ(focal length)အတွင်းရှိပြီး၊ ပုံရိပ်(image)ဟာပုံရိပ်ယောင်(virtual)၊ နဂိုအရွယ်ထက်ကြီးတယ်၊ အတည့်ပေါ်တယ်ဆိုတာ ကြိုပြီးသိသင့်ပါတယ်။]**

$f = +6$ cm , $m = +2$ (Since $m$ has a plus sign the image is erect.)

magnification: $m = -\frac{v}{u} \Rightarrow 2 = -\frac{v}{u} \Rightarrow v = -2u$

$$\frac{1}{u} + \frac{1}{v} = \frac{1}{f} \Rightarrow \frac{1}{u} + \frac{1}{-2u} = \frac{1}{+6}$$


$$\therefore u = +3cm$$

**မေးခွန်းမှာ** How far must the magnifying glass be placed from the object? **လို့မေးထားတော့-**

The magnifying glass must be placed 3 cm from the object. လို့ဖြေရမှာဖြစ်ပါတယ်။

$$\therefore v = -2u = -6\ cm$$

**မေးခွန်းမှာ <u>Draw a ray diagram to show the formation of the image</u> လို့မေးထားတာဖြစ်လို့ ဝတ္ထုအကွာအဝေး၊ ပုံရိပ်အကွာအဝေးတွေတွက်ပြီး အဖြေသိမှ <u>အကွာအဝေး တန်ဖိုးများကို ပုံမှာထည့်ပေးဖို့</u>** လိုပါတယ်။




**ဆင်တူယိုးမှားဖြစ်တတ်တဲ့ အချို့သော** Formula **တွေအတွက် ဆိုင်ရာ** Definition **များကို ကွဲပြားစွာ နားလည်သိရှိထားရန် လိုအပ်ပါတယ်။ ဥပမာ** Electricity **အပိုင်းမှာ** Electric Force, Electric Field Intensity, Electric Potential **တို့ရဲ့ ဆက်စပ်မှုနဲ့** formula **များကိုကြည့်ရင်-**

| Quantity | Relationship | Formula | Unit |
|---|---|---|---|
| Electric Force (F) | $F\alpha\frac{Q_1Q_2}{r^2}$ | $F = \frac{1}{4\pi\varepsilon}\frac{Q_1Q_2}{r^2}$ | $N$ |
| Electric Field Intensity (E) | $E\alpha\frac{Q}{r^2}$ | $E = \frac{1}{4\pi\varepsilon}\frac{Q}{r^2}$ | $NC^{-1}(or)Vm^{-1}$ |
| Electric Potential (V) | $V\alpha\frac{Q}{r}$ | $V = \frac{1}{4\pi\varepsilon}\frac{Q}{r}$ | $V$ |

**ဒါ့အပြင်** Electric Force **နဲ့** Electric Field Intensity **က** vector quantity **ဖြစ်လို့ ပုစ္ဆာတွက်ရင် အဖြေထုတ်ရင်** direction **ပါရပါမယ်။**

- **ဥပမာ**-An electron is accelerated to $10^8\ ms^{-2}$ by an electric field. What is the direction and magnitude of the electric field? (charge of an electron = $1.6 \times 10^{-19}$C)

| | |
|---|---|
| $a = 10^8 ms^{-2}, q_e = 1.6 \times 10^{-19}\ Coulomb$<br>$m_e = 9.1 \times 10^{-31}kg,\ \ F = ma = m_e a$<br>$E = \frac{F}{q}$<br>$E = \frac{m_e a}{q_e}$<br>$E = \frac{9.1 \times 10^{-31} \times 10^8}{1.6 \times 10^{-19}}$<br>$E = 5.69 \times 10^{-4}\ NC^{-1}$ | $a = 10^8 ms^{-2}, q_e = 1.6 \times 10^{-19}\ Coulomb$<br>$m_e = 9.1 \times 10^{-31}kg,$<br>$F = ma = m_e a = 9.1 \times 10^{-31} \times 10^8$<br>$= 9.1 \times 10^{-23}N$<br>$E = \frac{F}{q}$<br>$E = \frac{9.1 \times 10^{-23}}{1.6 \times 10^{-19}}$<br>$E = 5.69 \times 10^{-4}\ NC^{-1}$ |
| The direction of $\vec{E}$ is opposite to the motion of electron.<br>(or)<br>The direction of $\vec{E}$ is opposite to the electric force $\vec{F}$.<br>( ∴Electric field $\vec{E}$ ကို အဖြေထုတ်ရင် direction ပါရပါမယ်။ ) | |

➢ Electric Potential V **ကတော့** scalar **ဖြစ်လို့ အဖြေထုတ်ရင်** direction **မပါဘူး။ ဒါပေမယ့် ပုစ္ဆာတွက်ရင်** charge Q **တန်ဖိုးတွေမှာ လျှပ်စစ်ဖိုဆိုရင်(+)၊ လျှပ်စစ်မဆိုရင်(-) ထည့်တွက်ရမယ်ဆိုတာကို သတိချပ်ရပါမယ်။**

- **ဥပမာ**- Two point charges of + 4.0 x $10^{-8}$ C and -3.0 x $10^{-8}$ C are 1 m apart. Find the electric potential at P midway between the two charges.

  ပေးချက်အရ $Q_1 = +4.0 \times 10^{-8}$ C, $Q_2 = -3.0 \times 10^{-8}$ C

  Charge နှစ်ခုကြားအကွာအဝေးက 1m ဖြစ်ပြီး အလယ်အမှတ်(P)အတွက် $r_1 = r_2 = 0.5$ m

  အရင်ဆုံး charge တစ်ခုချင်းစီကြောင့်ဖြစ်တဲ့ Electric potential ကို ရှာတဲ့အခါ-

  $Q_1$ က Positive charge ဖြစ်တဲ့အတွက် $Q_1$ ကြောင့်ဖြစ်တဲ့ Electric potential $V_1$ က positive potential ဖြစ်ပါမယ်။ medium ကို vacuum လို့ယူဆပြီး-

$$\varepsilon = \varepsilon_o, V_1 = \frac{1}{4\pi\varepsilon_o}\frac{Q_1}{r_1} = 9 \times 10^9 \times \frac{(+4 \times 10^{-8})}{0.5} = +720V$$

  $Q_2$ က Negative charge ဖြစ်တဲ့အတွက် အနုတ်လက္ခဏာထည့်တွက်ရပါမယ်။ Electric potential $V_2$ က negative potential ဖြစ်ပါမယ်။

စာမျက်နှာ ၂၀ သို့

*စာမျက်နှာ ၁၉ မှ*

$$V_2 = \frac{1}{4\pi\varepsilon_o}\frac{Q_2}{r_2} = 9 \times 10^9 \times \frac{(-3\times10^{-8})}{0.5} = -540V$$

အမှတ် P မှာရှိတဲ့ စုစုပေါင်း Electric potential V ကိုရှာရင် $V_1$ နဲ့ $V_2$ ကို ရိုးရိုးသင်္ချာနည်းအရ ပေါင်းရပါမယ်။ $V = V_1 + V_2 = 720 + (-540) = +180$ V ရမှာ ဖြစ်ပါတယ်။

**ရူပဗေဒဘာသာရပ်မှာ Definition ရဲ့ concept တွေကို သိဖို့လိုပါတယ်။ ဥပမာ-**

(၁) Power နဲ့ပတ်သက်ပြီးပြောရရင် A machine of high power should be used if a lot of work has to be done quickly. $P = \frac{W}{t}$ ညီမျှခြင်းအရ အချိန်တိုအတွင်း အလုပ်များများပြီးရန် စွမ်းအားမြင့်စက် (High Power Machine) သုံးသင့်တယ်။

(၂) Heat current equation (or) rate of heat flow ကို $H = kA\frac{\Delta T}{l}$ (or) $H = kA\frac{T_2-T_1}{l}$ လို့ သိရပါမယ်။ rate of heat flow (H) နဲ့ temperature gradient ($\frac{\Delta T}{l}$) တို့ ပြောင်းလဲဆက်စပ်မှုကိုလည်း သိရပါမယ်။ rate of heat flow(H) သည် temperature difference ($\Delta$T) or ($T_2$-$T_1$) နဲ့ တိုက်ရိုက်အချိုးကျပြီး length (l) နဲ့ ပြောင်းပြန်အချိုးကျပြောင်းလဲကြောင်း သိရပါမယ်။

(၃) Capacitance နဲ့ပတ်သက်ပြီးပြောရရင် သင်္ချာညီမျှခြင်းအရ $C = \frac{Q}{V}$

- ❖ Charge of a capacitor (Q) က potential difference (V) နဲ့ တိုက်ရိုက်အချိုးကျတယ်ဆိုတဲ့ concept ကိုသိရမယ်။
- ❖ Capacitor ရဲ့အရွယ်(size)၊ ပုံသဏ္ဌာန်(shape)နဲ့ conductors (၂)ခုကြားမှာရှိတဲ့ insulator ရဲ့သဘာဝပေါ်မူတည်ပြီး Capacitor တစ်ခုရဲ့ capacitance က ပြောင်းလဲနိုင်ကြောင်း သိရပါမယ်။

ဒီလို concept တွေကိုသိထားရင် ဉာဏ်စမ်းမေးခွန်းပုံစံတွေကို အခက်အခဲမရှိ ဖြေဆိုနိုင်မှာဖြစ်ပါတယ်။

Capacitor မေးခွန်းတစ်ခုမှာ If two capacitors having the capacitances of 4 µF and 12 µF are connected in series. If the potential difference of the combination is 200 V, find the charge of each capacitor.

ဒီဥပမာမှာပထမဆုံး equivalent capacitance ကိုအရင်ရှာပြီး charge Q ကို ရှာတဲ့အခါ-

$$Q = CV$$
$$= 3 \times 10^{-6} \times 200$$
$$= 600 \times 10^{-6}C = 600\ \mu C$$

**<u>Since the capacitors are connected in series, the charge across each capacitor is same.</u>**

**(or)**

**<u>In series combination of capacitors, this magnitude of charge is received by the individual capacitors.</u>**

ဒီအပေါ်က <u>underline</u> တားထားတဲ့စာသားက အရေးကြီးဆုံးရေးပေးသင့်တဲ့အချက်ပါ။ မကျန်ခဲ့ပါစေနဲ့။

(၄) Resistance (ခုခံမှု)ကိုလည်း နည်းအမျိုးမျိုးနဲ့ သိထားသင့်ပါတယ်။

- ❖ အရွယ်အစားနဲ့ပတ်သက်လာရင် $R = \frac{\rho l}{A}$
- ❖ Current, Ohm's Law နဲ့ ပတ်သက်ရင် $R = \frac{V}{I}$ ဆိုတာကို သိထားရပါမယ်။
- ❖ Resistance ရဲ့ unit က SI system မှာ Ω ဖြစ်ပြီး Ω= $VA^{-1}$ လို့လည်းမြင်ရပါမယ်။
- ❖ Circuit equation; $I = \frac{E}{R+r}$ မှာလည်း ခုခံမှု (R) ပါဝင်နေတာကို သတိပြုရပါမယ်။ Resistance(R)သည် အပူချိန်နဲ့လိုက်ပြီး ပြောင်းလဲမှုရှိတယ်ဆိုတာကိုလည်း $R_t = R_0(1 + \alpha t)$ အရ သိထားရပါမယ်။
- ❖ ခုခံမှု (R) ရဲ့ပုံသေနည်းတွေကို ခွဲခြားပြီးသိထားမှ ပုစ္ဆာတွက်ရင် အလွယ်တကူဆက်စပ် တွေးခေါ်နိုင်ပါလိမ့်မယ်။

➢ ဒါ့အပြင် Resistors တွေကို တန်းဆက်နဲ့ပြိုင်ဆက်တွေဆက်တဲ့အခါမှာ Capacitors တွေဆက်တာနဲ့ ပြောင်းပြန်ဆိုတာကိုလည်း နှိုင်းယှဉ်ပြီးလေ့လာသင့်ပါတယ်။

လျှပ်စစ်အခန်းမှာ current နဲ့ voltage တိုင်းတာမှုတွေအတွက် တိုင်းတာတဲ့ကိရိယာတွေရဲ့ ပတ်လမ်းဆက်သွယ်ပုံ (circuit connection) အသုံးပြုပုံများကို လေ့လာရာမှာ-

- ➢ Current တိုင်းဖို့ Ammeter ကိုသုံးပြီး Voltage တိုင်းဖို့အတွက် voltmeter ကို သုံးတယ်ဆိုတာ သိထားရပါမယ်။
- ➢ Ammeter နဲ့ voltmeter ပတ်လမ်းဆက်သွယ်ပုံများကို နှိုင်းယှဉ်လေ့လာထားရပါမယ်။
- ➢ Galvanometer ကိုအခြေခံပြီး Ammeter နဲ့Voltmeter ကိုတည်ဆောက်တဲ့အခါ Ammeter မှာ ခုခံမှုတန်ဖိုးငယ်တဲ့ wire(shunt) ကို galvanometer နဲ့ ပြိုင်ဆက်ဆက်သုံးပြီး voltmeter မှာ ခုခံမှုတန်ဖိုးကြီးတဲ့ wire ကိုတန်းဆက်ဆက်ပြီး သုံးတယ်ဆိုတာသိထားရပါမယ်။

ပုံသေနည်းတွေက-

- ❖ Ammeter အတွက်ဆိုရင် $r = R_G \frac{i}{(I-i)}$ ဖြစ်ပြီး
- ❖ Voltmeter အတွက်ဆိုရင် $R = \frac{V}{i} - R_G$ ဖြစ်ပါတယ်။


**ဥပမာ ဉာဏ်စမ်းမေးခွန်း** - Why is a compass needle placed near a current-carrying wire deflected?

အဖြေ - There is a magnetic field around every wire carrying an electric current. Therefore, the deflection of the compass needle placed near a current-carrying wire is due to magnetic force acting on it.

**အချို့ပုစ္ဆာတွေမှာ ဖြေဆိုရာတွင် ပြည့်စုံစွာဖြေဆိုနိုင်ရန် ပုစ္ဆာသဘောနားလည်ဖို့လိုပါတယ်။**

ဥပမာ - Three capacitors have capacitances of 3 µF, 10 µF, and 15 µF. How should they be connected to obtain the equivalent capacitances of 2 µF and 9µF.

When three capacitors are connected in series:





$$\frac{1}{C_{123}} = \frac{1}{C_1} + \frac{1}{C_2} + \frac{1}{C_3}$$

$$\frac{1}{C_{123}} = \frac{1}{3} + \frac{1}{10} + \frac{1}{15} = \frac{10+3+2}{30} = \frac{15}{30}$$

$$C_{123} = 2\ \mu F \Leftarrow$$

When 10 µF and 15 µF are connected in series:




$$\frac{1}{C_{23}} = \frac{1}{C_2} + \frac{1}{C_3}$$

$$\frac{1}{C_{23}} = \frac{1}{10} + \frac{1}{15} = \frac{15+10}{150}$$

$$C_{23} = 6\ \mu F$$

$C_1$ *and* $C_{23}$ are connected in parallel:

$$C_{eq} = C_1 + C_{23} = 3 + 6 = 9\ \mu F \Leftarrow$$

**တွက်ချက်မှုသာမက ခုလိုပုံဆွဲပေးရန် လိုတတ်ပါတယ်။**

**မည်သည့်နည်းနဲ့တွက်တွက် ပုံသေနည်းမှန်၊ တွက်နည်းမှန်၊ အဖြေမှန်လျှင် အမှတ်ပြည့်ရပါတယ်။**

**<u>Modern Physics</u> မှာ** Electronics **နဲ့** Nuclear Physics **ဆိုပြီး အပိုင်းနှစ်ပိုင်းပါရှိပါတယ်။**

- ➢ Electronics အပိုင်းမှာ Diode, Triode, Semiconductor အမျိုးအစားတွေအကြောင်းကို အသေးစိတ်ပုံနှင့်တကွ သိထားရပါမယ်။
- ➢ junction diode,transistor တွေကို p-type, n-type semiconductor တွေနဲ့ ပြုလုပ်တယ်။ Junction diode တွေကို Rectifier မှာသုံးတယ်။
- ➢ Rectifier နှစ်မျိုးရှိပြီးတော့ သူတို့ရဲ့တည်ဆောက်ပုံတွေ input & output waveforms တွေကို လည်းလေ့လာထားရပါမယ်။
- ➢ Transistor အမျိုးအစား၊ Transistor structure, Transistor symbol, circuit diagram, Transistor application တွေကို ပုံနှင့်တကွလေ့လာထားရပါမယ်။
- ➢ Semiconductor diode နဲ့ transistor တို့ရဲ့ vacuum tube တွေထက် အားသာချက်များကို သိထားရပါမယ်။
- ➢ နောက်တစ်ခုကတော့ IC, electronic logic gate များရဲ့ symbol, truth table တွေကိုသိထားရမယ့်အပြင် Logic Gates တွေရဲ့ပေါင်းစပ်မှုနဲ့ လက်တွေ့အသုံးပြုပုံများကို symbol,truth table များနှင့်တကွ သေသေချာချာနားလည်ထားရပါမယ်။
- ➢ <u>Nuclear Physics</u> အပိုင်းမှာတော့-
  - ❖ cathode rays, alpha rays, beta rays, gamma rays, x-rays တို့ရဲ့ ဂုဏ်သတ္တိ (properties), ထုတ်ဖော်ပုံများ(production)နှင့် အသုံးပြုပုံများ(application)ကို သရုပ်ဖော်ပုံများနှင့်တကွ သိဖို့လိုအပ်ပါတယ်။
  - ❖ ဥပမာ- cathode rays ဆိုတာ fast moving electrons, alpha rays ဆိုတာ helium nucleus, gamma rays နဲ့ x-rays ဆိုတာ electromagnetic wave with short wavelengths ဖြစ်တယ်ဆိုတာတွေကို သိသင့်ပါတယ်။ Radioactivity, radioisotopes and half-life တွေကိုလည်း နားလည်အောင်လေ့လာထားရပါမယ်။ nuclear reactor, nuclear reaction, nuclear energy တွေရဲ့ အသုံးဝင်ပုံများနဲ့ nuclear energy ကို ထုတ်လုပ်ပေးတဲ့ nuclear reactor များ ထိန်းသိမ်းပုံတွေ၊ nuclear waste များကိုလည်း လေ့လာထားသင့်ပါတယ်။

ဒါကြောင့် အားလုံးကိုခြုံပြီးပြောရရင်-

(၁) ရူပဗေဒပြဋ္ဌာန်းစာအုပ်မှာပါဝင်သော သီအိုရီ၊ ပုံသေနည်း၊ အသိသညာများကိုပိုင်နိုင်စွာ လေ့လာထားရန်၊

(၂) မေးခွန်းကို နားလည်အောင် သေချာစွာဖတ်ရှုပြီးမှ ဖြေဆိုရန်၊ နံပါတ်များ သေချာတပ်ရန်၊

(၃) တွက်ချက်မှုအဆင့်လိုက် အမှတ်ပေးခြင်းဖြစ်၍ တွက်ချက်မှုများမှာ အဆင့်ကျော်သွားရင် အမှတ်လျော့သွားနိုင်ပါတယ်။ ပုစ္ဆာမှာပြောင်းထားတာ၊ လှည့်ထားတာများကို ဂရုစိုက်ပါ။

၂၀၁၉ ခုနှစ်၊ တက္ကသိုလ်ဝင်တန်းစာမေးပွဲကို ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများအားလုံး ကျန်းမာရွှင်လန်းစွာနှင့် ဘာသာရပ်အသီးသီးကို ထူးထူးချွန်ချွန်ဖြေဆိုအောင်မြင်နိုင်ကြပါစေ။

## ဆေးလိပ်ငွေ့ကင်းစင်သည့် ပုဂံဒေသ တည်ထောင်ရေး ဆွေးနွေး

**ညောင်ဦး ဖေဖော်ဝါရီ ၁၆**

ဆေးလိပ်ငွေ့ကင်းစင်သည့် ပုဂံရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်ဒေသ တည်ထောင်ရေး အသိပညာပေးရှင်းလင်းပွဲကို မန္တလေးတိုင်းဒေသ ကြီး ညောင်ဦးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အနော်ရထာခန်းမ၌ ယနေ့နံနက်က ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်ဒုတိယအုပ်ချုပ်ရေးမှူး ဦးခင်ဇော်က ဆေးလိပ်ကင်းစင်ရေး အသိပညာပေးကျင်းပရခြင်း ရည်ရွယ်ချက်များ ရှင်းလင်း ရာတွင် အမျိုး သားကျန်းမာရေးရည်မှန်းချက်အဖြစ် ဆေးလိပ်သောက် သုံးမှုနှင့် ဆေးရွက်ကြီးထွက် မူးယစ်ဆေးဝါးများသုံးစွဲမှု လျော့နည်းပပျောက်စေရန် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ဆေးလိပ်သောက်သုံးခြင်းသည် သုံးစွဲသူကို သာမက ပတ်ဝန်းကျင်ရှိ အခြားသူများ၏ ကျန်းမာရေးကိုပါ ထိခိုက်စေသဖြင့် ဆေးလိပ်မသောက်ရနေရာများကို စနစ်တကျ သတ်မှတ်ပေးရမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ကျန်းမာရေးဖောင်ဒေးရှင်း ဥက္ကဋ္ဌ ဒေါက်တာသန်းစိန်က မြန်မာနိုင်ငံ ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းများ ထိန်းချုပ်ရေးသည် စိန်ခေါ်မှုများစွာရှိသော လုပ်ငန်းတစ်ခုဖြစ်ကြောင်း၊ မြန်မာနိုင်ငံတွင် ဆေးလိပ်ငွေ့ကင်းစင်နယ်မြေအဖြစ် ရှမ်းပြည်နယ် ပင်းတယဒေသ၊ အင်းလေးကန်ဒေသနှင့် မန္တလေးတိုင်းဒေသကြီး ပုဂံဒေသတို့တွင် အကောင်အထည်ဖော် ဆောင်ရွက်နေမှု လုပ်ငန်းအဆင့်ဆင့်များ၊ လုပ်ငန်းပြန်လည်ဆန်းစစ်ချက်များကို ရှင်းလင်းပြောကြားသည်။

အခမ်းအနားသို့ ခရိုင်ဒုတိယအုပ်ချုပ်ရေးမှူး၊ ကျန်းမာရေးဖောင်ဒေးရှင်းဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပုဂံညောင်ဦး ရှေးဟောင်းယဉ်ကျေးမှုဒေသ ဟိုတယ်၊ မိုတယ်လုပ်ငန်းရှင်များ၊ စားသောက်ဆိုင် ပိုင်ရှင်များ စုစုပေါင်း ၁၅၀ တက်ရောက်ကြောင်း သိရသည်။

**ဖေလိန်း(ညောင်ဦး)**

## လောကချမ်းသာအဘယလာဘမုနိ (ကျောက်တော်ကြီးဘုရား) ဗုဒ္ဓပူဇနီယပွဲတော်ကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၁၆**

ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် ကြို့ကုန်းအရှေ့ရပ်ကွက်ရှိ မင်းဓမ္မကုန်းတော် ပေါ်တွင်တည်ထားကိုးကွယ်လျက်ရှိသောအင်းစိန်မြို့နယ် ကျက်သရေဆောင်လောက ချမ်းသာအဘယလာဘမုနိ (ကျောက်တော်ကြီးဘုရား)၏ (၁၈)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်ဖွင့်ပွဲကိုအဆိုပါဘုရားကြီး၏ မြောက်ဘက်မုခ်ဦးရှေ့မဏ္ဍပ်၌ ဖေဖော်ဝါရီ ၁၅ ရက်တွင် ကျင်းပသည်။

အဆိုပါအခမ်းအနားကို မဟာသဒ္ဓမ္မဇောတိကဓဇဦးရှိန်အောင်ဗိုလ်၊ ခရိုင်ဒုတိယ အုပ်ချုပ်ရေးမှူး ဦးအောင်ဇင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းအောင်၊ ဂေါပကအဖွဲ့ကြီးကြပ်ရေးအဖွဲ့ဝင် ဦးညွန့်မောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ အဆိုပါ ဘုရားကြီးဖွင့်ပွဲနေ့မှစတင်ပြီး ဓမ္မပူဇာတရားပွဲများ ကျင်းပခြင်း၊ ခြင်းအလုခတ်ခြင်း၊ ပျော်ပွဲရွှင်ပွဲများကို ဖေဖော်ဝါရီ ၂၃ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး ဖေဖော်ဝါရီ ၁၉ ရက်တွင် အာရုံခံတန်ဆောင်း၌ ဘုရားအမှူးပြုသော သံဃာတော်အရှင်သူမြတ် ၄၅ ပါးတို့အား ဆွမ်းဆန်စိမ်းများ လောင်းလှူသွားမည်ဖြစ်ကြောင်း သိရသည်။

**ဉာဏ်လင်း**

# ချပ်သင်းဘေးမဲ့တော စမ်းမြောင်စခန်း၌ ခရီးသွားများတည်းခိုနိုင်သော ဧည့်ရိပ်သာ ဆောက်လုပ်ပြီးစီး

**ကန့်ဘလူ ဖေဖော်ဝါရီ ၁၆**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေးအတွက် ကန့်ဘလူခရိုင် ကန့်ဘလူမြို့နယ် ချပ်သင်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောသို့ လာရောက်လည်ပတ်မည့် ခရီးသွားဧည့်သည်များ တည်းခိုနားနေနိုင်ရန် ဧည့်ရိပ်သာဆောက်လုပ်မှု ပြီးစီးသွားပြီဖြစ်ကြောင်း ဘေးမဲ့တော အုပ်ချုပ်ရေးမှူး ဦးမင်းဆွေထံမှ သိရသည်။

ဘေးမဲ့တောအတွင်း တောရိုင်းတိရစ္ဆာန်များ၏ သဘာဝအတိုင်း ကျက်စားမှုများကို အချိန်ယူ၍ လေ့လာကြည့်ရှုလိုသည့် ခရီးသွားဧည့်သည်များ တည်းခိုနားနေနိုင်ရန်အတွက် ဧည့်သည် ၁၆ ဦး တည်းခိုနိုင်မည့် ရှစ်ခန်းတွဲ တစ်ထပ် သစ်လုံးအိမ် ဧည့်ရိပ်သာကို ဆောက်လုပ်ပြီးစီးခဲ့ခြင်းဖြစ်သည်။ အဆိုပါ ဧည့်ရိပ်သာအဆောက်အအုံကို ရွှေမြေပဒေသာကုမ္ပဏီက ဆောက်လုပ်လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။



ဆောက်လုပ်ပြီးစီးသွားပြီဖြစ်သော ချပ်သင်းဘေးမဲ့တော ဧည့်ရိပ်သာ အဆောက်အအုံကို တွေ့ရစဉ်။

ထို့အပြင် ဘေးမဲ့တောသို့ လာရောက်လေ့လာသည့် ခရီးသွားဧည့်သည်များအနေဖြင့် တောတွင်း သဘာဝအတိုင်း ကျင်လည်ကျက်စားနေသည့် မြန်မာရွှေသမင်များကို လိုက်လံကြည့်ရှုရန် အချိန်မရပါက မြန်မာ့ရွှေသမင်များကို အလွယ်တကူ လေ့လာကြည့်ရှုနိုင်ရန် သမင်ခြံငါးကေကိုလည်း ဆောက်လုပ်ထားပြီး ခြံအတွင်း၌ ရွှေသမင် အထီး၊ အမ စုစုပေါင်း ၁၅ ကောင်ကို ထည့်သွင်းပြသသွားမည်ဖြစ်ကာ ယခုအခါ ရွှေသမင်သုံးကောင်ကို ထည့်သွင်းထားပြီးဖြစ်ကြောင်း သိရသည်။

သမင်ခြံနှင့်ဆက်စပ်၍ စမ်းမြောင်စခန်းတွင် ဖွင့်လှစ်ပြသထားသော သဘာဝသမိုင်းပြတိုက်၌ ချပ်သင်းဘေးမဲ့တော၏ နေရင်းသဘာဝတောကောင်များ၊ လိပ်ပြာနှင့် အင်းဆက်များ၊ ကုန်းနေ ရေနေ တွားသွားသတ္တဝါများနှင့် ငှက်မျိုးစိတ်များ စသည်တို့၏ အချက် အလက်မှတ်တမ်းများ၊ ဓာတ်ပုံများ၊ ရုပ်လုံးသွင်းအကောင်များ၊ ဆေးစိမ် အကောင်များ စသည်တို့ကိုလည်း လေ့လာကြည့်ရှုနိုင်မည်ဟု သိရသည်။

လာရောက်လေ့လာသူ ဧည့်သည်များအနေဖြင့် စမ်းမြောင်စခန်း ဧည့်ရိပ်သာတွင် တည်းခိုပြီး ပြတိုက်နှင့် သမင်ခြံတို့မှတစ်ဆင့် ဘေးမဲ့တောအတွင်း အထူးထိန်းသိမ်းရေးဇုန်၌ တည်ရှိသည့် ကင်းစမ်းစခန်းဧရိယာသို့လည်းကောင်း၊ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးဇုန်အတွင်း တည်ရှိသည့် တံခွန်တိုင်စခန်းနှင့် ကျေးအင်းရေပြင်ဧရိယာသို့လည်းကောင်း သွားရောက်ပြီး မြန်မာ့ရွှေသမင်များနှင့် တောရိုင်းတိရစ္ဆာန်များ၊ ဒေသရင်းငှက်မျိုးများနှင့် ဆောင်းခိုငှက်မျိုးစိတ်များ၊ ကျေးအင်းအတွင်း ပေါက်ပွားနေသော ရေနေသတ္တဝါမျိုးစိတ်များနှင့် ကုန်းနေ ရေနေ သတ္တဝါမျိုးစိတ်များ၊ သစ်ခွအမျိုးမျိုးနှင့် ဆေးဖက်ဝင်အပင်များ၊ အင်တိုင်းတောဂေဟစနစ်မှ လူသားတို့အကျိုးအတွက် အထောက်အပံ့ပြုမည့် အသေးစား သစ်တောထွက်ပစ္စည်းအမျိုးမျိုးနှင့် သစ်ပင်မျိုးစိတ်များကိုလည်း လေ့လာနိုင်မည်ဖြစ်သည်။

ချပ်သင်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၌ အပင်များအနေဖြင့် သစ်ပင်မျိုးစိတ် ၃၀၄ မျိုးပေါက်ရောက်လျက်ရှိပြီး သားငှက်တိရစ္ဆာန်များအနေဖြင့် သမင်၊ ချေ၊ ခွေးအ၊ တောကြောင်၊ မျောက်စပ်၊ လိပ်ဝါ၊ ရှဉ့်စသည့် နို့တိုက်သတ္တဝါများ၊ မြွေမျိုးစိတ်များ၊ နဖားကြိုး၊ ဇွေ့စသည့် ဆောင်းခိုငှက်များနှင့် ဒေသရင်းငှက် မျိုးစိတ် ၂၄၁ မျိုး၊ ကုန်းနေ ရေနေ တွားသွားသတ္တဝါ ၅၄ မျိုး၊ လိပ်ပြာမျိုးစိတ် ၆၅ မျိုး နေထိုင်ကျက်စားလျက်ရှိသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

# မကွေးတိုင်းဒေသကြီး၌ အသေးစားရေနံချက်လုပ်ငန်း လုပ်ကိုင်လိုသူများအား မြေနေရာခွင့်ပြုပေးရန် တိုင်းဒေသကြီးအစိုးရက စီစဉ်လျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၁၆**

မကွေးတိုင်းဒေသကြီးသည် ရေနံများစွာထွက်ရှိသည့် ဒေသန္တရ ရေနံလက်ယက်တွင်းများ ရှိသည့်အတွက် တိုင်းဒေသကြီးအစိုးရအနေဖြင့် ပခုက္ကူမြို့နယ် ချောက်ကန်ကျေးရွာအုပ်စု၌ မြေဧက ၂၀၀ ခန့်ကို စည်းစနစ်ကျသော စက်မှုဇုန်အဖြစ် အသေးစား ရေနံချက်လုပ်ခြင်း (Mini Refinery) လုပ်ငန်း လုပ်ကိုင်လိုသူများအား မြေနေရာခွင့်ပြုပေးရန် စီစဉ်လျက်ရှိကြောင်း ဖေဖော်ဝါရီ ၁၄ ရက်က ပြုလုပ်သည့် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန သတင်းထုတ်ပြန်ရေးအခမ်းအနားမှ သိရသည်။

မြန်မာ့ရေနံ ဓာတုဗေဒလုပ်ငန်းအနေဖြင့် သက်ဆိုင်သည့် ဒေသဆိုင်ရာအာဏာပိုင်များ၏ သဘောထားမှတ်ချက်နှင့်အတူ လုပ်ငန်းလုပ်ကိုင်လိုသူများ အဆိုပြုလျှောက်ထားလာသည့် အသေးစားရေနံချက်လုပ်ခြင်းလုပ်ငန်းနှင့် ပတ်သက်၍ ဘေးအန္တရာယ်ကင်းရှင်းစေရန်အတွက် နည်းပညာပိုင်းဆိုင်ရာများကို အကူအညီပေးသွားမည်ဖြစ်ကြောင်း လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် ဓာတုဗေဒလုပ်ငန်းမှ ညွှန်ကြားရေးမှူး ဦးနေလင်းက ပြောကြားသည်။

"ဒီလုပ်ငန်းနဲ့ပတ်သက်ပြီးတော့ နိုင်ငံပိုင်သတင်းစာ တွေကနေလည်း ကြေညာပြီး ခေါ်ခဲ့ပါတယ်၊ အဲဒီလိုကြေညာလိုက်တဲ့အခါမှာ မကွေးတိုင်းဒေသကြီးက လုပ်ငန်းရှင် ၂၂ ဦး၊ စစ်ကိုင်းတိုင်းဒေသကြီးက သုံးဦးနဲ့ မန္တလေးတိုင်းဒေသကြီးက တစ်ဦးတို့က အဆိုပြုတာ တွေ့ရပါတယ်၊ အဓိကကတော့ မကွေးတိုင်းဒေသကြီးက စတင်အဆိုပြုလာတဲ့အတွက် တိုင်းဒေသကြီးအစိုးရက ခရိုင်အုပ်ချုပ်ရေးမှူးကို တာဝန်ပေးပြီး မြေဧက ၂၀၀ ကို အကွက်ရိုက်ပြီး စီစဉ်ခဲ့ပါတယ်၊ မြေနေရာနဲ့ ပတ်သက်ပြီး လုပ်မယ့်သူတွေ များတဲ့အတွက် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့က လက်ရှိမှာ စိစစ်နေပါတယ်၊ အဓိကကတော့ မြန်မာ့ရေနံနှင့် ဓာတုဗေဒလုပ်ငန်းက ပြည်ထောင်စုဝန်ကြီးရဲ့ လမ်းညွှန်ချက်အတိုင်း စံသတ်မှတ်ချက်တွေ ရှိပါတယ်၊ ဒီစံသတ်မှတ်ချက်တွေနဲ့ ကိုက်ညီအောင် တိုင်းဒေသကြီး စွမ်းအင်ဝန်ကြီးက လုပ်ငန်းရှင်တွေရဲ့ အဆိုပြုလွှာတွေကို ထပ်တောင်းထားပါတယ်၊ ဒီအဆိုပြုလွှာတွေကို ရုံးချုပ်က စိစစ်ပြီး ပြည့်စုံတဲ့လုပ်ငန်းရှင်တွေကို ဦးစားပေးပြီး ရွေးချယ်သွားမှာဖြစ်ပါတယ်"ဟု ညွှန်ကြားရေးမှူးက ဆက်ပြောသည်။

မြန်မာ့ရေနံနှင့် ဓာတုဗေဒလုပ်ငန်းသည် ဒေသတွင်း လုပ်ငန်းရှင်များ၏ ရေနံချက်လုပ်ခြင်းလုပ်ငန်းများကို ဘေးအန္တရာယ်ကင်းစွာဖြင့် စနစ်တကျ ဆောင်ရွက်နိုင်စေရန် တစ်ရက်လျှင် အနည်းဆုံး ရေနံစိမ်း ဂါလန် ၁၀၀၀ မှ အများဆုံး ဂါလန် ၃၀၀၀ ချက်လုပ်နိုင်သည့် ဒေသန္တရ ရေနံချက်လုပ်ခြင်းလုပ်ငန်းများအတွက် စည်းကမ်းချက်များသတ်မှတ်ကာ ၂၀၁၅ ခုနှစ် မတ်လတွင် ထုတ်ပြန်ကြေညာခဲ့ပြီး ဒေသန္တရ ရေနံချက်လုပ် ခြင်းလုပ်ငန်းများကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှ စတင်၍ လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်များ ထုတ်ပေးခဲ့ကြောင်း၊ ယခုအချိန်တွင် ရေနံချက်လုပ်ငန်းများကို တိုးချဲ့လုပ်ကိုင်လိုသူများအတွက် တစ်ရက်လျှင် အနည်းဆုံး ရေနံစိမ်း ဂါလန် ၃၀၀၀ အထက်မှ အများဆုံး ဂါလန် ၃၀၀၀၀ ချက်လုပ်ပြီး ပုံမှန်အရည်အသွေး ရှိသော ဓာတ်ဆီ၊ ဒီဇယ်ဆီ၊ ရေနံဆီ စသည့် ရေနံထွက်ပစ္စည်းများ ထုတ်လုပ်နိုင်သည့် အသေးစား ရေနံချက်လုပ်ခြင်းလုပ်ငန်း လုပ်ကိုင်ခွင့်လိုင်စင်များ ထုတ်ပေးနိုင်ရေးအတွက် ၂၀၁၈ ခုနှစ် စက်တင်ဘာလက နိုင်ငံပိုင်သတင်းစာများတွင် ထည့်သွင်းကြေညာပြီး လုပ်ကိုင်ဆောင်ရွက်လိုသူများဘက်က လိုက်နာရမည့် စည်းကမ်းချက်များကို လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၏ ဝက်ဘ်ဆိုက် (www.moee.gov.mm) တွင် ဖော်ပြထားပြီးဖြစ်သည်။

**သိမ့်သိမ့်မိုး(မြန်မာ့အလင်း)**

## ဝက်သက်ရောဂါသတိပြုပါ(၁)

ဝက်သက်ရောဂါသည် ဝက်သက်ဗိုင်းရပ်စ်ပိုး (Measles virus) ကြောင့် ဖြစ်ပွားသည်။ ဝက်သက်ရောဂါဖြစ်ပွားပါက ဝက်သက်ဗိုင်းရပ်စ်ကို သတ်နိုင်သော ပိုးသတ်ဆေးမရှိပါ။ ကာကွယ်ဆေးကြိုတင်ထိုးထားခြင်းသည်သာ အကောင်းဆုံးကာကွယ်နည်းဖြစ်သည်။

**ဘယ်သူတွေကိုကူးစက်နိုင်ပါသလဲ**

ကာကွယ်ဆေးမထိုးသူများအားလုံး (အသက်အရွယ်မရွေး၊ ကျား/မ မရွေး) ဝက်သက်ရောဂါကူးစက်နိုင်ပါသည်။

**ဝက်သက်ရောဂါ၏ ပြင်းထန်သော နောက်ဆက်တွဲဆိုးကျိုးများ**

- ❖ ပြင်းထန်စွာအဆုတ်ရောင်ခြင်း(ဥပမာ-နမိုးနီးယား)၊
- ❖ ရေဓာတ်ဆုံးရှုံးမှုပြင်းထန်သည့် ဝမ်းလျှောခြင်း၊
- ❖ နားအလယ်ခန်းရောင်ခြင်း၊
- ❖ အမြင်အာရုံဆုံးရှုံးခြင်း၊
- ❖ ဦးနှောက်ရောင်ခြင်း၊

- ❍ အသက်(၅)နှစ်အောက်ကလေးနှင့် အသက်အရွယ်ကြီးသူများ
- ❍ အာဟာရချို့တဲ့သူများ
- ❍ ကိုယ်ခံအားစနစ်အားနည်းသူများတွင် ပြင်းထန်သော နောက်ဆက်တွဲဆိုးကျိုးများ ဖြစ်ပေါ်နိုင်ပြီး အသက်ဆုံးရှုံးသည်အထိ ဖြစ်နိုင်ပါသည်။

**ဝက်သက်ရောဂါကြိုတင်ကာကွယ်ရန် မိမိ၏ ကလေးငယ်ကို ကာကွယ်ဆေးထိုးနှံပါ။**
**ပထမအကြိမ်-အသက်(၉)လ**
**ဒုတိယအကြိမ်-အသက်(၁၈)လ**
**ဝက်သက်ရောဂါကာကွယ်ဆေး လုံးဝမထိုးရသေးသော အသက်(၅) နှစ်အောက် ကလေးများကို နီးစပ်ရာကျန်းမာရေးဌာနတွင် သွားရောက်၍ ထိုးနှံပေးပါ။**

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

# ဘားအံ၌ ပြည်သူ့နီတိ အသိပညာပေးဟောပြော

ဘားအံ ဖေဖော်ဝါရီ ၁၆

**မြန်မာစာရေးဆရာကလပ်၊ မြန်မာနိုင်ငံပြည်သူ့နီတိပြန့်ပွားထွန်းကားရေးကော်မတီနှင့် ပညာရေးဝန်ကြီးဌာနတို့ ပူးပေါင်း၍ ကရင်ပြည်နယ်အတွင်းရှိ တက္ကသိုလ်နှင့်ကောလိပ်များတွင် ပြည်သူ့နီတိ အသိပညာပေးဟောပြောပွဲများ ကျင်းပသည်။**

အဆိုပါ ဟောပြောပွဲများကို ယမန်နေ့က ဘားအံတက္ကသိုလ်နှင့် ပညာရေးကောလိပ်တွင်လည်းကောင်း၊ မွန်းလွဲ ၁ နာရီတွင် နည်းပညာတက္ကသိုလ်နှင့် ကွန်ပျူတာတက္ကသိုလ်တွင်လည်းကောင်း ကျင်းပခဲ့ပြီး စာရေးဆရာများဖြစ်ကြသော ဆရာကြီး ထင်လင်းဦး၊ ဆရာကြီးသဲအောင်၊ ဆရာမကြီး စမ်းစမ်းနွဲ့(သာယာဝတီ)နှင့် ဆရာမကြီး နှင်းဝေငြိမ်းတို့က ဟောပြောခဲ့ကြသည်။

ပြည်သူ့နီတိကျင့်ဝတ်များကို နိုင်ငံသားတိုင်း သိရှိလိုက်နာကျင့်သုံးကြစေရန်အတွက် တက္ကသိုလ်၊ ကောလိပ်အဆင့် ကျောင်းသား ကျောင်းသူများက ပြည်သူ့နီတိကျင့်ဝတ်များကို နားလည်လိုက်နာတတ်စေရန်၊ မေ့လျော့နေသည်များကို ပြန်လည်ဖော်ထုတ်ကျင့်သုံးလာစေရန်နှင့် ယခုကဲ့သို့ အသိပညာပေးဟောပြောပွဲများကျင်းပရခြင်းဖြစ်ကြောင်း သိရသည်။

ယင်းဟောပြောပွဲများကို တက္ကသိုလ်၊ ကောလိပ်အဆင့်တွင်သာမက အခြေခံပညာကျောင်းများတွင်လည်း ကျင်းပသွားမည်ဖြစ်ကြောင်း၊ ယခုအချိန်ကာလသည် အခြေခံပညာ ကျောင်းသား ကျောင်းသူများ စာမေးပွဲဖြေဆိုနေသည့် အချိန်ကာလဖြစ်သည့်အတွက် ဟောပြောပွဲများကို ခေတ္တရပ်ဆိုင်းထားကြောင်း၊ လာမည့်ကျောင်းဖွင့်ရာသီတွင် ပြန်လည်စတင်သွားမည်ဖြစ်ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**



ဘားအံ၌ ပြည်သူ့နီတိအသိပညာပေးဟောပြောပွဲ ကျင်းပနေစဉ်။

Times City

စိန်ရွှေကျောက်မျက်ရတနာဈေးကွက်ကို

တစ်စုတစ်ဝေးတည်းရောင်းဝယ်နိုင်မည့် ပထမဆုံးသော

## Jewellery & Luxury Mall



ရွှေဆိုင်၊ စိန်ဆိုင်နှင့် အခြားရတနာဆိုင်များ၊ Gold Stock Exchange ခေတ်မီစက်များဖြင့် ပုံဖော်ပေးသည့်ပန်းတိမ်လုပ်ငန်းများ၊ ရွှေနှင့်ကျောက်မျက်ရတနာစမ်းသပ်ခန်းများ စုံလင်စွာပါဝင်သောကြောင့် မိမိဝယ်ယူလိုသည့် ရွှေနှင့်စိန်အပါအဝင်ကျောက်မျက်ရတနာ ဒီဇိုင်းမျိုးစုံတို့အား တစ်နေရာတည်း၌ စိတ်တိုင်းကျရွေးချယ် ရောင်းဝယ်နိုင်သော ဈေးကွက်ကြီးတစ်ခုဖြစ်လာပါမည်။ နိုင်ငံတကာအဆင့်မီ Branded ပစ္စည်းများရောင်းချသောဆိုင်များလည်း ဖွင့်ထားမှာဖြစ်လို့ မိတ်ဆွေတို့ စိတ်ကျေနပ်စွာ ဝယ်ယူနိုင်ပါသည်။

ပစ္စည်းအမျိုးအစား စုံလင်စွာရရှိနိုင်သော *Times Mall* လည်းရှိမှာဖြစ်လို့ လိုအပ်ချက်တွေကို တစ်နေရာတည်းမှာ ရရှိနိုင်မှာဖြစ်ပါသည်။

ဆိုင်ခန်းများငှားရမ်းလိုသည့် မိတ်ဆွေများအတွက် နေ့စဉ် နံနက် ၉:၀၀ နာရီမှ ညနေ ၅:၀၀ နာရီအထိ Information Centre ကို ဖွင့်လှစ်ပေးပြီး 28.2.2019 အထိ မမျှော်လင့်သောဈေးနှုန်းများဖြင့် ငှားရမ်းပေးနေပါသဖြင့် လာရောက်ဖို့ဖိတ်ခေါ်အပ်ပါသည်။

Jewellery & Luxury Mall ဆိုင်ခန်းအငှားအတွက် အထူးဈေးနှုန်းအနေဖြင့်

| | | |
|---|---|---|
| *Level-1* | *တစ်စတုရန်းပေ* | *5 $* |
| *Level-2* | *တစ်စတုရန်းပေ* | *3.5 $* |
| *Level-3* | *တစ်စတုရန်းပေ* | *3 $* |
| *Level-4* | *တစ်စတုရန်းပေ* | *2.5 $* |
| *Level-5* | *တစ်စတုရန်းပေ* | *2.5 $* |

အသီးသီး ငှားရမ်းနိုင်ပါကြောင်း သတင်းကောင်းပေးလိုက်ပါရစေ။

ဆက်သွယ်ရမည့်လိပ်စာ - Times City ဟံသာဝတီလမ်းနှင့်ကျွန်းတောလမ်းထောင့်၊ ကမာရွတ်/စမ်းချောင်းမြို့နယ်၊ရန်ကုန်မြို့။

ဖုန်းနံပါတ်များ - 09-765800800 , 09-764800800 , 09-5045777

Website - http://www.timescity.com.mm

Facebook - Times City Yangon - Myanmar

Email - timescityproject@gmail.com


**အမည်မှန်**

တောင်သာမြို့၊ သာယာမြိုင်ကျေးရွာနေ ဦးချစ်ဖောင်း၏သား ဦးမြအောင်၏အမည်မှန်မှာ ဦးမြင့်အောင် ၉/မခန(နိုင်)၀၈၂၈၆၉ ဖြစ်ပါကြောင်း။ **ဦးမြင့်အောင်**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် 7J/8438 Toyota Allion ZRT260, Saloon ယာဉ်လက်ဝယ်ရှိသူ ဒေါ်ကြည်ကြည်သန့် ၁၂/ဥကမ(နိုင်) ၂၁၈၁၁၂က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (ရန်ကုန်မြောက်ပိုင်း)၊ အင်းစိန်မြို့နယ်**

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 5B/3032 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန (ရွှာသာကြီး)**

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 3Q/6735 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း)**

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 8F/1446 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး (ပြင်ဦးလွင်)**

**ကန့်ကွက်နိုင်ပါသည်**

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ မင်္ဂလာဈေး၊ မြေညီထပ်၊ ဆိုင်အမှတ်(၁၈၆)၊ မူလအမည်ပေါက် ဒေါ်မသာနု ၁၁/စတန(နိုင်) ၀၃၇၁၂၉၏ မှတ်ပုံတင်စာအုပ်အမှတ်(S-13017)မှာ ပျောက်ဆုံးသွားပါသဖြင့် အသစ်လျှောက်ထားမည်ဖြစ်ရာ ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်းမူရင်းများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **ဒေါ်မသာနု**
**ဖုန်း-၀၉-၄၅၆၂၄၀၉၂၂**

**သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်နေ ဦးကျော်ကျော်နိုင်-ဒေါ်မိုးမိုးကြည် တို့၏သား မောင်မြတ်မင်းပိုင် ၁၂/အစန(နိုင်)၂၄၅၃၀၀သည် မိဘများအား စိတ်ဆင်းရဲအောင်ပြုလုပ်ပြီး ၎င်း၏သဘောဆန္ဒအလျောက် အိမ်ပေါ်မှဆင်းသွားပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ကြောင်းနှင့် နောက်နောင် ၎င်းနှင့်ပတ်သက်သော ကိစ္စများအား တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ကြောင်း။
**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။) ဒေါ်မိုးမိုးကြည် ၁၂/အစန(နိုင်)၀၀၅၆၄၀**

**ကန့်ကွက်နိုင်ပါကြောင်း**

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၂ / ၃ ၊ လူနေရပ်ကွက်အမှတ်(အဆင့်မြင့်)၊ သီရိမင်္ဂလာလမ်း၊ မြေကွက်အမှတ် ( ၄၇ )၊ ဒေါ်သိန်းဟံ (၁၂/ကမတ(နိုင်)၀၄၀၄၄၀) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအမျိုးအစား၊ အကျယ်အဝန်း ( ၆၀ပေ× ၅၀ပေ ) (၀.၀၆၈၈ဧက)ရှိ မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိအဆောက်အဦးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက် ဒေါ်သိန်းဟံ ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေ ဦးမြသိန်းထွန်းကဝယ်ယူရန်အတွက်စရံငွေပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အားကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍(၁၄)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဦးခင်မောင်ဦး
LL.B, D.B.L, D.I.L,
တရားလွှတ်တော်ရှေ့နေ (စဉ်-၈၈၅၂)

ဦးထိန်လင်းသန်း
LL.B, D.B.L, D.I.L, D.M.L,
တရားလွှတ်တော်ရှေ့နေ (စဉ်-၈၈၈၂)

Hein Htet San Law Firm ဖုန်း- ၀၉၅၅၀၆၁၄၆ ၊ ၀၉၅၅၀၄၂၆၅ ၊ ၀၉၄၅၀၀၁၇၁၃၆

**ကန့်ကွက်နိုင်ပါကြောင်း**

ရန်ကုန်တိုင်းဒေသကြီး၊သင်္ဃန်းကျွန်းမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်-(ရန်ကုန်သစ်)၊လူနေရပ်ကွက်အမှတ်(-)၊ အောင်ဇေယျ(၅)လမ်း၊ မြေကွက်အမှတ်(၄၁၆/က)၊ ဒေါ်သန်းဝင်း (၁၂/သဃက(နိုင်)၀၈၄၁၇၄) အမည်ပေါက် နှစ်(၆၀)ဂရန်မြေ အမျိုးအစား၊ အကျယ်အဝန်း (၂၀ပေ× ၆၀ပေ) (၀.၀၂၇၅ဧက)ရှိ မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦးအပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အဆိုပြုသူ ဒေါ်ဝတ်ရည်ဝင်း၊ (၁၂/သဃက (နိုင်)၁၅၄၃၅၁) ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်ခင်ခင်ထွေးက ဝယ်ယူရန်အတွက် စရံငွေပေးချေထားပြီးဖြစ်ပါသည် အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့် အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဦးခင်မောင်ဦး
LL.B, D.B.L, D.I.L,
တရားလွှတ်တော်ရှေ့နေ (စဉ်-၈၈၅၂)

ဦးထိန်လင်းသန်း
LL.B, D.B.L, D.I.L, D.M.L,
တရားလွှတ်တော်ရှေ့နေ (စဉ်-၈၈၈၂)

Hein Htet San Law Firm ဖုန်း- ၀၉၅၅၀၆၁၄၆ ၊ ၀၉၅၅၀၄၂၆၅ ၊ ၀၉၄၅၀၀၁၇၁၃၆

**ကန့်ကွက်နိုင်ပါသည်**

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ပထမထပ်၊ ဆိုင်အမှတ်(၆၁၆)၊ မူလအမည်ပေါက် ဒေါ်အေးအေးခိုင် ၁၁/စတန(နိုင်) ၀၀၀၃၈၀၏ မှတ်ပုံတင်စာအုပ်အမှတ်(S-13937)မှာ ပျောက်ဆုံးသွားပါသဖြင့် အသစ်လျှောက်ထားမည်ဖြစ်ရာ ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်းမူရင်းများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **ဒေါ်အေးအေးခိုင်**
**ဖုန်း-၀၉-၂၅၃၆၃၂၂၅၅**

**အမည်ပြောင်း**

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက်၊ ခွာညို(၅)လမ်းနေ ဦးစောလှ၏သား မောင်ကျော်စိုးနိုင်အား မောင်ကျော်စောနိုင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မောင်ကျော်စောနိုင်**

**ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 3J/2121၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)**

**အများသိစေရန်ကြေညာခြင်း**

ကျွန်ုပ်၏အမှုသည်ဖြစ်သူ ဒေါ်မြတ်နိုးဝေ ၁၂/ပဇတ(နိုင်)၀၃၃၂၇၆ နှင့် ဦးရဲရင့်မောင် ၁၂/ပဇတ(နိုင်)၀၂၈၉၉၈ တို့သည် ၂၀၀၅ ခုနှစ်တွင် လက်ထပ်ထိမ်းမြားခဲ့ပြီး သားတစ်ဦးမွေးဖွားခဲ့သော်လည်း ဦးရဲရင့်မောင်သည် ၂၀၀၇ ခုနှစ်ကတည်းက နိုင်ငံရပ်ခြားသို့ ထွက်ခွာသွားခဲ့ပါသည်။ ထိုအချိန်မှစ၍ ယနေ့အထိ ဇနီးနှင့်သားအား အဆက်အသွယ်ပြုလုပ်ခဲ့ခြင်းမရှိသည်မှာ (၁၁)နှစ်တိုင်ရှိပြီဖြစ်ပါသည်။ ထို့ကြောင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခင်ပွန်းအဖြစ်မှ မသက်ဆိုင်တော့ပါကြောင်း ဦးရဲရင့်မောင်နှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်လင်းအေး (တရားလွှတ်တော်ရှေ့နေ၊ စဉ်-၉၇၃၁)**
**အခန်း -၃၊ (၇)လွှာ၊ Strand Condo၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၅၀၇၂၁၈၅၊ ၀၉-၇၆၅၀၇၂၁၈၅**

**အများသိစေရန်ကြေညာချက်**

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ပုသိမ်ညွန့်(၆)လမ်း၊ အမှတ် ၃၀ မြေကွက်ပေါ်ရှိ ခြောက်ထပ်အဆောက်အအုံ၏ ပထပ်(မှန်ခန်း) ခေါင်းရင်း(ဝဲ)နှင့် ခြေရင်း(ယာ)၊ ဧရိယာ ၁၂ $\frac{1}{2}$×၅၀ ပေရှိ ရေ၊ မီးစုံ တိုက်ခန်းနှစ်ခန်း၏ အကျိုးခံစားခွင့်များအားလုံးတို့ကို မြေအမည်ပေါက် ဒေါ်မြင့်ရီ ၁၂/မဂတ(နိုင်)၀၅၀၉၅၆ထံမှ ၂၁-၁၂-၂၀၁၈ ရက်တွင် ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူခဲ့ပြီးဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်အေးအေးသန်း ၁၂/တမန(နိုင်)၀၂၉၇၄၄ ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်တင်တင်ဝင်း LL.B**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၇၇၀၂)(၂၀-၅-၂၀၁၂)**
**ဖုန်း-၀၉-၅၁၁၂၁၄၉**

**အများသိစေရန် ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၂)ရပ်ကွက်၊ ရွှေဥဒေါင်း(၂)လမ်း၊ မြေကွက်အမှတ် (၆၉၈)၊ နှစ် ၆၀ မြေငှားဂရန်မြေအမျိုးအစား၊ (၄၀'×၆၀') အကျယ်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ဂရန်အမည်ပေါက် ဒေါ်စီစီအမည်ပေါက်သောမြေကွက်ဖြစ်၍ ယင်းမြေကွက်၏ တရားဝင်မခွဲမစိတ်ရသေးသော ခြေရင်းဘက်ခြမ်း(၂၀ပေ×၆၀ပေ)အကျယ်မြေကွက်နှင့်တကွ အကျိုးခံစားခွင့်များအရပ်ရပ်အားလုံးတို့ကို ၂၈-၅-၂၀၁၅ ရက်စွဲပါ သေတမ်းစာအရ လက်ဝယ်ရရှိပိုင်ဆိုင်ထားသူများက လွှဲပြောင်းလက်ဝယ်ရရှိပိုင်ဆိုင်ထားကာ ရောင်းချပိုင်ခွင့်အပြည့်အဝရှိကြောင်း တာဝန်ယူဝန်ခံလျက် ရောင်းချရန်ကမ်းလှမ်းလာသည်ကို ကျွန်ုပ်တို့၏မိတ်ဆွေကဝယ်ယူရန် မြေကွက်ဖိုးငွေတစ်စိတ်တစ်ဒေသအဖြစ် စရန်ငွေတချို့အဝက်ကို ပေးချေထားပြီးဖြစ်ရာ အရောင်းအဝယ်ပြုလုပ်သည်ကို ကန့်ကွက်လိုပါက ယင်းမြေကွက်နှင့်ပတ်သက်၍ အကျိုးခံစားခွင့်များရှိသည်ဟု အဆိုရှိသူ မည်သူမဆိုခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများ၊ တရားဝင်မှတ်ပုံတင်စာချုပ်စာတမ်းမူရင်းများ၊ တရားရုံးအမိန့်ဒီကရီမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ရုံးလုပ်ငန်းကိစ္စရပ်များကို ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စပြီးဆုံးအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးစွမ်းထက်ပိုင် (အထက်တန်းရှေ့နေ) LL.B (၄၀၇၉၅) ဖုန်း-၀၉-၄၃၀၉၄၆၇၂**
**တိုက်(၁၄)၊ အခန်း(B-1/B-2)၊ မဟာမြိုင်အိမ်ရာ၊ (၄၁/တိုးချဲ့)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်**

**စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန**
**ပြည်တွင်းအခွန်များဦးစီးဌာန**
**အောင်ဘာလေသိန်းဆုဌာနခွဲ**
**ကြေညာချက်**
**(ရက်စွဲ၊ ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီ လ ၁၇ ရက်)**

၁။ ၂၀၁၉ ခုနှစ်၊ မတ် လ (၁)ရက်နေ့တွင် ကျင်းပမည့် (၂၄)ကြိမ်မြောက် ကျပ် ၅၀၀ တန် အောင်ဘာလေသိန်းဆုဖွင့်ပွဲအတွက် ထီလက်မှတ်များကို **"က"အက္ခရာမှ အစဉ်လိုက် "ဠ"အက္ခရာထိ**အက္ခရာ(၁၂)လုံးရောင်းချခဲ့ ပါသည်။

၂။ (၂၄)ကြိမ်မြောက် ကျပ် ၅၀၀ တန် အောင်ဘာလေသိန်းဆုဖွင့်ပွဲအတွက် ရောင်းချရသည့်အက္ခရာမှာ (၁၂)လုံး ဖြစ်၍ ၊ ထီစာအုပ်(၉၈၁၈၁၆)အုပ်ဖြစ်ပြီး၊ ထီလက်မှတ် စောင်ရေမှာ ( ၁၀၇၉၉၉၇၆ )စောင် ဖြစ်ပါသည်။

၃။ ထီလက်မှတ်စာအုပ် ရောင်းရငွေမှာ ကျပ်သန်းပေါင်း(၄၉၀၉.၀၈၀) ဖြစ်သဖြင့် ၆၀% ထီဆုငွေအဖြစ် ခွဲဝေချီးမြှင့်ပေးမည့် ထီဆုငွေမှာ ကျပ်သန်းပေါင်း (၂၉၄၅.၄၄၈) ဖြစ်ပါသည်။

၄။ ခွဲဝေချီးမြှင့်ပေးမည့် ထီဆုငွေများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) <u>အထူးဆုကြီးစနစ်</u>
- (၁) ကျပ်သိန်းတစ်သောင်း = (၁) ဆု
- (၂) ကျပ်သိန်းတစ်ထောင် = (၁) ဆု

(ခ) <u>ဆုတစ်ဆုချင်းစနစ်</u>
- (၁) ကျပ်သိန်းငါးရာ = (၁) ဆု
- (၂) ကျပ်သိန်းသုံးရာ = (၁) ဆု
- (၃) ကျပ်သိန်းတစ်ရာ = (၃) ဆု
- (၄) ကျပ်သိန်းငါးဆယ် = (၆) ဆု
- (၅) ကျပ်သိန်းသုံးဆယ် = (၁၀) ဆု
- (၆) ကျပ်ဆယ်သိန်း = (၂၉) ဆု

(ဂ) <u>ဝေဝေဆာဆာပဒေသာဆုစနစ်</u>
- (၁) ကျပ် သုံးသိန်း = (၂၀) ဆု
- (၂) ကျပ် နှစ်သိန်း = (၂၀၀) ဆု
- (၃) ကျပ် တစ်သိန်း = (၁၀၀၀) ဆု
- (၄) ကျပ် ငါးသောင်း = (၃၀၀၀၀) ဆု

**စုစုပေါင်း = (၃၁၂၇၂) ဆု**

၅။ (၂၄)ကြိမ်မြောက် ကျပ် ၅၀၀ တန် အောင်ဘာလေသိန်းဆုဖွင့်ပွဲကို (၁.၃.၂၀၁၉)ရက်နေ့ (သောကြာနေ့)၊ နံနက် (၈)နာရီ အချိန်တွင် အမှတ် ၃၈၄၊ မဟာဗန္ဓုလလမ်းနှင့် ၃၇ လမ်းထောင့်၊ ကျောက်တံတားမြို့နယ်ရှိ အောင်ဘာလေသိန်းဆုဌာနခွဲ၊ ထီဖွင့်ပွဲခန်းမ၌ ကျင်းပပေးသွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။


မူးလျှင်ရှူ-မောလျှင်သောက်
TMR000849(0519)
ကြော်ငြာခွင့် ပြုချက်အမှတ် - ဘဆဝတ (စာနယ်ဇင်း)၁၄၅/၀၁၁၈
ရွှေမှုန်းကြောင် အမှတ်တံဆိပ်
ပန်းပေါင်းစုံ သွေးဆေး
အမူးအမောများခြင်း၊ ထိုင်မော၊ ထမောဖြစ်ခြင်း၊ နှစ်ခြိုက်စွာအိပ်မပျော်ခြင်း၊
အစားအသောက်ပျက်ခြင်း၊ အသားအရေစိုပြေမှုကင်းခြင်း၊ တင်းတိပ်ထွက်ခြင်း၊
မီးယပ်ကွက်များထွက်ခြင်းနှင့် မီးယပ်သွေးဆုံးရောဂါများအတွက်
မြန်မာ့ဆေးစွမ်းကောင်း
ဖြန့်ချိရေး - အမှတ်(၁၀၂)၊(၃၈)လမ်းအောက်၊ရန်ကုန်မြို့ ဖုန်း - ၀၁ - ၃၇၆၈၀၈၊ ၅၄၉ ၀၄၂၊ ၅၉၀၀၃၄၊


**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 7I/8522 Nissan Candor; Truck ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန (ရွာသာကြီး)**

**ကန့်ကွက်နိုင်ပါကြောင်း**

ယာဉ်အမှတ် ၁C/၉၀၆၀ Nissan ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ဝင်း ၉/မနမ(နိုင်)၁၁၀၅၇၆ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ တောင်ကြီး**

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း**

နေပြည်တော်၊ ဒက္ခိဏခရိုင်၊ ဇမ္ဗူသီရိမြို့နယ်၊ ရွှေကြာပင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၄/ရွှေကြာပင်)၊ ဦးအောင်ကျော်အမည်ပေါက် မြေကွက်အမှတ် (၃၆၄)၊ ဧရိယာ ၀ ဒသမ ၀၈၂ဧကရှိ ပါမစ်မြေကွက်အား ဒေါ်ဘေဘီစန်း (ဘ)ဦးကြည်ညွန့် ၁၂/သဃက(နိုင်)၁၃၂၀၇၆ မှ မြေပေးမိန့်၊ အရောင်းအဝယ်စာချုပ်၊ တရားရုံးကျမ်းကျိန်လွှာအမှတ် (၉၀၃/၂၀၁၈)၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများ တင်ပြပြီး မြေငှားစာချုပ်သစ်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။
**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

**သထုံမြို့နယ်အသင်း (ရန်ကုန်)**
**၂၀၁၈ ခုနှစ် နှစ်ပတ်လည်အစည်းအဝေးနှင့် သက်ကြီးပူဇော်ပွဲအခမ်းအနား ဖိတ်ကြားလွှာ**

သထုံမြို့နယ်အသင်း(ရန်ကုန်)၏ ၂၀၁၈ ခုနှစ် နှစ်ပတ်လည်အစည်းအဝေးနှင့် သက်ကြီးပူဇော်ပွဲအခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါ၍ အသင်းဝင်များနှင့်အသင်းမဝင်ရသေးသော ရန်ကုန်မြို့ရောက် သထုံသူ/သထုံသားများအားလုံး မပျက်မကွက်တက်ရောက်နိုင်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျင်းပမည့်ရက်** - ၂၄-၂-၂၀၁၉ ရက် (တနင်္ဂနွေနေ့)
၁၃၈၀ ပြည့်နှစ် တပို့တွဲလပြည့်ကျော် ၅ ရက်
**ကျင်းပမည့်အချိန်** - နံနက် ၉ နာရီ
**ကျင်းပမည့်နေရာ** - သထုံမြို့နယ်အသင်းဓမ္မာရုံ၊ မဟာဝိဇယစေတီကုန်းမြေ

ရန်ကုန်မြို့နေ အသင်းဝင်နှင့် အသင်းဝင်၏မိဘ အသက်(၇၅)နှစ်အထက် ဘိုးဘွားများစာရင်းကို ဥက္ကဋ္ဌ ဦးခင်မောင်ပြုံး ဖုန်း-၀၉-၅၁၅၀၃၃၇၊ ဒုဥက္ကဋ္ဌ ဦးစန်းလွင် ဖုန်း-၀၁-၅၇၈၇၁၇၊ အတွင်းရေးမှူး ဦးတင်ထွန်း ဖုန်း-၀၉-၂၅၀၀၀၁၆၃၉၊ အမှုဆောင် ဖုန်း-၀၉-၅၁၄၀၁၅၉၊ ဒေါ်ချိုချို ဖုန်း-၀၁-၅၁၀၁၇၅၊ ၀၉-၇၆၅၀၈၆၉၃၁ နှင့် နီးစပ်ရာအမှုဆောင်များထံသို့ အသက်အထောက်အထားအတွက် မှတ်ပုံတင်မိတ္တူနှင့်အတူ ၂၀-၂-၂၀၁၉ ရက် နောက်ဆုံးထား၍ ပေးပို့ရန်ဖြစ်ပါသည်။ သတ်မှတ်ရက်အချိန်မီ အမည်စာရင်းအထောက်အထားများကို ပေးပို့ရန် ထပ်မံနိုးဆော်အပ်ပါသည်။ (တက်ရောက်သူ ဧည့်ပရိသတ်များအား သထုံမုန့်ဟင်းခါးနှင့် ထမင်းဝါဖြင့် ဧည့်ခံပါမည်။)

**အမှုဆောင်အဖွဲ့**

**မြစ်ကြီးနားတက္ကသိုလ် ရူပဗေဒမိသားစု၏ (ပထမအကြိမ်) အာစရိယပူဇော်ပွဲ**

၂၂-၄-၂၀၁၉ ရက် နံနက် ၉း၀၀ နာရီတွင် မြစ်ကြီးနားတက္ကသိုလ်၌ ကျင်းပပါမည်။ သို့ဖြစ်ပါ၍ (၁၉၆၃-၂၀၁၈) ရူပဗေဒအထူးပြု (နေ့+အဝေးသင်)ကျောင်းသား/သူများ ဆက်သွယ်တက်ရောက်ပေးကြပါရန် ခင်မင်စွာ ဖိတ်ကြားအပ်ပါသည်။

**ဆက်သွယ်ရန်-**

| | | |
|---|---|---|
| ကိုချစ်ကျော် | (၈၂) | ဖုန်း-၀၉-၇၆၆၇၃၃၆၇၆၊ |
| ကိုဇော်မြင့်နိုင် | (၈၄) | ဖုန်း-၀၉-၄၅၂၅၃၃၅၅၈၊ |
| ကိုထွေးဝင်း(ဖိုးရှုပ်) | (၈၅) | ဖုန်း-၀၉-၄၃၁၉၉၉၅၆၊ |
| Kထုအောင် | (၈၂) | ဖုန်း-၀၉-၄၀၁၈၀၀၃၆၉၊ |
| ခင်ခင်သန်း | (၈၃) | ဖုန်း-၀၉-၇၉၃၅၈၇၀၉၇၊ |
| ကိုတူးခေါင် | (၉၄) | ဖုန်း-၀၉-၄၀၁၅၉၅၆၉၆၊ |
| မနွယ်နွယ်စိမ်း | (၉၃) | ဖုန်း-၀၉-၄၀၀၀၄၁၈၉၉ |

**ရူပဗေဒမိသားစု**
**မြစ်ကြီးနားတက္ကသိုလ်**


**River Art**
**(နွေပန်းချီ)**

အခြေခံပန်းချီအပြင် ပထဝီ၊ သိပ္ပံ (ကျောင်းပုံ)များကို စနစ်တကျ သင်မည်။ ၉/၁၀ ဘိုင်အို ပုံဆွဲသီးသန့်ရှိသည်။
1. No (210), 4A, မဟာဗောဓိ ၂လမ်း၊ အထက (၅) ကမာရွတ်အနီး။
2. No. (27), 4A, ဦးထွန်းလင်းခြံလမ်း လှည်းတန်းမီးပွိုင့်အနီး။

**Art Tr. Hla Thidawin**
**ဖုန်း-၀၉-၅၀၉၁၈၇၃**


**ကန့်ကွက်နိုင်ပါကြောင်း**

ရွှေကူမြို့၊ အမှတ်(၄)ရပ်ကွက်၊ အကွက်အမှတ် (၁-ရေပုံကြီး) ဦးပိုင် (၁၂)၊ ဧရိယာ ၀ ဒသမ ၁၅၇ ဧကရှိ ဦးအုန်းမြင့်အမည်ပေါက် မြေငှားဂရန်တွင် သား ဦးမျိုးထွဋ်အုန်း ၁/ရကန(နိုင်)၀၂၉၄၃၆ အမည်ထပ်မံဖြည့်စွက်ပြီး အမည်ပြောင်းမြေငှားဂရန်လျှောက်ထားမည်ဖြစ်ပါ၍ ကန့်ကွက်လိုပါက ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း။

**ဦးအုန်းမြင့်၊ ဦးမျိုးထွဋ်အုန်း**

**ကန့်ကွက်နိုင်ပါကြောင်း**

ဗန်းမော်မြို့၊ ခွန်သာရပ်ကွက်၊ အကွက်အမှတ် (၃၆)၊ ဦးပိုင်(၈၉)၊ ဧရိယာ ၀ ဒသမ ၀၅၈ ဧကအမည်ပေါက်ရရှိသူ ဒေါ်သိန်းအမည်မှ မြေး ဒေါ်ခင်ဝိုင်း ၁/ဗမန(နိုင်)၀၀၃၃၂၁၊ ဒေါ်အေးအေးခိုင် ၁/ဗမန(နိုင်)၀၀၃၅၆၇ အမည်သို့ အမည်ပြောင်းမြေငှားဂရန် လျှောက်ထားမည်ဖြစ်ပါ၍ ကန့်ကွက်လိုပါက ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း။

**ဒေါ်ခင်ဝိုင်း၊ ဒေါ်အေးအေးခိုင်**


အုံဆိပ်ကမ်း၊ အုံတောင်
အုံမြောက်၊ အုံအရှေ့
မြို့နယ်များရှိ မြေကွက်များ
ဝယ်လိုသည်။ ပိုင်ရှင်ကိုယ်တိုင်
ဆက်သွယ်ပါ။ ( ပွဲခပေးရန်မလိုပါ )
09 260 664 480
09 260 664 490



ဗုဒ္ဓ ဓမ္မ သံဃ
ခေတ်မြန်မာဆေးသုတ်အဖွဲ့
Unitex 1'x1' = 250
Orient 1'x1' = 280
Premier 1'x1' = 350
Nippon, Dulux, Jotun 1'x1' = 450
ပတ်တီး(၂)ထပ်၊ Sealer (၂)ထပ် ဆေး(၃)ထပ်
လူကြီးမင်းတို့ စိတ်တိုင်းကျသည်အထိ အာမခံဖြင့် ဆောင်ရွက်ပေးသည်
Ph: 09 796211925, 09 786590818


**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၃၆ယ/၇၆၀၃၅ Honda Scoopyi 110, MC ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းမြင့်နိုင် ၉/မရတ(နိုင်)၀၁၃၂၄၄ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

## စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
## ပြည်တွင်းအခွန်များဦးစီးဌာန
## အောင်ဘာလေသိန်းဆုဌာနခွဲ
## ကြေညာချက်
**(ရက်စွဲ၊ ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၇ ရက်)**

၁။ ၂၀၁၉ ခုနှစ်၊ မတ် လ (၁)ရက်နေ့တွင် ကျင်းပမည့် (၁)ကြိမ်မြောက် ကျပ် ၁၀၀၀ တန် အောင်ဘာလေသိန်းဆုဖွင့်ပွဲအတွက် ထီလက်မှတ်များကို **"က"အက္ခရာမှ အစဉ်လိုက် "အ"အက္ခရာထိ** အက္ခရာ(၃၃)လုံးနှင့် **"ကက"အက္ခရာမှအစဉ်လိုက်"ကဆ"အက္ခရာထိ** အက္ခရာ(၇)လုံး၊စုစုပေါင်းအက္ခရာ(၄၀)လုံးရောင်းချခဲ့ ပါသည်။

၂။ (၁)ကြိမ်မြောက် ကျပ် ၁၀၀၀ တန် အောင်ဘာလေသိန်းဆုဖွင့်ပွဲအတွက် ရောင်းချရသည့် အက္ခရာမှာ (၄၀)လုံး ဖြစ်၍ ၊ ထီစာအုပ်(၃၂၇၂၇၂၀) အုပ်ဖြစ်ပြီး၊ ထီလက်မှတ် စောင်ရေမှာ ( ၃၅၉၉၉၉၂၀ ) စောင် ဖြစ်ပါသည်။

၃။ ထီလက်မှတ်စာအုပ် ရောင်းရငွေမှာ ကျပ်သန်းပေါင်း(၃၂၇၂၇.၂၀၀) ဖြစ်သဖြင့် ၆၀% ထီဆုငွေအဖြစ် ခွဲဝေ ချီးမြှင့်ပေးမည့် ထီဆုငွေမှာ ကျပ်သန်းပေါင်း (၁၉၆၃၆.၃၂၀) ဖြစ်ပါသည်။

၄။ ခွဲဝေချီးမြှင့်ပေးမည့် ထီဆုငွေများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

| | | | | |
|---|---|---|---|---|
| (က) | <u>အထူးဆုကြီးစနစ်</u> | | | |
| | (၁) | ကျပ်သိန်းတစ်သောင်းငါးထောင် | = | (၁) ဆု |
| | (၂) | ကျပ်သိန်းငါးထောင် | = | (၃) ဆု |
| | (၃) | ကျပ်သိန်းနှစ်ထောင် | = | (၅) ဆု |
| | (၄) | ကျပ်သိန်းတစ်ထောင် | = | (၅) ဆု |
| (ခ) | <u>ဆုတစ်ဆုချင်းစနစ်</u> | | | |
| | (၁) | ကျပ်သိန်းငါးရာ | = | (၄) ဆု |
| | (၂) | ကျပ်သိန်းနှစ်ရာ | = | (၅) ဆု |
| | (၃) | ကျပ်သိန်းတစ်ရာ | = | (၆) ဆု |
| | (၄) | ကျပ်သိန်းငါးဆယ် | = | (၆) ဆု |
| | (၅) | ကျပ်သိန်းနှစ်ဆယ် | = | (၇) ဆု |
| | (၆) | ကျပ်ဆယ်သိန်း | = | (၁၁) ဆု |
| | (၇) | ကျပ်ငါးသိန်း | = | (၄၂) ဆု |
| (ဂ) | <u>ဝေဝေဆာဆာပဒေသာဆုမဲစနစ်</u> | | | |
| | (၁) | ကျပ် သုံးသိန်း | = | (၂၀၀) ဆု |
| | (၂) | ကျပ် နှစ်သိန်း | = | (၂၂၀၀) ဆု |
| | (၃) | ကျပ် တစ်သိန်း | = | (၂၂၀၀၀) ဆု |
| | (၄) | ကျပ် ငါးသောင်း | = | (၂၄၀၀၀၀) ဆု |
| | | **စုစုပေါင်း** | = | (၂၆၄၄၉၅) ဆု |

၅။ (၁)ကြိမ်မြောက် ကျပ် ၁၀၀၀ တန် အောင်ဘာလေသိန်းဆုဖွင့်ပွဲကို (၁.၃.၂၀၁၉)ရက်နေ့ (သောကြာနေ့)၊ နံနက် (၈)နာရီ အချိန်တွင် အမှတ် ၃၈၄၊ မဟာဗန္ဓုလလမ်းနှင့် ၃၇ လမ်းထောင့်၊ ကျောက်တံတားမြို့နယ်ရှိ အောင်ဘာလေသိန်းဆုဌာနခွဲ၊ ထီဖွင့်ပွဲခန်းမ၌ ကျင်းပပေးသွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

---

**အကောက်ခွန်ဝန်ထမ်းဟောင်းများအသင်း**
**(၃၄)ကြိမ်မြောက်နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး**
## ဖိတ်ကြားလွှာ

အကောက်ခွန်ဝန်ထမ်းဟောင်းများအသင်း၏ သင်းလုံးကျွတ်နှစ်ပတ်လည် အစည်းအဝေးအခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည် ဖြစ်ပါ၍ အသင်းဝင်များ မပျက်မကွက်ကြွရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည် (သီးခြားဖိတ်စာမပို့ပါ)-

(အသင်းမဝင်ရသေးသော ဝန်ထမ်းဟောင်းများလည်း တက်ရောက်နိုင်ပါကြောင်းနှင့် အသင်းဝင်လိုပါက ချက်ချင်းပြီးစီးအောင်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း ဖိတ်ကြားအသိပေးအပ်ပါသည်။)

**ကျင်းပမည့်ရက်** - ၂၄-၂-၂၀၁၉ရက် (တနင်္ဂနွေနေ့)
**ကျင်းပမည့်အချိန်** - နံနက် ၈း၀၀နာရီ အကျွေးအမွေးဖြင့် ဧည့်ခံခြင်း။
နံနက် ၉း၀၀နာရီ အစည်းအဝေးစတင်ကျင်းပခြင်း။
**ကျင်းပမည့်နေရာ** - အကောက်ခွန်သင်တန်းကျောင်းခန်းမ၊ လမ်း(၅၀)၊ ဗိုလ်တထောင်မြို့နယ်။

**အလုပ်အမှုဆောင်အဖွဲ့**

---

**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**
**လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ ချင်းပြည်နယ်**
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ ချင်းပြည်နယ်၊ ဟားခါးမြို့မှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ပြည်နယ်အစိုးရ ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ဓာတ်အားခွဲရုံနှင့် ဓာတ်အားလိုင်းတည်ဆောက်ရေးလုပ်ငန်းများအား အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

၂။ **တင်ဒါစတင်ရောင်းချမည့်ရက်** - ၁၅-၂-၂၀၁၉ရက်
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၁၄-၃-၂၀၁၉ရက် ၁၂း၀၀နာရီ

၃။ တင်ဒါနှင့်ပတ်သက်၍ သိရှိလိုသည့်အချက်များရှိပါက ဖုန်း-၀၇၀-၂၁၉၄၄ သို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

---

## ပျောက်ဆုံးကြောင်း
ကျွန်တော် မောင်တင်ကိုကိုဇော် ၁၃/တကန(နိုင်)၀၀၄၃၅၅ ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ) သည်ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိအကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၉၆၂၃၂၅၀၈၃**

## ပျောက်ဆုံးကြောင်း
ကျွန်တော် ခွန်သန်းမောင် ၁၃/ကတလ(နိုင်)၀၁၂၃၄၂ ၏နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိအကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၈၉၇၉၀၂၇၉၁**

## ပျောက်ဆုံးကြောင်း
ကျွန်တော် မောင်သန်းထွန်း ၁၃/တယန(နိုင်)၀၄၂၇၄၇ ၏နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိအကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၅၈၀၀၀၀၁၂**

## ဖခင်အမည်မှန်
၂၀၁၈-၂၀၁၉ ပညာသင်နှစ် မိုင်းကိုင်မြို့၊ အထက သတ္တမတန်းမှ မောင်မြင့်ဦး၊ ပဉ္စမတန်းမှ မချယ်ရီဖွေးတို့၏ ဖခင်အမည်မှန်မှာ ဦး YAN SI LONG ၁၃/မကန(နိုင်)၀၀၀၂၆၁ ဖြစ်ပါကြောင်း။
**ဦး YAN SI LONG**

---

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း
မုံရွာမြို့၊ အိုးဘိုတောင်ရပ်ကွက်၊ အကွက်အမှတ်နှင့်အမည်(၃၃၁-အိုးဘိုတောင်အနောက်)၊ဦးပိုင်အမှတ်(၁၇လမ်း၊ A4-၁၆)၊ ဧရိယာ ၀ဒသမ၁၄၇ဧကအား ဒေါ်ညိုညိုလေးမှ မြေငှားဂရန်(အသစ်)လျှောက်ထားရာ ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူမဆို ယခုလျှောက်ထားခြင်းကိုဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ ကြော်ငြာသည့်ရက်မှစ၍ ရက်ပေါင်း ၁၅ ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား အထက်မြန်မာပြည်မြေနှင့်အခွန်စည်းမျဉ်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ မြေငှားဂရန်(အသစ်)ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။
**ကော်လီတွေ့ဖ်အရာရှိ**
**မုံရွာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း
မုံရွာမြို့၊ အေးသာယာရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့်အမည်(၁၂-အုံးခြံ)၊ ဦးပိုင်အမှတ် (၇၀)၊ ဧရိယာ ၀ဒသမ၀၈၆ဧကအား ဒေါ်ရီရီအမည်ဖြင့် မြေငှားဂရန်သက်တမ်းတိုးလျှောက်ထားလာရာ ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူမဆို ယခုလျှောက်ထားခြင်းကိုဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ ကြော်ငြာသည့်ရက်မှစ၍ ရက်ပေါင်း ၁၅ ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား အထက်မြန်မာပြည်မြေနှင့် အခွန်စည်းမျဉ်းဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ မြေငှားဂရန်သက်တမ်းတိုးခွင့်ပြုမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။
**ကော်လီတွေ့ဖ်အရာရှိ**
**မုံရွာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ
ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ ယင်းမာလမ်းသွယ်(၁)လမ်း၊ မြေတိုင်းရပ်ကွက်(ဇ-၃၂)၊ မြေကွက်အမှတ် (၇၆၇)၊ ၄၀'×၆၀' ရှိမြေကွက်နှင့်မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံကတိပြုသူ ဦးမိုးလွင် ၉/တသန(နိုင်)၀၈၂၇၀၃ ထံမှ ကျွန်တော် ဦးထင်အောင်ကျော် ၈/ခမန(နိုင်)၁၁၁၁၄၈ က အပြီးအပိုင်ဝယ်ယူရန် ၁၃-၂-၂၀၁၉ရက်တွင် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးအပ်ပြီးဖြစ်ပါသည်။ အရောင်းအဝယ်ကို အပြီးသတ်ငွေချေပြီး ဆက်လက်ဆောင်ရွက်မည်ဖြစ်ရာ အဆိုပါမြေကွက်၏ ပိုင်ဆိုင်အကျိုးခံစားမှုနှင့် တစ်နည်းနည်းဆက်စပ်ပတ်သက်နေသူများ ဤသတင်းစာကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် မိမိထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ကြောင်း သက်ဆိုင်သူများသိရှိစေရန် ကြေညာအပ်ပါသည်။
**ဦးထင်အောင်ကျော်**
**၈/ခမန(နိုင်)၁၁၁၁၄၈**
**ဖုန်း-၀၉-၉၇၂၆၁၈၈၀၈၊ ၀၁-၃၆၄၄၅၃၃**

---

**ပျောက်ဆုံးကြောင်း**
ကျွန်တော် မောင်မောင်ဦး ၂/ဖရဆ(နိုင်)၀၂၂၅၈၁ ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိအကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၂၅၀၆၂၁၇၂၂**

## ပျောက်ဆုံးကြောင်း
ကျွန်တော် မောင်နိုရယ် ၂/ဒမဆ(နိုင်)၀၄၈၈၇၉၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိအကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၂၅၀၆၂၁၇၂၂**

## ပျောက်ဆုံးကြောင်း
ကျွန်တော် မောင်ကျော်သူလင်း ၁၃/တကန(နိုင်)၂၇၀၁၈၅ ၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိအကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၉၇၀၇၃၇၇၂**

## ပျောက်ဆုံးကြောင်း
ကျွန်တော် မောင်ယီ ၁၃/တကန(နိုင်)၂၂၄၂၁၄ ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိအကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၂၆၈၅၁၃၁၈**

## ပျောက်ဆုံးကြောင်း
ကျွန်တော် မောင်ထွန်းရွှေ ၁၃/တကန(နိုင်)၀၄၉၉၆၂၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိအကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၀၀၅၁၄၃၆၉**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန် အသိပေးကြေညာခြင်း
မြစ်ကြီးနားမြို့၊ လယ်ကုန်းရပ်ကွက်၊ ကွင်းအမှတ်(၂၀က/၄)၊ ဦးပိုင်အမှတ်(၁၁/၁)၊ မြေဧရိယာ ၀ဒသမ၀၉ဧကရှိ နေအိမ်မြေကွက်ကို ဦးဂျာနော်အမည်ဖြင့် ၇-၈-၂၀၁၈ရက်ထိ ၁၅နှစ်ဂရန်ရရှိခဲ့ရာ ၁၀-၁၂-၂၀၀၃ရက်တွင် ဦးဂျာနော်ထံမှ ဒေါ်ဇယ်စေးကလည်းကောင်း၊ ၁၃-၂-၂၀၁၂ရက်တွင် ဒေါ်ဇယ်စေးထံမှ ဒေါ်လုစုရီကလည်းကောင်း၊ ၂၄-၈-၂၀၁၃ရက်တွင် ဒေါ်လုစုရီထံမှ ဒေါ်ကူယူရှန်းကလည်းကောင်း နှစ်ဦးသဘောတူ အရောင်းအဝယ်ကတိစာချုပ်ဖြင့် အဆင့်ဆင့်ဝယ်ယူပိုင်ဆိုင်ခဲ့ကြပြီး၊ ဝယ်ယူပိုင်ဆိုင်ခဲ့သူ ဒေါ်ကူယူရှန်း ၁/ဆဒန(ပြု)၀၀၀၇၂၃ အမည်ဖြင့် မြေငှားဂရန်အမည်ပြောင်း၊ အသစ်ရရှိရေးအတွက် ၈-၈-၂၀၁၈ရက်စွဲပါ ကျမ်းကျိန်လွှာ (၂၄၅/၂၀၁၈)ကို ၉-၈-၂၀၁၈ရက်စွဲပါ ကျမ်းကျိန်လွှာမှတ်ပုံတင်အမှတ် (၂၇၂/၂၀၁၈)တို့အဖြစ် ပြုဆိုတင်ပြလျက် လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း ယခုကြေညာစာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ မြေငှားဂရန်အမည်ပြောင်း၊ အသစ်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများပြည်သူသိစေရန် ကြေညာအပ်ပါသည်။
**မြို့နယ်အုပ်ချုပ်ရေးမှူး**
**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## ကန့်ကွက်နိုင်ပါကြောင်း
ပုသိမ်မြို့နယ်၊ ချောင်းသာမြို့၊ ကွင်းအမှတ် (၁၉၉၀)၊ ချောင်းသာကွင်းအကွက်၊ မြေကွက်အမှတ် (ဃ-၉၆)၊ ဧရိယာ ၀ဒသမ၀၅၆ဧကကို ဒေါ်နန်းခင်ထားရီ အမည်ဖြင့် မြေပေးမိန့်ထုတ်ပေးပါရန် လျှောက်ထားခြင်းနှင့်ပတ်သက်၍ ဤသတင်းစာတွင် ကြော်ငြာသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ကန့်ကွက်ရန်ရှိပါက ပုသိမ်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ အကျိုးအကြောင်းဖော်ပြ၍ လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်။
**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပုသိမ်မြို့နယ်**

# ရန်ကုန်မြင်းစီးအသင်း၏ (၄၆)နှစ်မြောက်အထိမ်းအမှတ် မြင်းစီးအားကစားပြိုင်ပွဲကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၁၆**

ရန်ကုန်မြင်းစီးအသင်း၏ (၄၆)နှစ်မြောက် အထိမ်းအမှတ်အဖြစ် မြင်းစီးအားကစားပြိုင်ပွဲကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်မြောက်ပိုင်းရှိ မြင်းစီးအားကစားကွင်း၌ ကျင်းပရာ အခမ်းအနားကို ပြည်သူ့အလုနှင့် အမျိုးသားအလုမြင်းများက အလုပြသပြီး အခမ်းအနားကို ဖွင့်လှစ်သည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ဥပဒေစိုးမိုးရေး၊ တိုင်ကြားစာနှင့် အသနားခံစာများ စိစစ်ရေးကော်မတီဥက္ကဋ္ဌ ဦးမြင့်လွင်၊ ရန်ကုန်မြင်းစီးအသင်းနာယက ဝဏ္ဏကျော်ထင် ဒေါက်တာခင်ရွှေ၊ ရန်ကုန်မြင်းစီးအသင်းဥက္ကဋ္ဌ ဦးအောင်မော်သိန်းတို့က အဖွင့်အမှာစကားပြောကြားကြသည်။

*စာမျက်နှာ ၁၁ ကော်လံ ၃* ❖



**တန်းခုန် မြင်းစီးပြိုင်ပွဲဝင် မြင်းကို တွေ့ရစဉ်။**

ဓာတ်ပုံ-ရဲမင်းထွန်း(ပြန်/ဆက်)

## ရူပဗေဒဘာသာရပ် ဆိုင်ရာ သိကောင်းစရာပါရှိ

၂၀၁၉ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများအတွက် အထောက်အကူပြုစေရန် ရူပဗေဒဘာသာရပ်ဆိုင်ရာ သိကောင်းစရာများကို ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၁၈၊ ၁၉ နှင့် ၂၀ တွင် ဖော်ပြထားပါသည်။

## တစ်မူထူးခြားအိုဘယ့်ရုပ်ရှင်ကား

စာ » ၉

## မြန်မာ ယူ-၁၆ အမျိုးသမီးအသင်း ဩစတြေးလျခရီးစဉ် နောက်ဆုံးခြေစမ်းပွဲ ယနေ့ကစားမည်

**ရန်ကုန် ဖေဖော်ဝါရီ ၁၆**

၂၀၁၉ အာရှ ယူ- ၁၆ အမျိုးသမီးခြေစစ်ပွဲ ဒုတိယအဆင့်အတွက် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် ဩစတြေးလျနိုင်ငံ၌ လေ့ကျင့်နေသည့် မြန်မာ ယူ- ၁၆ အမျိုးသမီးအသင်းသည် နောက်ဆုံးခြေစမ်းပွဲအဖြစ် ဖေဖော်ဝါရီ ၁၇ ရက်**(ယနေ့)** ညနေပိုင်းတွင် ဩစတြေးလျ ယူ- ၁၇ လက်ရွေးစင်အမျိုးသမီးအသင်းနှင့် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

မြန်မာ ယူ-၁၆ အမျိုးသမီးအသင်းသည် ဖေဖော်ဝါရီ ၁၅ ရက်က ဩစတြေးလျ ယူ- ၁၇ လက်ရွေးစင် အမျိုးသမီးအသင်းနှင့် ပထမခြေစမ်းပွဲယှဉ်ပြိုင်ကစားရာ လေးဂိုးပြတ် ရှုံးနိမ့်ခဲ့သည်။

မြန်မာယူ- ၁၆ အမျိုးသမီးအသင်းသည် ယခုပွဲတွင် ရလဒ်ထက် ကစားသမားများ အတွေ့အကြုံရရေးကို ဦးစားပေးခဲ့ပြီး ခေါ်ဆောင်သွားသည့် ကစားသမား ၂၃ ဦးစလုံး အသုံးပြုခဲ့သည်။

မြန်မာ ယူ- ၁၆ အမျိုးသမီးအသင်းသည် ပထမပိုင်းတွင် အမာခံကစားသမား အများစုဖြင့် ပွဲထွက်လာသောကြောင့် တစ်ဂိုးသာပေးခဲ့ရသော်လည်း ဒုတိယပိုင်းတွင် အရန်ကစားသမားများ လဲလှယ်ပြီးနောက်ပိုင်းတွင် သုံးဂိုးထိ ထပ်ပေးခဲ့ရခြင်းဖြစ်သည်။

မြန်မာ ယူ-၁၆ အမျိုးသမီးအသင်းသည် ဩစတြေးလျခရီးစဉ်တွင် တစ်ပွဲနိုင်၊ တစ်ပွဲရှုံးထားပြီး ပထမခြေစမ်းပွဲတွင် ဩစတြေးလျ ကလပ် ဘာရစ္စတိန်းရိုအာ လူငယ်အသင်းကို ခြောက်ဂိုးပြတ်အနိုင်ရထားကာ ဩစတြေးလျ ယူ-၁၇ အသင်းကို လေးဂိုးပြတ်ရှုံးနိမ့်ထားသည်။

မြန်မာ ယူ- ၁၆အမျိုးသမီးအသင်းသည် ဖေဖော်ဝါရီ ၉ ရက်ကတည်းက ဩစတြေးလျနိုင်ငံ၌ လေ့ကျင့်နေခြင်းဖြစ်ပြီး ဩစတြေးလျ ယူ- ၁၇ အသင်းနှင့် ဒုတိယပွဲ ကစားခြင်းဖြစ်သည်။

**ရဲရင့်ရှိုင်း**

## အာရှ ယူ-၁၉ အမျိုးသမီးခြေစစ်ပွဲတွင် မြန်မာအသင်း အုပ်စု (က) တွင် ကျရောက်

**ရန်ကုန် ဖေဖော်ဝါရီ ၁၆**

အာရှဘောလုံးအဖွဲ့ချုပ်သည် ၂၀၁၉ အာရှ ယူ-၁၉ အမျိုးသမီးခြေစစ်ပွဲဒုတိယ အဆင့်အုပ်စုများ ထုတ်ပြန်လိုက်ပြီဖြစ်ရာ မြန်မာအသင်းသည် အုပ်စု (က) တွင် ကျရောက်ခဲ့သည်။

ဒုတိယအဆင့်အုပ်စုတွင် အသင်းရှစ်သင်းဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး လေးသင်းနှစ်အုပ်စုခွဲထားကာအုပ်စု (က)တွင် ဩစတြေးလျ၊ ဥဇဘက် ကစ္စတန်၊ မြန်မာ၊ နီပေါ၊ အုပ်စု (ခ) တွင် တောင်ကိုရီးယား၊ ဗီယက်နမ်၊ အီရန်နှင့် လက်ဘနွန်အသင်းတို့ ပါဝင်နေသည်။

*စာမျက်နှာ ၁၂ ကော်လံ ၅* ●



ပထမအဆင့် ခြေစစ်ပွဲတွင် မြန်မာနှင့် လာအို ယှဉ်ပြိုင်စဉ်က တွေ့ရစဉ်။

ဓာတ်ပုံ- စိုးညွန့်


AR YU INTERNATIONAL HOSPITAL
GLOBAL CARE within reach

**အာယုနိုင်ငံတကာအဆင့်မီဆေးရုံကြီး၏ ဝန်ဆောင်မှုနှင့် အထောက်အပံ့များ**

- ထိုင်းနိုင်ငံ၏အယုံကြည်စိတ်ချရဆုံးဖြစ်သော ခွဲစိတ်ခွဲခန်းဆိုင်ရာနည်းပညာဝန်ဆောင်မှုနှင့် အထောက်အပံ့ပစ္စည်းများ
- သေချာစွာလေ့ကျင့်သင်ကြားထားသော ခွဲစိတ်ခွဲခန်းဆိုင်ရာဝန်ထမ်းများနှင့် ကျန်းမာရေးဝန်ထမ်းများရှိခြင်း
- ခမ်းနားသေသပ်လှပသော ဧည့်နားနေခန်းမ
- ထူးခြားသာလွန်ကောင်းမွန်၍ သက်တောင့်သက်သာရှိသော အတွင်းလူနာခန်းများ
- တစ်နေရာတည်းပြီးပြည့်စုံသော ကျန်းမာရေးစစ်ဆေးမှုစင်တာ
- ပင်မဆေးရုံအဆောက်အဦးနှင့်တိုက်ရိုက်ဆက်သွယ်ထားသော ကျယ်ဝန်းသည့်ကားရပ်နားရန်နေရာ
- ခေတ်မီစက်ကိရိယာများအသုံးပြုသည့်အတွက် ပိုမိုတိကျသေချာသော ရောဂါအဖြေများအားသိရှိနိုင်ခြင်း
- အတွေ့အကြုံများစွာရှိသည့် အထူးကုသမားတော်ကြီးများမှ စမ်းသပ်စစ်ဆေးကုသပေးခြင်း

**ပြင်ပလူနာဌာနတွင် အောက်ပါရောဂါအမျိုးမျိုးတို့အား စမ်းသပ်စစ်ဆေးကုသပေးလျက်ရှိပါသည်**

- နှလုံးနှင့်နှလုံးသွေးကြောဆိုင်ရာရောဂါများ
- ဦးနှောက်နှင့်အာရုံကြောဆိုင်ရာရောဂါများ
- အရိုး၊ အကြော၊ အဆစ်ဆိုင်ရာရောဂါများ
- အသည်းရောဂါအမျိုးမျိုး
- အဆုတ်နှင့်ရင်ခေါင်းဆိုင်ရာရောဂါများ
- သားဖွားနှင့်မီးယပ်ရောဂါများ
- ဆီးနှင့်ကျောက်ကပ်ဆိုင်ရာရောဂါများ
- အစာအိမ်နှင့်အူလမ်းကြောင်းဆိုင်ရာရောဂါများ
- အရေပြားရောဂါဆိုင်ရာရောဂါအမျိုးမျိုး
- ကလေးအထွေထွေရောဂါများ
- အထွေထွေရောဂါအမျိုးမျိုးတို့အား ခွဲစိတ်ကုသခြင်းနှင့် စမ်းသပ်စစ်ဆေးကုသပေးခြင်းတို့ဖြစ်ပါသည်။



အမှတ် - ၄၀၀၊ ကျိုက္ကဆံလမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့ (၀၁) ၉၃၇ ၆၂၀၀
www.aryuhospital.com